www.burmeseclassic.com

မြမှုံးခင်ခင်

# ကောင်းကင်သို့အနမ်း



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး [illegible] ဆန့်ကျင်ကြ။
★ နိုင်ငံ [illegible] နှောင့်ယှက်ဖျက်ဆီးသူများအား [illegible]
★ [illegible] ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား [illegible]
★ [illegible] ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

★ [illegible] ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
★ [illegible] ပြန်လည်စည်းလုံးညီညွတ်ရေး။
★ [illegible] ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
★ [illegible] ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော [illegible] တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။


**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် - ... ၅၀၀၀၉၆၀၁၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ... ၅၀၀၀၆၉၀၂၀၈

●

**ထုတ်ဝေသူ**

ဦးကျော်ဆန်း (မြ-၀၉၃၂၀)
ရဲအောင်စာပေ
အမှတ်(၂)၊ ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်။

●

**အဖုံး+အတွင်းပုံနှိပ်**

ဦးကျော်စိန် (ကျောက်စိမ်း)
၁၇၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

●

**ပုံနှိပ်ခြင်း**

ပထမအကြိမ်
မတ်လ၊ (၂၀၀၈)ခုနှစ်
**အုပ်ရေ** - ၅၀၀
**တန်ဖိုး** - ၈၀၀ ကျပ်

●

**ဖြန့်ချိရေး**

မြတ်ချို့နှယ်အောင် B.Sc (Chem:), Dip: of Computer Art
(အိုယွန်းယဉ်စာပေ)မှ ပြည်လုံးကျွတ်ဖြန့်ချိပါသည်။


www.burmeseclassic.com

www.burmeseclassic.com

# မြမှုံးခင်ခင်



# ကောင်းကင်သို့ . . . အနမ်း

## အခန်း(၁)

'ဟဲလို... ဟဲလို...'

'ဟဲလို... ပြောပါ'

'ကျွန်မ မင်းသား 'ဒေဝတာ'နဲ့ စကားပြောချင်လို့ပါ'

'အစ်မ ဘာကိစ္စရှိလို့လဲ'

'အစ်မက ရွှေပဒေရုပ်ရှင်မဂ္ဂဇင်းက အင်တာဗျူးဝါပါ၊ ရုပ်ရှင်မင်းသား ဒေဝတာနဲ့ အင်တာဗျူးချင်လို့ပါ'

'မင်းသားက ရိုက်ကွင်းဆင်းနေတယ်၊ မအားသေးပါဘူး'

'ဒါဆိုရင် ဘယ်နေ့လောက် အချိန်ပေးနိုင်ပါသလဲ'

'ဖုန်းဆက်ကြည့်ပါ အစ်မ၊ အားတဲ့နေ့တစ်နေ့နဲ့ကြုံရင် အင်တာဗျူးနိုင်ပါတယ်'

ကျွန်မဟာ ရွှေပဒေရုပ်ရှင်မဂ္ဂဇင်းရဲ့ အင်တာဗျူးဆောင်းပါးများကို တာဝန်ယူထားရသူပါ။ စာရေးဆရာမ 'ယွန်းနဒီ' ဆိုရင် အားလုံးက သိကြပါတယ်။

ဓိုယွန်းယှဉ်တဝေ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ရွှေပဒေ ရုပ်ရှင်မဂ္ဂဇင်းဟာ ကျွန်မနဲ့ အမေ တည်ထောင်ထားတဲ့ မဂ္ဂဇင်းတစ်ခုပါ။ ရုပ်ရှင်မဂ္ဂဇင်းဖြစ်လို့ ရုပ်ရှင်မင်းသား၊ မင်းသမီးများနဲ့ အင်တာဗျူးအခန်းများနဲ့ ဝေဝေဆာဆာ ထည့်သွင်းထားပါတယ်။

ဒါကြောင့် အခုခေတ်မှာ နာမည်ကျော်ကြား လူကြိုက်များနေတဲ့ မင်းသားဒေဝတာနဲ့ အင်တာဗျူးဖို့ ကျွန်မ အမျိုးမျိုးကြိုးစားခဲ့ပါတယ်။

အခုလည်း သူတို့ ကန်တော်ကြီးမှာ ရိုက်ကွင်းရှိတယ်ဆိုလို့ ကျွန်မ ရောက်ခဲ့တယ်။ ဒေဝတာကို တွေ့တယ်။ သူဟာ ကမ်းစပ်နားက ကုလားထိုင်မှာထိုင်ပြီး ဒိုင်ယာလော့(ခ်)တွေ ကျက်နေတယ်။ သူထိုင်တဲ့ ဘေးကခုံပုကလေးပေါ်မှာ ဟမ်းဖုန်း တင်ထားတာ တွေ့ရတယ်။ ကျွန်မဟာ သူနဲ့ မနီးမဝေးမှာ ရောက်နေပါပြီ။

ကျွန်မက ဖုန်းမဆက်ဘဲ သူ့အနားကိုသွားပြီး အင်တာဗျူးသွင်ချင်တာ။ မလေးစားဘူးလို့ ယူဆမှာစိုးတဲ့အတွက် သူ့ရဲ့ ဟမ်းဖုန်းကို လှမ်းဆက်လိုက်တယ်။

ဟော··· သူ့ရဲ့ဟမ်းဖုန်းမှာ အသံမြည်နေပြီ။ မင်းသားက ဟန်မပျက်ထိုင်နေဆဲပဲ။ ဟမ်းဖုန်းက တီးလုံးကလေး ပေါ်



ထွက်လာတော့ မင်းသားရဲ့မန်နေဂျာက အပြေးလာပြီး ဖုန်းကို ကိုင်တယ်။ ပြီးတော့ အင်တာဗျူးဖို့ အချိန်မပေးနိုင်သေးတဲ့ အကြောင်း ညင်သာစွာပဲ ငြင်းပယ်ခဲ့တယ်။

ကျွန်မ စိတ်ပျက်သွားမယ်လို့ သူတို့ကတော့ ထင်မှာပဲ။ ကျွန်မ စိတ်ပျက်လို့ မဖြစ်ဘူး။ အင်တာဗျူးဖို့ ဆက်ကြိုးစားရမှာပဲ။

ဒါကြောင့် သူတို့ရိုက်ကွင်းထဲကို ကျွန်မ လှမ်းဝင်လာခဲ့တယ်။ မင်းသား ဒေဝတာရဲ့အနီးကို ရောက်ရှိလာခဲ့တယ်။

အဲဒီအချိန်မှာ ဒါရိုက်တာက···

'မင်းသား စမယ်'လို့ လှမ်းအော်လိုက်တယ်။

မင်းသားကလည်း 'အသင့်ပဲ'လို့ ပြောပြီး ကုလားထိုင်ပေါ်က ထသွားတယ်။ မင်းသားကို မှန်ထိုးတဲ့သူ ထိုး၊ ကင်မရာနဲ့ ချိန်သူက ချိန်နဲ့။

ဒါရိုက်တာက···

'ရယ်ဒီ'လို့ ပြောလိုက်တဲ့အခါ မင်းသားက···

'ရေဝတီရေ···'

လို့ခေါ်ပြီး မင်းသမီးရှိရာကို အပြေးသွားခဲ့တယ်။ မင်းသမီးကလည်း···

www.burmeseclassic.com

www.burmeseclassic.com



'မောင်ရေ'

ဆိုပြီး မင်းသားရှိရာကို အပြေးလာခဲ့တယ်။

တစ်လှမ်းချင်း အပြေးလာခဲ့တဲ့ သူတို့နှစ်ဦး တွေ့ချိန်မှာတော့ မင်းသမီးကို မင်းသားက လှမ်းပွေ့ဖက်ပြီး နှစ်ဦးသား ချာချာလည်သွားတယ်။ ဒီအခန်းက ချစ်သူနှစ်ဦး ပြန်တွေ့တဲ့ Love Scenes အခန်းကို ရိုက်နေတာမှန်း ကျွန်မ သိလိုက်တယ်။ နောက်တော့ သူတို့နှစ်ယောက်ဟာ အချစ်ရည်ရွှန်းလဲ့နေတဲ့ မျက်လုံးများနဲ့ ကြည့်နေလိုက်တာ ဘေးကကြည့်နေတဲ့ ကျွန်မတောင် အသက်ရှူမှားသွားတယ်။

မင်းသားရော မင်းသမီးပါ မှုဒ်ဝင်နေပုံဟာ တကယ့်ချစ်သူတွေရဲ့ ပြန်လည်တွေ့ဆုံပွဲလို့တောင် ထင်ရတယ်။

ဒီမှာတင် ဒါရိုက်တာက…

'ကပ်ထ်'လို့ အော်လိုက်တယ်။

ဒီတော့မှ သူတို့နှစ်ဦးသား ဖက်ထားတဲ့လက်တွေ ဖြေလိုက်တယ်။

သူတို့ နောက်အခန်းတွေ ဆက်ရိုက်ရဦးမယ်။ မင်းသားဟာ ကမ်းစပ်နားက ကုလားထိုင်မှာ ပြန်ထိုင်လိုက်တယ်။

ကျွန်မ မင်းသားဆီကို အပြေးသွားလိုက်တယ်။





'ကျွန်မ ရွှေပဒေရုပ်ရှင်မဂ္ဂဇင်းက အင်တာဗျူးဝါ ယွန်းနဒီပါ'

လို့ပြောပြီး ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်လိုက်တယ်။

'ဟုတ်ကဲ့ ပြောပါ'

'ကျွန်မ နည်းနည်းလောက် အင်တာဗျူးချင်လို့ပါ'

'ကျွန်တော် ဇာတ်ဝင်ခန်းရိုက်ရမှာမို့ မှုဒ်သွင်းထားတယ်၊ ပြီးတော့ ဒိုင်ယာလော့(ခ်)လည်း ကျက်နေလို့၊ ဘယ်လိုမှ မအားလို့ပါ၊ ခွင့်လွှတ်ပါ'

မင်းသားဒေဝတာဟာ ယဉ်ယဉ်လေး ငြင်းပယ်လိုက်တယ်။

'ရပါတယ်··· အားတဲ့တစ်နေ့မှာ အင်တာဗျူးခွင့်ပေးပါ'

'ဟုတ်ကဲ့ပါ'

အင်တာဗျူးသူတစ်ယောက်ဟာ တော်တော်စိတ်ရှည်ရမှန်း ကျွန်မ နားလည်ပါတယ်။ ရိုက်ကွင်းထဲမှာ မှုဒ်သွင်းထားပြီး ဒိုင်ယာလော့(ခ်)ကျက်ထားတဲ့သူကို နှောင့်ယှက်ရာကျသွားလေသလား။

ဒါမှမဟုတ် အင်တာဗျူးကိစ္စနဲ့ ရှောင်ချင်လို့လား။



www.burmeseclassic.com

www.burmeseclassic.com



မင်းသားဒေဝတာဟာ ဒေဝတာဆိုတဲ့ နာမည်လေးနဲ့ လိုက်အောင် နတ်သားလေးတစ်ပါးလိုချောပြီး သူ့ရဲ့မျက်နှာလေးဟာ ကြည်လင်ပြီး ဖြူဝင်းနေတယ်။ နဖူးပေါ်မှာ ဝဲကျလာတဲ့ ဆံပင်ပုံစံဟာ သူ့ရဲ့စတိုင်လ်တစ်မျိုး။

မိန်းကလေး အတော်များများရဲ့ နှုတ်ခမ်းဖျားမှာ ရေပန်းစားနေတဲ့ ဒေဝတာ။ အနု အကြမ်း အရမ်း အလွမ်းကျတဲ့နေရာမှာ သရုပ်ဆောင်နိုင်တဲ့အတွက် လူထုပရိသတ်များစွာရဲ့ အကြိုက်တွေ့နေသူ။ ထိပ်တန်းမင်းသား ရုပါတစ်လက်ပေါ့။

ဒေဝတာဟာ နာမည်ကြီးလွန်းလို့ သူ့ဓာတ်ပုံ ဝေဝေဆာဆာနဲ့ သူ့ရဲ့အမြင်၊ သူ့စိတ်ကူးနဲ့ ပတ်သက်တဲ့ အင်တာဗျူးကို ကျွန်မတို့မဂ္ဂဇင်းမှာ ပထမဆုံး ထည့်ရေးချင်တာ။ ဒါပေမဲ့ သူ့ကို ကျွန်မ အင်တာဗျူးဖို့ ကြိုးစားတာကြာပြီ။ အခုအထိ သူ မေးခွင့် မပြုခဲ့ဘူး။

မေမေကတောင်…

'သမီးရယ်… ဒေဝတာကို အင်တာဗျူးဖို့ စိတ်လျှော့လိုက်ပါတော့တဲ့'

'မေမေကလည်း… သတင်းသမားတစ်ယောက်ဟာ ဒီလို လွယ်လွယ်ဘယ်လက်လျှော့မလဲ'



လို့ ကျွန်မ ပြန်ပြောခဲ့တယ်။

'ကဲ… ဒေဝတာရေ၊ တစ်နေ့နေ့မှာ ရှင့်ကို ကျွန်မ ရအောင်အင်တာဗျူးမယ်'

လို့ ကြိမ်းဝါးခဲ့တယ်။

နောက်တစ်ကြိမ် ကျွန်မ ထပ်ပြီးကြိုးစားခဲ့တယ်။

ဒါကတော့ ဆီဒိုးနားဟိုတယ်မှာ မင်းသားဒေဝတာရဲ့ ကုန်ပစ္စည်းကြော်ငြာရိုက်ပွဲပေါ့။

သူ ကြော်ငြာရိုက်နေလို့ ကျွန်မ **အကြာကြီးစောင့်ခဲ့ရ**တယ်။

သူကြော်ငြာရိုက်အပြီးမှာ ကျွန်မ **သူ့ဆီကို အပြေးသွား**ခဲ့တယ်။

'ကျွန်မ ယွန်းနဒီပါ'

'ဪ… ရုပ်ရှင်မဂ္ဂဇင်းတစ်ခုက အင်တာဗျူးဝါနော်'

'ဟုတ်ပါတယ်'

သူ ကျွန်မကို ခပ်ဝါးဝါးကလေး **မှတ်မိနေပြီ**။ ဒါကြောင့် ကျွန်မ အားတက်သွားတယ်။ မျှော်လင့်ခြင်းများနဲ့အတူ ကျွန်မ မေးလိုက်တယ်။

'ကျွန်မ အင်တာဗျူးဖို့ အချိန်နည်းနည်း ရနိုင်မလား'

www.burmeseclassic.com

www.burmeseclassic.com



'ဆောရီးပဲ… ပွန်းနုဒီ၊ ဒါပြီးရင် ရိုက်ကွင်းကို တန်း သွားရမှာမို့ပါ'

'ဒါဆိုရင် နောက်တစ်ခါ မငြင်းပါနဲ့တော့နော်'

'အတတ်နိုင်ဆုံး ကြိုးစားပါတယ်'

ဒီလိုပြောပြီး ကျွန်မ ရှေ့ကထွက်ခွာသွားတယ်။

'ဟင်း…'

ကျွန်မ သက်ပြင်းရှည်ကြီး ချလိုက်တယ်။ ဒီတစ်ခါ လည်း လွဲပြန်ပြီပေါ့။ ကျွန်မ မဂ္ဂဇင်းတိုက်ကို ပြန်သွားတယ်။ ဒီနေ့ ဖောင်ပိတ်ရက်မို့ မင်းသားဒေဝတာရဲ့ အင်တာဗျူးမပါဘဲ ဖောင်ပိတ်လိုက်တယ်။

မေမေက အယ်ဒီတာချုပ်မို့ မေမေ့ကို လှမ်းပြောလိုက် တယ်။

'မေမေရေ… ဒီတစ်ပတ်လည်း မင်းသားဒေဝတာရဲ့ အင်တာဗျူး မပါပြန်ဘူး'

'ဘယ်တတ်နိုင်မလဲ သမီးရယ်၊ မေမေတို့က အနုပညာ ဝါသနာပါလို့ ဒီလို မဂ္ဂဇင်းထုတ်ပြီး ပရိသတ်ကို တင် ပြတာပဲ၊ သူ့မှာက အချိန်ဆင်းရဲနေတော့ ဘယ်တတ်နိုင် မလဲ'





'အချိန်ဆင်းရဲတာ မဟုတ်ပါဘူး မေမေရယ်၊ နာမည် ကြီးမင်းသားဆိုတော့ အိုက်တင်ခံတာနေမှာ၊ တကယ်ဆို နာရီဝက်လောက် အချိန်ပေးရင် ရတာပဲ'

'နာရီဝက်လောက်ကို မအားတာနဲ့ တူပါတယ်'

'မေမေရယ်… နာမည်မကြီးခင်တုန်းကတော့ ပရိသတ် သိအောင် အင်တာဗျူးဆရာတွေ လာပါ… လာပါ… ရေးပါ… ရေးပါနဲ့၊ နာမည်ကြီးတော့ အင်တာဗျူးဆရာ တွေ မလိုတော့ဘူးပေါ့'

'ကိုယ့်တစ်ဖက်တည်းကိုပဲ မကြည့်ပါနဲ့ သမီးရယ်၊ သူ လည်း သူ့အကြောင်းနဲ့သူနေမှာပေါ့၊ မေမေတို့ မဂ္ဂဇင်း ကလည်း ပရိသတ်ကို အကောင်းဆုံးတင်ပြနိုင်အောင် ကြိုးစားပေါ့'

'သမီး မကျေနပ်သေးဘူး မေမေ၊ သင်းကို တစ်နေ့ မဟုတ် တစ်နေ့ တွေ့ကိုတွေ့ဦးမယ်'

'အောင်မယ်လေး… မယ်ဒေါသအိုးကလည်း ကြိမ်းဝါး နေလိုက်တာ'

မေမေ့ကို ကျွန်မ ဘာမှပြန်မပြောခဲ့တော့ပေ။ ဒေဝတာနဲ့ပတ်သက်ပြီး ကျွန်မရဲ့ရင်မှာ အကြိတ်အခဲ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ကိန်းအောင်းခဲ့သည်။ ကျွန်မတို့ မဂ္ဂဇင်းအသိုင်းအဝိုင်းက လည်း...

'ဒေဝတာဟာ ဇာတ်ကားစရိုက်တုန်း အချိန်ကသာ အင်တာဗျူးဆရာနဲ့တွေ့တာ၊ ဒီနောက်ပိုင်းမှာ ဘယ်သူနဲ့မှ အင်တာဗျူးမလုပ်ဘူး'

လို့ ပြောနေကြတယ်။

သူ ဘာကြောင့်အင်တာဗျူးကို ရှောင်တာလဲ။

ကျွန်မ သိချင်လိုက်တာ။

အကြောင်းတစ်ခုခုတော့ ရှိမယ်ထင်ပါရဲ့။

ကျွန်မဆိုတဲ့ ယွန်းနဒီဟာ အလုပ်တစ်ခုကို လွယ်လွယ်နဲ့ အရှုံးမပေးနိုင်ဘူး။ ခက်ခဲတယ်ဆိုတဲ့အရာကိုမှ ရင်ဆိုင်ချင်တာ။

'ကဲ... ဒေဝတာရေ၊ ရှင်ဟာ တစ်နေ့နေ့မှာ ကျွန်မနဲ့ အင်တာဗျူး လုပ်ကို လုပ်စေရမယ်'

လို့ ကြိမ်းဝါးလိုက်တယ်။

ဟုတ်ပါတယ်။ ကျွန်မရဲ့ကြိမ်းဝါးချက်အတိုင်း အကောင်အထည်ဖော်ရမယ်လို့ စိတ်ဆုံးဖြတ်လိုက်တယ်။

တစ်လ၊ နှစ်လ။

ဒီအချိန်အထိ ကျွန်မရဲ့ စီမံကိန်းဟာ အကောင်အထည်





မဖော်နိုင်သေးဘူး။ မဂ္ဂဇင်းတွေဖြန့်ပြီးလို့ နားနေတဲ့အချိန်မှာ ကျွန်မရဲ့ ဟမ်းဖုန်းက အသံမြည်လာတယ်။

'ဟဲလို... ယွန်းနဒီပါ'

'ငါ နေခြည်ပါ'

'သြော်... နေခြည်၊ ပြော'

'နင်အားလား၊ ငါ မုန့်သွားစားမလို့၊ နင့်ကို ဝင်ခေါ်မယ်'

'အေး... အားတယ်၊ လာခဲ့လေ'

နေခြည်ဆိုတာက ကျွန်မနဲ့ ကွန်ပျူတာတက္ကသိုလ်မှာ အတူတူတက်ခဲ့တဲ့ သူငယ်ချင်းပါ။ မကြာခဏဆိုသလို သူနဲ့တွေ့ဖြစ်တယ်။ သူမဟာ ကျွန်မရဲ့ အချစ်ဆုံးသူငယ်ချင်း။ ကျွန်မ သူမအကြောင်း စဉ်းစားနေဆဲ မဂ္ဂဇင်းတိုက်ရှေ့ကို နောက်ဆုံးပေါ်ကားနီလေးတစ်စင်း ထိုးဆိုက်လာတယ်။

'နေခြည်'

'နဒီ အဆင်သင့်ပဲ မဟုတ်လား၊ သွားရအောင်'

'အေး...'

ကျွန်မ သူ့ကားကလေးနဲ့ လိုက်သွားခဲ့တယ်။ မကြာမီမှာ 'အေးရိပ်'ဆိုတဲ့ ဆိုင်ကလေးကိုရောက်ခဲ့တယ်။

'နင် မင်းသားဒေဝတာနဲ့ အင်တာဗျူးခွင့်ရပြီလား'



www.burmeseclassic.com

www.burmeseclassic.com



'မရသေးပါဘူးဟယ်'

'နင် စိတ်ဓာတ်ကျနေပြီလား'

'ဒီမှာ ကြည့်စမ်းပါ၊ ငါဟာ ယွန်းနဒီဆိုတဲ့ စိတ်ဓာတ်မာတဲ့ မိန်းလေးပဲ၊ ဒီလောက်နဲ့ စိတ်ဓာတ်မကျပါဘူး'

'နင် ငါ့ကို မုန့်ကျွေးမယ်ဆိုရင် သတင်းကောင်းတစ်ခု ပြောမယ်'

'သူငယ်ချင်းရယ်··· သတင်းကောင်းပြောမှ မုန့်ကျွေးရမှာလား၊ ဒီလောက်တော့ ပါးပါးလေးပဲ'

'အေးပါ··· ငါလည်း မုန့်စားချင်လို့ မဟုတ်ဘူး၊ သတင်းကောင်း ပြောချင်လို့ပါ'

'အေး··· ငါလည်း ကြားချင်လို့ပါ'

'ပြောမယ်၊ နားထောင်နော်၊ ငါ့ဒယ်ဒီပိုင်တဲ့ အပျော်စီးသင်္ဘောကို ရုပ်ရှင်ရိုက်ဖို့ လာငှားတယ်'

'ဒါဆို နင်တို့ ပိုက်ဆံရတာပဲ၊ နင်က ကျွေးရမှာပေါ့'

'ငါ့စကား မဆုံးသေးဘူး၊ နင်နဲ့ပတ်သက်တာပြောမယ်'

'အေး··· ပြော'

'ရုပ်ရှင်ရိုက်တဲ့ထဲမှာ ခေါင်းဆောင်မင်းသားက 'ဒေဝတာ'လေ'



'ဟေ··· ဟုတ်လား၊ ဒါဆို ငါ့အတွက် ဟန်ကျတာပဲ'

'ဓာတ်လမ်းက 'တိုက်တင်းနစ်လို ဓာတ်လမ်းမျိုး၊ အဲဒီထဲမှာ ဒရမ်မာနဲ့ အက်ရှင်ရိုက်မှာ'

'နင်က သိလှချည်လား'

'သိဆို ဒါရိုက်တာနဲ့ ငါနဲ့က အရမ်းရင်းနှီးတယ်လေ'

'အဲဒီလိုလား'

'အေး··· ဒါ့အပြင် ရုပ်ရှင်ရိုက်ဖို့ အခမ်းအနားပါ ပြင်ဆင်မယ်ဆိုတော့ ဖေဖေက ကြီးကြပ်ဖို့ ငါ့ကို တာဝန်ပေးတယ်၊ အဲဒါ ငါလိုက်သွားရမယ်'

'ဟုတ်လား'

'အဲဒါ ငါတစ်ယောက်တည်း ဖြစ်နေလို့ နင်လိုက်ခဲ့နော်'

'ငါလိုက်ရမယ် ဟုတ်လား၊ ဒါဆို ပျော်စရာကြီးပေါ့'

'ငါ့နဲ့ သင်္ဘောလိုက်ရင်း နင် ဒေဝတာကို အင်တာဗျူးပေါ့'

'ဒါပေါ့··· ဒီအခွင့်အရေးကို စောင့်နေတာ ကြာပြီ'

'ဒါဆို ရှင်လိုက်မှာ သေချာတယ်ပေါ့'

'သိပ်ကို သေချာတာပေါ့'

နေခြည်ဆီက သတင်းစကားကြောင့် ကျွန်မ လွန်စွာ ဝမ်းသာပျော်ရွှင်သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'သူငယ်ချင်း··· အားမနာနဲ့ စားနော်၊ ဒီပိုင်းကို ငါရှင်းမယ်'

'အလကားစတာပါဟယ်၊ ငါကျွေးပါ့မယ်၊ နင်သာ ငါနဲ့ အတူ လိုက်နိုင်အောင် စီစဉ်ထား'

'အိုကေ··· အိုကေ'

နေခြည်ဆီက စကားကိုကြားတော့ ကျွန်မ အရမ်းပျော်သွားတယ်။

ကျွန်မဟာ အလုပ်တစ်ခုကို ပြီးမြောက်အောင် လုပ်ချင်သူ။

ဒေဝတာကိစ္စနဲ့ ပတ်သက်ပြီး တာဝန်ယူထားပေမယ့် ပြီးမြောက်အောင် မလုပ်နိုင်ခဲ့လို့ စိတ်မသက်မသာ ဖြစ်ခဲ့ရတယ်။

အခုတော့ ဒေဝတာရယ်။ ရှင် ဘယ်ကိုပြေးဦးမလဲ။

'ငါက နင်တို့သဘောနဲ့ လိုက်တာတော့ ဟုတ်ပါပြီ၊ ဘယ်နှရက် ကြာမှာလဲ'

'နှစ်ပတ်လောက်တော့ ကြာမယ်၊ ကမ်းရိုးတန်းအပျော်စီးခရီးဆိုတော့ ကော့သောင်းမြို့အထိ ရောက်မယ်'

'ဒါဆို ကမ်းရိုးတန်းတစ်လျှောက်ပေါ့၊ ဟုတ်လား'

'သိပ်ဟုတ်တာပေါ့'





'အင်း··· ကောင်းလိုက်တာ၊ ငါက ပင်လယ်ပြင်ကြီးကို ချစ်တယ်၊ ပင်လယ်ပြင်ကြီးထဲမှာ သင်္ဘောစီးပြီး ရှုခင်းတွေကိုကြည့်ချင်တာ၊ ဒါပေမဲ့ အဲဒီအိပ်မက်ဟာ မက်ခွင့်ရမှာ မဟုတ်ဘူးလို့ ထင်ခဲ့တာ၊ အခုတော့ ငါ့ရဲ့ အိပ်မက်တွေ အကောင်အထည်ဖော်ဖို့ ဖြစ်လာပြီ၊ ငါ ဝမ်းသာလိုက်တာဟယ်'

'အင်း··· အခုတော့ ပင်လယ်ပြင်ကြီးကို ချစ်တယ် ချစ်တယ်နဲ့၊ နောက်တော့ ဒေဝတာကို ချစ်တယ်၊ ချစ်တယ် မဖြစ်နဲ့ဦး'

'အောင်မာ··· အောင်မာ··· ဒေဝတာကို ငါက ဘာဖြစ်လို့ ချစ်ရမှာလဲ၊ မာနမင်းသားမို့ မုန်းတောင်မုန်းသေး'

'အေးပါ··· ငါက ထုံးတို့ပြီးတော့ မှတ်လိုက်ဦးမယ်'

နေခြည်က အသံနေ အသံထားနှင့် ပြောလိုက်တဲ့အတွက်။

ကျွန်မက သူ့ရဲ့ကျောကို မနာအောင် ထုလိုက်ပါတယ်။ ပြီးတော့ ကျွန်မတို့ ပျော်ရွှင်စွာ ရယ်မောခဲ့ကြတယ်။

မုန့်စားပြီးအပြန်မှာ နေခြည်က ကျွန်မကို ပြန်လိုက်ပို့ခဲ့တယ်။ မဂ္ဂဇင်းတိုက်ကိုရောက်တော့ အားရဝမ်းသာနဲ့။

www.burmeseclassic.com

www.burmeseclassic.com



'မေမေ… မေမေ သမီးရဲ့ဆန္ဒ ပြည့်တော့မယ်'

'ဘယ်လိုဖြစ်တာလဲ သမီးရယ်'

ကျွန်မက နေခြည်ပြောတဲ့ သတင်းစကားကို ပြန်ပြော လိုက်တယ်။

'သမီးသွားမှာ နှစ်ပတ်လောက်တောင် ကြာမှာလား'

'ဟုတ်တယ် မေမေ၊ မဂ္ဂဇင်းအတွက် သမီးမရှိတော့ နည်းနည်းတော့ အင်အားလျော့သွားမှာပေါ့၊ ဒါပေမဲ့ နွယ်နွယ်တို့ ရီရီတို့ပဲ လွှဲထားရမှာပဲ'

'သမီး လိုက်သွားပါ၊ မဂ္ဂဇင်းအတွက် မေမေ့တာဝန် ထားလိုက်ပါ၊ သမီးလည်း စာပေထဲမှာ နစ်မြုပ်နေတော့ ပင်ပန်းပါတယ်၊ အခုလို ခရီးထွက်တော့ သမီးစိတ်တွေ လည်း လန်းသွားမှာပေါ့'

'ဟုတ်ပါတယ် မေမေ၊ သမီးကို ဒီလို နားလည်ပေးတာ အရမ်းဝမ်းသာတာပဲ'

'ဒါဆို သမီး ဘယ်တော့ခရီးထွက်မှာလဲ'

'နောက်အပတ်ထဲမှာသွားမယ် မေမေ'

'အေး… အေး… ကောင်းကောင်းသွားပေါ့'

နောက်တစ်နေ့ကစပြီး 'လရိပ်ပြာ' သင်္ဘောပေါ်မှာ





နေထိုင်ဖို့အတွက် အဝတ်အစားမှအစ လိုအပ်တဲ့ပစ္စည်းတွေ ဝယ် ယူခဲ့တယ်။

ကျွန်မ ဘယ်သွားသွား ပါလေ့ရှိတဲ့ ဒစ်ဂျစ်တယ်ကင် မရာလေးရယ်၊ အသံဖမ်းစက်ကလေးရယ်၊ ဟမ်းဖုန်းရယ်။

အားလုံးအားလုံး အဆင်သင့်လုပ်ထားတယ်။

ဒီလိုနဲ့ပဲ တစ်ပတ်ဆိုတဲ့ အချိန်ကလေး ကုန်ဆုံးသွားခဲ့ တယ်။ မနက်ဖြန်မနက်မှာ ကျွန်မတို့ ခရီးထွက်ရတော့မယ်။ ကျွန်မ အရမ်းပျော်နေမိတယ်။ ဒီခရီးအတွက် မျှော်လင့်ချက် ရောင်ခြည်တွေနဲ့ ပြည့်နှက်နေတဲ့ နိမိတ်ပုံတစ်ခုပေါ့။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

ဒီနေ့မနက်မှာ နေခြည်ရဲ့ နောက်ဆုံးပေါ်တားနီနီကလေး ကျွန်မအိမ်ရှေ့သို့ထိုးဆိုက်လာတယ်။ ကျွန်မ မေမေ့ကိုကန်တော့ပြီး-

'သမီး နေခြည်နဲ့ လိုက်သွားတော့မယ် မေမေ'

'အေးပါ သမီးရယ်၊ သမီးသွားမယ့်လမ်း ဖြောင့်ဖြူးပါစေ'

'ပေးတဲ့ဆုနဲ့ ပြည့်ပါစေ'လို့ ပြောအပြီးမှာ ကျွန်မဟာ နေခြည်နဲ့အတူ လိုက်သွားခဲ့တယ်။

စဉ့်အိုးတန်းဘောတံတား။

လှပတဲ့ ရောင်စုံအလံကလေးများနဲ့ တန်ဆာဆင်ထားတဲ့ အပျော်စီးသင်္ဘောကြီး 'လရိပ်ပြာ'ကို လှမ်းတွေ့လိုက်ရတယ်။ သင်္ဘောပေါ်က ဝန်ထမ်းတွေက ကျွန်မနဲ့နေခြည်ကို ကြိုဆိုခဲ့ကြတယ်။

'မမ လာတာနဲ့ အတော်ပဲ၊ ခဏကြာရင် ရုပ်ရှင်အဖွဲ့တွေ လာတော့မယ်'





'မမသိတယ်၊ ဒါကြောင့် မမတို့ စောစောလာခဲ့တာ'

ကျွန်မတို့နှစ်ယောက် သင်္ဘောကြီးပေါ်သို့ တက်လိုက်တယ်။

သင်္ဘောကြီးပေါ်မှာ အခန်းတွေ၊ အခန်းတွေ အများကြီးပဲ။

နေခြည်က အခန်းတစ်ခန်းရဲ့ တံခါးကိုဖွင့်ပြီး···

'ဒါ ငါတို့နေရမယ့် အခန်းလေ'

အခန်းက ကျယ်ဝန်းပြီး သားနားလှပါတယ်။

'ဟယ်··· အခန်းက ကောင်းလိုက်တာ'

'ကောင်းဆို စပယ်ရှယ်ခန်းလေ'

ကျွန်မတို့ ပစ္စည်းတွေကို ဝန်ထမ်းကောင်လေးတွေက ယူလာခဲ့တယ်။ အခန်းထဲမှာ စနစ်တကျ ထားလိုက်တယ်။

'နဒီရေ··· ရုပ်ရှင်အဖွဲ့တွေ လာပြီလားမသိဘူး၊ အပြင် ထွက်ကြည့်ရအောင်'

'အေး··· အေး···'

ကျွန်မတို့နှစ်ယောက် သင်္ဘောကုန်းပတ်ဆီကို လျှောက်လာခဲ့တယ်။ သင်္ဘောက လက်ရမ်းကလေးကိုကိုင်ရင်း လာမယ့် ရုပ်ရှင်အဖွဲ့ကို စောင့်နေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



များမကြာမီမှာ . . .

ဒါရိုက်တာ မှတ်သုန်တို့အဖွဲ့ ရောက်လာတယ်။

နေခြည်က ကြိုဆိုဧည့်ခံရေးမှာ တာဝန်ယူထားတဲ့အတွက် . . .

'ဟာ . . . ဒါရိုက်တာကြီးတို့ ရောက်လာပြီလား၊ ကြိုဆိုနေပါတယ်ရှင်'

'ဒေါ်နေခြည်ရေ . . . အစားအသောက် ကောင်းကောင်းစီစဉ်ပေးနော်'

'အစားနဲ့အသောက် ဘယ်ဟာကောင်းအောင် စီစဉ်ရမှာလဲ'

နေခြည်နဲ့ ဒါရိုက်တာမှတ်သုန်တို့က ရင်းနှီးပြီးသားမို့ နေခြည်ဟာ စနောက်လိုက်တယ်။ ဒါရိုက်တာ မှတ်သုန်ကလည်း အားကျမခံ . . .

'အသောက်က ပိုအရေးကြီးတယ် ဒေါ်နေခြည်'

'အားလုံး အဆင်ပြေစေရမယ် ကိုမှတ်သုန်'

'သိပ်ကောင်းတာပေါ့ဗျာ'

ထို့နောက် နေခြည်က ကြိုဆိုရေးအမျိုးသမီးများဘက်သို့လှည့်ကာ . . .





'ညီမတို့ရေ . . . ဒါရိုက်တာကြီးတို့အုပ်စုကို အခန်းနေရာလိုက်ပြလိုက်ပါ'

ဒါရိုက်တာမှတ်သုန်တို့ အုပ်စုဟာ ဧည့်ခံကြိုဆိုရေးအဖွဲ့နောက်ကို လိုက်ပါသွားခဲ့ပါတယ်။

ထိုအချိန်မှာ ဇာတ်ဝင်ခန်းအတွက် ရိုက်ဖို့လိုက်ပါမယ့် မော်ဒယ်အဖွဲ့ ရောက်ရှိလာပြန်တယ်။ မော်ဒယ်အဖွဲ့ရဲ့ ခေါင်းဆောင်ကတော့ 'ဝင့်သဥ္ဇာ'ပါ။

'ဝင့်သဥ္ဇာတို့အဖွဲ့ကို ကြိုဆိုပါတယ်'

နေခြည်က ထုံးစံအတိုင်း ပြုံးရွှင်စွာ ကြိုဆိုလိုက်ပါတယ်။

'ကျေးဇူးပဲ မမနေခြည်'

'ကဲ . . . မော်ဒယ်အဖွဲ့ကို နေရာချပေးလိုက်ပါ'

သင်္ဘောနဲ့ လိုက်ပါမယ့် အဖွဲ့ဝင်တွေ တဖွဲဖွဲရောက်လာပါတယ်။

ကြိုဆိုဧည့်ခံရေးအဖွဲ့က အမျိုးသား၊ အမျိုးသမီးကလေးတွေဟာ မအားလပ်အောင် အလုပ်ရှုပ်နေပါတယ်။

ဒီသင်္ဘောကြီးပေါ်မှာ ရုပ်ရှင်ရိုက်ကူးရေးအပြင် ဖျော်ဖြေရေး အစီအစဉ်တွေရယ်၊ ပရိသတ်အဖြစ် သရုပ်ဆောင်မယ့်



www.burmeseclassic.com

www.burmeseclassic.com



စာပေဟောကက ဂျာနယ်လစ်တွေ၊ စာရေးဆရာတွေအပြင် ကြော်ငြာသရုပ်ဆောင်တွေလည်း ပါဝင်ပါတယ်။

နေခြည်ကတော့ ရောက်လာမစဲ တဖွဲဖွဲ။ ရောက်လာတဲ့ ဧည့်သည်တွေကို ပြုံးရယ်ပြီး ဧည့်ခံရပါများလို့ နှုတ်ခမ်းက ပါးမှာတက်ချိတ်နေမတတ်ပါပဲ။

ဟော… လင့်ခ်ခရူဇာကားတစ်စီး ဆိုက်လာပြီ။

ကားထဲက ထွက်လာသူက မင်းသားဒေဝတာ။

စပို့ရှပ်အင်္ကျီအစင်းကလေးနဲ့ စတိုင်လ်ဘောင်းဘီရှည်ကို ဝတ်ထားတယ်။ ဆံပင်အညိုရောင်မှာ ဟိုက်လိုက်ဖောက်ထားတဲ့ ပုံစံဟာ ခေတ်ရှေ့ပြေးနေတဲ့ မင်းသားတစ်ယောက်မှန်း သိသာပါတယ်။

ခန္ဓာကိုယ်အချိုးအစား ပြေပြစ်မှုဟာ ဂရိနတ်သားတစ်ပါးရဲ့ ပုံတူလိုပါပဲ။ ဒါကြောင့်များ ဒေဝတာလို့ အမည်ပေးထားသလား ထင်ပါရဲ့။

သူဟာ သိပ်ချောလွန်းသလို အိုက်တင်လုပ်ရာမှာ တော်လွန်းလို့ 'မော်ဝင်မင်းသား' လို့တောင် ပြောကြတယ်။

ကျွန်မ သူ့အကြောင်း စဉ်းစားနေစဉ်မှာပဲ မင်းသားအလာကို စောင့်နေတဲ့ မိန်းကလေးတစ်သိုက်ဟာ မင်းသားဆီကို အပြေး





သွားကြတယ်။ တချို့ကလည်း ပန်းစည်းတွေနဲ့။

မင်းသားအနားမှာ မိန်းကလေးတွေ ဝိုင်းနေပြီ။

'ကိုဒေဝတာ လက်မှတ်ထိုးပေးပါ'

အော်တိုစာအုပ် ထိုးပေးသူကပေး။

တချို့က လက်ဝါးပေါ်မှာ လက်မှတ်ထိုးပေးပါဆိုပြီး လက်ဖဝါးကို လှမ်းပေးသူက ပေးနဲ့။

မင်းသားလည်း အလုပ်ရှုပ်သွားတယ်။

ကျွန်မက မင်းသားကို နာမည်ကြီးလို့ ဘဝင်မြင့်နေသူလို့ ထင်ခဲ့တာ။

အခုတော့ ဒီလိုမဟုတ်ဘူး။

သူ့ရဲ့ပရိသတ်ကို လေးလေးစားစား ဆက်ဆံတာ တွေ့ရတယ်။

မကြာခင်မှာ သတော်ဆီကို ရောက်လာတယ်။

'မင်းသား နောက်ကျတယ်နော်'

နေခြည်က မင်းသားကို နှုတ်ခွန်းခြွေရင်း ကြိုဆိုလိုက်ပါတယ်။

'နည်းနည်းနောက်ကျတာ ခွင့်လွှတ်ပါ' တဲ့။ ယဉ်ကျေး သိမ်မွေ့တဲ့အသံနဲ့ ပြန်ပြောလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဒေဝတာကို စောင်းငဲ့ကြည့်လိုက်တယ်။

အရပ်ရှည်ရှည်၊ ထောင်ထောင်မောင်းမောင်း၊ မျက်လုံးများက နက်မှောင်တောက်ပ စူးရှနေတယ်။

အနားက ညွှန့်ကြိုကောင်မလေးက ကျွန်မနားကပ်ပြီး တိုးတိုးကလေး ပြောလိုက်တယ်။

'မင်းသားက အရမ်းချောတာပဲ၊ အသားအရေတာလည်း နဖတ်နေတာပဲနော်၊ ချစ်ချင်စရာကြီး'

'ချစ်ချင်မနေနဲ့၊ မင်းသားနေရမယ့်အခန်းကို လိုက်ပြ လိုက်ဦး'

ကျွန်မက ညွှန့်ကြိုကောင်မလေးကို တိုးတိုးလေး ကပ်ပြောလိုက်တယ်။ ဒီတော့ ကောင်မလေးက…

'ကိုဒေဝတာ ကျွန်မနောက် လိုက်ခဲ့ပါ'

မင်းသားဒေဝတာက ညွှန့်ကြိုကောင်မလေးနောက် လိုက်သွားတယ်။ ညွှန့်ကြို ဘိုင်ကောင်လေးတွေကတော့ မင်းသားရဲ့ အထုပ်အပိုးတွေကို ဝိုင်းသယ်ပေးခဲ့တယ်။

မင်းသားမို့လား မသိ။ စတိုင်လ်ကလည်း ခပ်ကြွားကြွား။ လှုပ်ပုံကလည်း ခပ်ထွားထွား။ ဒါကြောင့် ကောင်မလေးတွေ အသည်းစွဲတာနေမှာလို့ ကျွန်မ စဉ်းစားမိတယ်။





လူအားလုံးစုံပြီမို့ အပျော်စီးသင်္ဘောကြီးဟာ စတင်ထွက်ခွာဖို့ ပြင်ဆင်နေပါပြီ။

'ဘော်…'

'ဘော်…'

ဥသြဆွဲသံနဲ့ ထွက်တော့မယ့်အကြောင်း အချက်ပြနေပြီ။

သင်္ဘောပေါ်က လူတွေကလည်း လိုက်လံပို့ဆောင်တဲ့သူတွေကို လက်ပြဖို့ လက်ရမ်းဆီကို လာနေကြပြီ။

သင်္ဘောကြီး စတင်ထွက်ခွာခဲ့ပါပြီ။

'ဒေဝတာရေ… တာ့တာ… ဘိုင့်ဘိုင်'

ဒေဝတာကို ကောင်မလေးတွေက အသင့်ယူလာတဲ့ ပဝါ ကလေးတွေနဲ့ ဝှေ့ယမ်းပြီး နှုတ်ဆက်ကြတယ်။

ဘောတံတားပေါ်မှာ ပဝါဖြူစလေးတွေ အများကြီးဝဲပျံ တယ်။ သင်္ဘောပေါ်က လူတွေကလည်း ဘောတံတားပေါ်က တွေကို ပြန်ပြီး လက်ကလေးတွေ ဝှေ့ယမ်းနှုတ်ဆက်ကြတယ်။

ကြည့်ရတဲ့ မြင်ကွင်းကတော့ ကြည်နူးစရာပါပဲ။

လက်ပြနေတဲ့ လူအုပ်ထဲမှာ မင်းသားဒေဝတာလည်း တယ်ဆိုတော့ ဘောတံတားပေါ်က ကောင်မလေးတွေက သည်းအသန် နှုတ်ဆက်နေကြတာ ဆူညံလို့နေတယ်။

www.burmeseclassic.com



အပျော်စီးသင်္ဘောကြီး BLUE MOON (သို့မဟုတ်) လရိပ်ပြာဟာ တဖြည်းဖြည်း ကမ်းစပ်က ခွာခဲ့ပြီ။

လက်ပြကျန်ခဲ့တဲ့ လူအုပ်ကြီးဟာ တဖြည်းဖြည်း ပျောက်ကွယ်ခဲ့တယ်။ ကျွန်မက လှေကားရမ်းကလေးကိုကိုင်ရင်း ရေပြင်ကျယ်ကြီးကို ငေးမောကြည့်ရှုနေမိတယ်။ ကမ်းခြေမှာရှိတဲ့ တိုက်တာအဆောက်အအုံတွေကို တရိပ်ရိပ် ကျော်လွန်ခဲ့ပြီ။

မကြာခင် ရန်ကုန်ပင်လယ်ဝကို ရောက်လာခဲ့တယ်။

ကြည့်လိုက်တဲ့ နေရာတိုင်းမှာ ရေပြင်ကျယ်ကြီး ဖြစ်နေတယ်။ အနားသတ်ကမ်းစပ်ကိုတောင် မမြင်ရတော့ဘူး။ ဒီနေရာမှာသာ တစ်ခုခုဖြစ်ခဲ့ရင်ဆိုတဲ့ အတွေးနဲ့ ရင်ခုန်မိတယ်။

ပင်လယ်ဝကို ရောက်လာပြီဆိုတော့ ပင်လယ်ဆားရနံ့ပါတဲ့လေတွေ တိုက်ခတ်လာတယ်။ အတားအဆီးမဲ့စွာ တိုက်ခတ်ရလို့ အရှိန်ပြင်းပြင်း ရိုက်ခတ်လာတယ်။

ကျယ်ဝန်းတဲ့ ပင်လယ်ပြင်ကြီးကို ခပ်ကြမ်းကြမ်းတိုက်ခတ်တဲ့ လေပြင်းရယ်ကြောင့် ကျွန်မအခန်းရှိရာကို ပြန်လာခဲ့တယ်။

ကျွန်မအခန်းက နံပါတ် (၉၇)ပါ။

အခန်း (၉၇)ရဲ့ တံခါးကလေးကို ဆွဲအဖွင့်မှာ တစ်ဖက်



န်းနံပါတ် (၉၈)ရဲ့ အခန်းတံခါးက ပွင့်လာတယ်။ အမှတ်တမဲ့ မ်းကြည့်လိုက်တော့...

'ဟင်... ဒေဝတာပါလား'

မမျှော်လင့်ဘဲ မင်းသားဒေဝတာကို တွေ့လိုက်ရတယ်။ ဝတာဟာ စောစောက အဝတ်အစားပုံစံ မဟုတ်တော့ဘူး။ ကျီရော ဘောင်းဘီပါ လဲလိုက်ပြီ။

အပေါ်အကျီက အနည်းငယ်ပါးတဲ့ ခပ်ပွပွချာစီအကျီ ဘောင်းဘီကတော့ ဂျင်းဘောင်းဘီ သရီးကွာတားအဝတ်နဲ့။

က တံခါးဖွင့်လိုက်တော့ ကျွန်မနဲ့ နည်းနည်းတိုက်မိသလို သွားတယ်။

'ဆောရီးနော်' တဲ့။

သူက ပြောပြောဆိုဆို ပြုံးပြလိုက်တယ်။ သူ့စိတ်ထဲက တဲ့ အပြုံးမို့ ထင်ပါရဲ့။ သန့်စင်တဲ့အပြုံးကလေးဟာ သူ့ရဲ့ အဆင်းကို ပိုပြီးချောလှစေတယ်။

တချို့မိန်းကလေးသာဆိုရင်...

'အရမ်းချောတာပဲ' လို့ ပြောကောင်းပြောမိမှာပဲ။

ကျွန်မ သူ့ကိုကြည့်ရင်း...

'ရပါတယ်' လို့ ပြောပြီး အခန်းထဲကို အပြေးဝင်လာခဲ့

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ယောက်ျားတွေထဲမှာ ဒီလို ရုပ်ချောလွန်းတဲ့သူဟာ ခပ်ရှားရှားပဲ။

ဘာဖြစ်မှန်းမသိ မင်းသားဆိုတဲ့အသိကြောင့်လား၊ သူနဲ့ အမှတ်မထင်ဆုံမိစဉ်မှာ ကျွန်မ ရင်တွေခုန်လိုက်တာ။

အပြေးကလေး ဝင်လာတဲ့ ကျွန်မကို နေခြည်က ကြည့်ပြီး···

'နဒီ အပြေးအလွှားနဲ့ ဘယ်လိုဖြစ်လာတာလဲ'

'ဘာမှမဖြစ်ပါဘူး၊ ဟီး··· ဟီး···'

'မဟုတ်ပါဘူး၊ နင် တစ်ခုခုတော့ ဖြစ်လာတယ်နဲ့တူတယ်'

'မဖြစ်ပါဘူး ဆိုနေမှ'

ကျွန်မက ပြုံးစိစိနဲ့ ပြောလိုက်တဲ့အခါ···

'ဖျောက်'

နေခြည်က လက်ဖျောက်ကလေးကို တီးလိုက်ပြီး···

'ငါ သိပြီ၊ နင် မင်းသားနဲ့ တွေ့လာတယ် မဟုတ်လား'

'နင် ဘယ်လိုသိလဲ'

'ငါသိတာပေါ့'

'ဘာလဲ ပြော'



'မင်းသားက ငါတို့နဲ့ မျက်နှာချင်းဆိုင်အခန်း (၉၈)မှာလေ'

'အေး··· ဟုတ်တယ်'

'အဲဒါ ငါစီစဉ်တာလေ'

'ဪ··· ဒါကြောင့်ကိုး'

ပြောပြောဆိုဆို နေခြည်က ကျွန်မကို လှမ်းဖက်ပြီး ကုတင်ပေါ် ထိုင်ချလိုက်တယ်။

မကြာမီမှာ···

'နဒီရေ··· ဧည့်သည်တွေ အဆင်ပြေမပြေ လိုက်ကြည့်ရအောင်'

'သွားလေ··· လိုက်ခဲ့မယ်'

ကျွန်မတို့နှစ်ယောက်နဲ့ ဧည့်ကြိုဝန်ထမ်း ကောင်မလေးသုံးယောက်နဲ့အတူ အခန်းတွေကို လှည့်လည်ကြည့်ရှုခဲ့တယ်။ 'လရိပ်ပြာ' ဆိုတဲ့ သင်္ဘောကြီးဟာ ဇိမ်ခံသင်္ဘောကြီးလို့ မပြောရဘူး။ တော်တော်ခမ်းနားတယ်။

ဒီသင်္ဘောကြီးထဲမှာ တီးဝိုင်းအဖွဲ့တွေ သီဆိုဖို့အခန်းကျယ်ကြီးရယ်၊ ဘီယာသောက်ဖို့ အခန်းကျယ်ကြီးတွေပါတယ်။ နောက် ရုပ်ရှင်ဇာတ်ဝင်ခန်းရိုက်ဖို့ အခန်းကျယ်ကြီးတစ်ခုကိုပါ တွေ့ရတယ်။ နောက် အပေါ်ထပ်မှာ လေညှင်းခံရင်း ရှုခင်းတွေကြည့်ဖို့



www.burmeseclassic.com

www.burmeseclassic.com



နေရာတွေရယ်၊ တီးဝိုင်းတစ်ခုဟာ ပစ္စည်းတွေနဲ့ ကာရာအိုကေ ဆိုချင်သူတွေအတွက် သီးသန့်နေရာလေး ရှိတယ်။

ကျွန်မတို့နှစ်ယောက်ဟာ သင်္ဘောအတွင်း လှည့်ပတ်ကြည့်ရှုရင်း ဘီယာဘားအခန်းကိုရောက်တော့ ဘီယာနဲ့ အပန်းဖြေနေတဲ့ ဒေါက်တာ ကိုမှတ်သုန်တို့အုပ်စုကို တွေ့လိုက်တယ်။

'ဒေါက်တာကြီး အဆင်ပြေရဲ့လား'

နေခြည်က လှမ်းမေးလိုက်တယ်။

'အဆင်ပြေပါတယ် နေခြည်၊ ညနေကျရင် ဟင်းကောင်းကောင်းကျွေးနော်'

'စားဖိုမှူးကို ပြောထားပြီးပါပြီ၊ ဒေါက်တာကြီးတို့အကြိုက် ဖြစ်ရပါစေမယ်ဗျာ'

'ကောင်းပါပြီဗျာ'

နေခြည်ဟာ ဖိမ်ခံသင်္ဘောကြီးပိုင်ရှင် ဦးမိုးသူရဲ့ တစ်ဦးတည်းသောသမီးဖြစ်လို့ ဒီသင်္ဘောကြီးကို စီမံခန့်ခွဲဖို့ တာဝန်ယူထားတယ်။

ဦးမိုးသူကလည်း သမီးနေခြည်ကို ယုံကြည်စိတ်ချတဲ့အတွက် သင်္ဘောကြီးတစ်ခုလုံးရဲ့ ဆောင်ရွက်မှုမှန်သမျှကို အားလုံးလွှဲထားတယ်။





နေခြည်ဟာ အပျိုချောတစ်ယောက်ဖြစ်သလို အပြောချိုတဲ့ မိန်းကလေးတစ်ဦးဖြစ်လို့ ပရိဂျူဆာ၊ ဒေါက်တာတွေနဲ့ အဆင်ပြေစွာ ဆက်ဆံနိုင်တယ်။

ပရိဂျူဆာဟာ တိုက်တင်းနစ်ရုပ်ရှင်ကားကို အရမ်းသဘောကျတယ်။

ပရိဂျူဆာနဲ့ ဒေါက်တာတို့ တိုင်ပင်ပြီး နေခြည်ရဲ့ ကမ်းရိုးတန်းသွား ဖိမ်ခံသင်္ဘောကြီး လရိပ်ပြာကို ငှားဖြစ်သွားခဲ့တယ်။ ဒီပရိဂျူဆာဟာ ပိုက်ဆံချမ်းသာတဲ့သူမို့ မင်းသားထဲက နာမည်ကြီး 'ဒေဝတာ'ကို ငှားခဲ့တယ်။

မင်းသမီးကလည်း နာမည်ကြီးတဲ့ 'နန္ဒာချိုင်း'။

သူတို့နှစ်ယောက်ဟာ သရုပ်ဆောင်တဲ့နေရာမှာ တကယ်ပီပြင်တဲ့သူတွေပဲ။ နှစ်ယောက်စလုံးဟာ အကယ်ဒမီ သုံးဆုရှင်တွေမို့ ဒီဇာတ်လမ်းမှာ အပြိုင်အဆိုင် ကြဲကြလိမ့်မယ်။ ဒီဇာတ်ကားဟာ ဇာတ်လမ်းကောင်းသလို သရုပ်ဆောင်ကောင်းတွေ သုံးထားတဲ့အတွက် ခေတ်စကားနဲ့ပြောရင် 'ပေါက်မယ့်ကား'ဖြစ်လို့ ပရိဂျူဆာကလည်း ဒီဖိမ်ခံသင်္ဘောကြီးကို ဒီဇာတ်ကားအတွက် ငှားရမ်းခဲ့တယ်။

သင်္ဘောကြီးတစ်ခုလုံးကို ဦးစီးတာဝန်ယူရတဲ့အလုပ်ဟာ



www.burmeseclassic.com

www.burmeseclassic.com



မလွယ်ကူပါ။ ဒါပေမဲ့ စည်းကမ်းတကျ လုပ်ဆောင်ခဲ့တဲ့ ဦးမိုးသူရဲ့ စည်းကမ်းရှိမှုကြောင့် သင်္ဘောဝန်ထမ်းတွေဟာ သူ့တာဝန်သူ ကျေပွန်အောင် ထမ်းဆောင်နိုင်တယ်။

ကျွန်မကတော့ နေခြည်ကို အဖော်လိုက်ပေးရုံကလွဲပြီး ဘာတာဝန်မှ မရှိတဲ့သူပဲ။ တစ်ခုတည်းသော ကျွန်မရဲ့ တာဝန်ကတော့…

'ဒေဝတာကို အင်တာဗျူးဖို့ပါပဲ'

အခုမှ ခရီးထွက်လာတော့ အင်တာဗျူးဖို့ကိစ္စကို အပူတပြင်း မဆောင်ရွက်သေးဘူး။ နောက်ထပ် ရက်တွေ အများကြီး ကျန်သေးတယ်။

ဒီလိုနဲ့ ကျွန်မနဲ့ နေခြည်ဟာ သင်္ဘောပေါ်မှာပါတဲ့ အခန်းတွေကို လိုက်လံစစ်ဆေးခဲ့တယ်။ အားလုံးဟာ အဆင်ပြေတာမို့ ကိုယ့်အခန်းဆီကို ပြန်လာခဲ့တယ်။

အခန်းတွေ စစ်ဆေးပြီး မကြာမီမှာ ညနေစောင်းအချိန်ကို ရောက်လာခဲ့တယ်။ ညစာအတွက် အခန်းကျယ်ကြီးထဲမှာ ထမင်းစားပွဲတွေ ပြင်ဆင်ခဲ့တယ်။

မင်းသားနဲ့ မင်းသမီးကတော့ အခန်းကျယ်ကြီးမှာဆင်းပြီးမစား။ သူတို့အခန်းထဲကို သွားပို့ပေးခိုင်းလိုက်တယ်။





ခဏအကြာမှာ နေခြည်ရဲ့ လက်ကိုင်ဖုန်းက အသံမြည်လာတယ်။

'ဟဲလို… နေခြည်ပါ'

'ဒေဝတာပါ'

'ပြောပါ'

'ကျွန်တော့်အခန်းထဲကို ထမင်းလာပို့ရင် နောက်ကို အမျိုးသမီးဝန်ထမ်း မလွှတ်ပါနဲ့'

'ရှင်… အမျိုးသမီးဝန်ထမ်းကို လွှတ်လိုက်လို့လား'

'ဟုတ်တယ်'

'ကောင်းပါပြီ၊ နောက်ဆို အမျိုးသားဝန်ထမ်းကို လွှတ်ပေးပါ့မယ်'

'ကောင်းပြီ'

ဒေဝတာ ဖုန်းချသွားတယ်။ ကျွန်မက ဘာလို့လဲမေးတော့ ဒေဝတာ ဖုန်းဆက်တဲ့အကြောင်း ပြောပြတယ်။

'မင်းသားကလည်း ကြီးကျယ်လိုက်တာဟယ်'

'ဒီလိုပြောမှာစိုးလို့ ယောကျ်ားလေးအခန်းကို ယောကျ်ားလေးဝန်ထမ်းလွှတ်၊ မိန်းကလေးအခန်းကို မိန်းကလေးဝန်ထမ်းကို လွှတ်ပါလို့ ပြောထားရက်နဲ့ စားသောက်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



တင် ဘယ်လိုလုပ်တယ် မပြောတတ်ဘူး၊ သွားပြောဦးမှပဲ၊ နင်လည်းလိုက်ခဲ့လေ'

'အေး . . . အေး'

စားဖိုမှူး ဦးဝင်းတင်ဆီကို ကျွန်မတို့နှစ်ဦး သွားရောက်ခဲ့တယ်။

'ဦးဝင်းတင် မင်းသားအခန်းထဲကို ဘာကြောင့် အမျိုးသမီးဝန်ထမ်းကို လွှတ်လဲ၊ အခု complain တက်လာပြီ'

'အင်း . . . နွယ်နွယ်ပဲဖြစ်မယ်ထင်တယ်၊ ကျော်ကျော်ကို မင်းသားအခန်းထဲ ထမင်းပို့ဖို့သွားခိုင်းတာ၊ နွယ်နွယ်က သူသွားပို့မယ်လို့ ပြောသံကြားတယ်၊ နွယ်နွယ်ကို ခေါ် မေးလိုက်ဦးမယ်'

'မေး . . . မေး'

မကြာခင် နွယ်နွယ် ရောက်လာခဲ့တယ်။

'နွယ်နွယ် . . . ခုနက မင်းသား အခန်းထဲကို ထမင်းသွားပို့တယ်ဆို'

'ဟုတ်ပါတယ်'

'မင်း စည်းကမ်းနားမလည်ဘူးလား၊ အမျိုးသားအခန်းကို အမျိုးသမီး မသွားရဘူးဆိုတာ'



'ကျွန်မ မင်းသားကို တွေ့ဖူးချင်လို့ သွားမိတာပါ မမ'

'အေး . . . နောက် မသွားနဲ့၊ သွားရင် အလုပ်ပြုတ်ပြီ'

'ဟုတ်ကဲ့ မမ'

နေခြည်က ခပ်မာမာပြောပြီး ပြန်ထွက်ခဲ့တယ်။

အမှန်တော့ နေခြည်ဟာ ဝန်ထမ်းတွေကို ဒီလိုမဆက်ဆံချင်ပါ။

ဒါပေမဲ့ စည်းကမ်းနဲ့ပတ်သက်လာတော့ ဒီလို တင်းကျပ်မထားလို့ မဖြစ်ဘူး။

'ငါတော့ စလာတည်းက အတိုင်ခံရပြီ နဒီ'

'မင်းသားကလည်း လွန်လွန်းပါတယ် နေခြည်'

'မင်းသားကလည်း မင်းသား၊ ဧည့်ကြိုကလည်း ဧည့်ကြိုလို့တောင် ပြောရမလားပဲ၊ ငါကပဲ အစီအစဉ်ချတာ ညံ့လို့လား၊ ဧည့်ကြိုတွေကပဲ စည်းကမ်းဖောက်တာလားလို့တောင် မေးရမလိုဖြစ်နေပြီ'

'အလုပ်ဆိုတာကတော့ ဒီလိုပါပဲ၊ အဖုအထစ်ဆိုတာ ရှိစမြဲပါပဲဟာ၊ စိတ်မကောင်းမဖြစ်ပါနဲ့'

'အင်း . . . ဒေဝတာဆိုတဲ့ မင်းသားကတော့ စကတည်းက ယဉ်သကိုယ်'

www.burmeseclassic.com

www.burmeseclassic.com



'ငါနဲ့ကတော့ ဟိုးအရင်ကတည်းက ယဉ်သကိုယ်ဝဲ

ကျွန်မတို့နှစ်ယောက်နဲ့ ဒေဝတာဟာ ခရီးအစမှာတည်းက အဖုအထစ်ကလေး ဖြစ်ခဲ့ပြီ။ လမ်းခရီးတစ်လျှောက်လုံး ဘာကျေကြုံတွေ့ရမလဲ မသိ။

စိတ်မောပါတယ် ဒေဝတာရယ်။

• • •

## အခန်း(၃)

ဒီနေ့မနက် အစောကြီးကတည်းက ဒါရိုက်တာကြီး အလုပ်ရှုပ်နေတယ်။ ကုန်းပတ်ပေါ်နဲ့ အခန်းကျယ်ကြီးထဲမှာ ရုပ်ရှင်စရိုက်တော့မယ်တဲ့။

ကျွန်မနဲ့ နေခြည်ဟာ ထုံးစံအတိုင်း သဘောခန်းတွေကို လှည့်လည်ကြည့်ရှုခဲ့တယ်။

ဒါရိုက်တာကြီးရဲ့ဘေးမှာ အမျိုးသားတစ်ယောက် ဖိုင်ကိုင်ပြီးရပ်နေတာ တွေ့ရတယ်။ ကျွန်မတို့ကိုမြင်တော့ ဒါရိုက်တာကြီးက လှမ်းခေါ်လိုက်တယ်။

'ဒေါ်နေခြည် လာပါဦး'

'ပြောပါ ဒါရိုက်တာကြီး'

'ကျွန်တော်တို့ ဒီနေ့မှာ မော်ဒယ်အကနဲ့ စရိုက်မှာမို့ ဒက်ကရေးရှင်း နည်းနည်းလုပ်ရမယ်၊ အဲဒါ သရိုက်ဖို့ နည်းနည်းပါတယ်၊ ခွင့်ပြုပါ'

www.burmeseclassic.com

www.burmeseclassic.com



'သံရိုက်မယ်ဆိုရင်ရိုက်ပါ၊ နည်းနည်းတော့ထိန်းရိုက်ပါ'

'ဪ… ဒါနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒါက ဇာတ်ညွှန်းဆရာ ဖုန်းပြည့်အောင်ပါ၊ သူကတော့ ဒေါ်နေခြည်၊ ဟိုဘက်က ဒေါ်ယွန်းနဒီပါ'

'တွေ့ရတာ ဝမ်းသာပါတယ်၊ ကိုဖုန်းပြည့်အောင်က နာမည်ကြီးဇာတ်ညွှန်းဆရာပဲ၊ လူမတွေ့ဖူးပေမယ့် ဆရာ့ဇာတ်ညွှန်းပါတဲ့ကားတွေကို ကြည့်ဖူးပါတယ်'

နေခြည်က ဖုန်းပြည့်အောင်ကို ပြုံးပြုံးရွှင်ရွှင် ပြောလိုက်တယ်။

ကိုဖုန်းပြည့်အောင်က ခပ်ပြုံးပြုံးနဲ့…

'ဒီလောက်လည်းမဟုတ်သေးပါဘူး၊ ဒါထက် ဒေါ်ယွန်းနဒီရဲ့ ဆောင်းပါးနဲ့ အင်တာဗျူးတွေကို ကျွန်တော် ဖတ်ရပါတယ်၊ ဒေါ်ယွန်းနဒီရဲ့ အတွေးအခေါ်တွေ ရေးဟန်တွေက အဆင့်မြင့်ပါတယ်'

'ဒီလောက်လည်း မဟုတ်သေးပါဘူး ဆရာကိုဖုန်းပြည့်အောင်ရယ်'

ရယ်ရယ်မောမောပြောရင်း ကျွန်မတို့အားလုံး ရင်းရင်းနှီးနှီး ဖြစ်သွားကြတယ်။



ဒီမှာ ရှုတင်မန်နေဂျာကလည်း အခန်းအနားတွေကို စိတ်တိုင်းကျ ပြင်ဆင်နေလေရဲ့။

ဒါရိုက်တာ ကိုမုတ်သုန်က ကျွန်မတို့ကို ရှင်းပြတယ်။

'ဒီအခန်းဟာ အပြင်မှာရိုက်ပြီး ကားပြန်ဆက်လို့ရတယ်၊ ဒါပေမဲ့ မင်းသမီးက မော်ဒယ်အကခေါင်းဆောင်အခန်း ရိုက်ရမှာဆိုတော့ ခရီးသွားရင်း အချိန်ကုန်မယ့်အစား မော်ဒယ်တွေနဲ့ တစ်ခါတည်းရိုက်လိုက်တော့မယ်'

'ကောင်းပါတယ်၊ ကုန်းပတ်ပေါ်မှာ ရိုက်မှာဆိုတော့ ရှုခင်းတွေပါ နောက်ခံပါတော့ သဘာဝကျတာပေါ့'

'ဟုတ်ပါတယ် နေခြည်'

မကြာမီမှာ ကျွန်မတို့နှစ်ယောက် ကုန်းပတ်ဆီကို သွားခဲ့တယ်။

အဝါရောင်ဝတ်ထားတဲ့ မော်ဒယ်တွေရဲ့ကြားမှာ ပန်းနုရောင်ဝတ်ထားတဲ့ ရုပ်ရှင်မင်းသမီးလေး 'နှင်းချိုး' ကို တွေ့လိုက်ရတယ်။ သူတို့ဝတ်ထားတဲ့ အဝတ်အစားဟာ အသားကပ် အင်္ကျီရှည်နဲ့ အသားကပ်ဘောင်းဘီရှည်မို့ ကိုယ်လုံးအလှဟာ ပေါ်လွင်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



နန္ဒာချိုင်းဟာ ကိုယ်လုံးကိုယ်ပေါက်တင် အချိုးအစား တာ မပဟုတ်ဘူး။ မျက်နှာကလေးကလည်း ဝင်းမွတ်ပြီး အရေ လှပတယ်။ မည်းနက်တဲ့ မျက်ခုံးကလေးဟာ တကယ့် စင်ရော် တောင်ကလေးလို သူမရဲ့မျက်နှာနဲ့ လိုက်ဖက်တယ်။ မျက်ဖ အစုံကလည်း တောက်ပလို့နေတယ်။

သူမကို ယောကျာ်းလေးပရိသတ်က အသည်းစွဲပဲ။

သူမကလည်း အကယ်ဒမီ ရွှေစင်ရုပ်ပိုင်ရှင်ဖြစ်လို့ အိုက်တင်က အပြည့်။

သူမတို့ဟာ သူတို့နှစ်ဦးရဲ့ သရုပ်ဆောင်ချက်တွေကို မကြာမီ တွေ့ရတော့မှာပါ။

ကျွန်မကတော့ ဒီဇာတ်ကားရဲ့ လှုပ်ရှားမှုတွေကို ဓာတ်ပုံ ရိုက်ဖို့ ကျွန်မရဲ့ ဒစ်ဂျစ်တယ်ကင်မရာလေးကို အသင့်ပြင်ထား လိုက်တယ်။

မကြာမီမှာ မော်ဒယ်ကောင်မလေးတွေဟာ ဒန်ဆာ အသွင်နဲ့ စတင်လှုပ်ရှားဖို့ ပွဲမဝင်မီ လေ့ကျင့်နေတယ်။

ဟော… နောက်ခံတီးလုံးတွေ စတင်ပျံ့လွင့်လာပြီ။

ကကွက်နဲ့ လိုက်ဖက်တဲ့ မြူးကြွတဲ့ တီးလုံးတွေဟာ မြိုင်မြိုင်ဆိုင်ဆိုင် ပေါ်ထွက်လာခဲ့တယ်။



ဒန်ဆာကောင်မလေးတွေ ကုန်းပတ်ပေါ်က နေရာဆီကို ပြေးကလေး ဝင်လာခဲ့တယ်။ သူတို့ နေရာယူအပြီးမှာ ပရိသတ် အသည်းစွဲ နန္ဒာချိုင်းဟာ မြူးကြွတဲ့အကကလေးနဲ့ ဒန်ဆာ ထဲကို ဝင်ရောက်လာတယ်။

နန္ဒာချိုင်းဟာ ဒန်ဆာခေါင်းဆောင်တစ်ယောက်အဖြစ် ဝင်ခန်းမှာ နေရာယူထားတဲ့အတွက် သူမရဲ့ ကကွက်တွေဟာ ယ်ကို ပီပြင်တယ်။ မျက်ခွံပေါ်မှာ ရွှေမှုန်၊ ငွေမှုန်နဲ့ အလှ ထားလို့ မီးထိုးလိုက်တဲ့ အခါတိုင်းမှာ သူမရဲ့ မျက်နှာကလေး း လက်နေတယ်။

လှလိုက်တဲ့ မင်းသမီးကလေး နန္ဒာချိုင်း။

ကျွန်မ ဓာတ်ပုံရိုက်ဖို့တောင် မေ့နေတယ်။

နေခြည်က…

'နှဒီ နင်ဘာငေးနေတာလဲ၊ နင့်မဂ္ဂဇင်းအတွက် ဓာတ်ပုံ မရိုက်ဘူးလား'

'ဩော်… ဟုတ်သားပဲ၊ နန္ဒာချိုင်းရဲ့ အိုက်တင်မှာ နစ်မြောသွားတယ်၊ သူကတော့ တကယ်လှတာပဲ'

'အေး… ဟုတ်တယ်၊ သူနဲ့ ဒန်ဆာတွေကနေတဲ့ပုံကို သေသေချာချာရိုက်'



www.burmeseclassic.com

www.burmeseclassic.com



'အေး…'

ကျွန်မဟာ နေခြည်ပြောမှ အသက်ဝင်လှုပ်ရှားသွားတယ်။ သူတို့ရဲ့ပုံတွေကို ကျွန်မဟာ ရှုထောင့်အမျိုးမျိုးကနေ ရိုက်ခဲ့တယ်။ မကြာခင်မှာ…

မင်းသားဒေဝတာဟာ ရိုက်ကွင်းထဲကို ဝင်လာပါပြီ။

မင်းသားဟာ အရှမ်းချမ်းသာတဲ့ သူဌေးသားအဖြစ် သရုပ်ဆောင်ရတယ်။ အဝတ်အစားတွေကလည်း ခေတ်ရှေ့ပြေးနေတဲ့ ဒီဇိုင်းနဲ့။ အရမ်းကို သားနားတယ်။

အဲဒီအခန်းက အပျော်စီးသင်္ဘောပေါ်မှာ ပျော်ပွဲရေးဒန်ဆာအဖွဲ့က အကနဲ့ပျော်ပြေစဉ် ကောင်လေးက ကောင်မလေးကို ခိုက်သွားတဲ့အခန်းပေါ့။

ကောင်မလေးကလည်း ကရင်းနဲ့ ကောင်လေးကို မျက်မှန်းတန်းမိသွားတယ်။ စကားပြောမပါဘဲ မျက်လုံးနဲ့ အိုက်တင်လုပ်သွားတဲ့ အခန်းကို ကလို့စ်အပ်ရော ခပ်ဝေးဝေးကပါ ပုံစံအမျိုးမျိုးနဲ့ ရိုက်နေတယ်။

မင်းသားရဲ့ စူးရဲတဲ့အကြည့်တွေဟာ အချစ်ရည်ရွှန်းလဲ့နေတယ်။ မင်းသားရဲ့အိုက်တင်ဟာ မုဒိဘယ်လောက်ဝင့်နေသလဲဆိုရင် ဘေးကကြည့်ရတဲ့လူတောင် ရင်ထဲမှာ လှိုက်ဖိုသွားတယ်။





တကယ့်ကို ချစ်တတ်လွန်းသူတစ်ယောက်ရဲ့ မျက်နှာထားမျိုးပဲ။ ဒါကြောင့် မင်းသားရဲ့ အနုပညာကို တင်စားတဲ့အနေနဲ့ 'ရုပ်ရှင်ကဝေ ဒေဝတာ'လို့တောင် ပြောဆိုနေကြတယ်။

မင်းသမီးကလေးဟာ ကရင်းနဲ့ မင်းသားကိုကြည့်တဲ့အကြည့်ဟာ စွဲမက်ဖို့ကောင်းတယ်။

ဇာတ်ညွှန်းအရ ပထမကဒ် အချစ်ကို စတင်မွေးဖွားတဲ့အခန်းကို သိမ်မွေ့ညင်သာစွာ ရိုက်ကူးထားတယ်။

နာမည်ကြီးသရုပ်ဆောင်တွေမို့ ဒါရိုက်တာက သိပ်သေချာပြီး ပီပြင်အောင် သရုပ်ဆောင်နိုင်တယ်။ ဇာတ်ကောင်တွေရဲ့အိုက်တင်က ပီပြင်လွန်းလို့ ရုပ်ရှင်ရိုက်နေတယ်လို့တောင် မထင်ရဘူး။ ကြည့်ရင်းကြည့်ရင်း အသက်ရှူဖို့တောင် မေ့သွားတယ်။

'ကပ်(ထ်)'

ဆိုတဲ့အသံကြားမှ ကျွန်မ သတိပြန်ဝင်လာတယ်။

'ဒါရိုက်တာကြီး… ဒီအခန်းက အရမ်းကောင်းတာပဲ'

'ဒေါ်နေခြည်ရေ… ဒီလိုပဲ ကြိုးစားရတာပဲ'

ဒီအချိန်မှာ ကားရိုက်ပြီးသွားလို့ မင်းသား၊ မင်းသမီးတွေဟာ ဒါရိုက်တာနားကို ရောက်လာတယ်။

မင်းသားက ဒါရိုက်တာကြီးကို…



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် သွားနှင့်ပြီ' လို့ နှုတ်ဆက်ပြီး ရိုက်ကွင်းက ထွက်သွားတယ်။ ဒန်ဆာခေါင်းဆောင် ဝင့်သဇ္ဇာက ရုပ်ရှင်ထဲမှာ ဒုတိယဇာတ်လိုက်။

'ဒါရိုက်တာကြီး... သဇ္ဇာတို့ကကွက် ဘယ်လိုနေလဲ'

'ကောင်းပါတယ်'

'မနက်ဖြန် ကကွက်ပြောင်းမယ်၊ အကတွေ ပြန်လေ့ကျင့်ထားဦး'

'ကောင်းပါပြီ... ဒါရိုက်တာကြီး'

ပြောပြောဆိုဆို မင်းသားသွားရာဆီသို့ လှမ်းငေးကြည့်ပြီး–

'မင်းသားကလည်း စကားပြောဖို့တောင် အချိန်မပေးဘူး၊ အိုက်တင်ခံလိုက်တာ အရမ်းပဲ'

ထိုစဉ် ဒါရိုက်တာက မင်းသားကို 'ကိုဒေ' တဲ့။

(ဒေဝတာ)ကို အဖျားဆွတ်ခေါ်တဲ့နာမည်ဖြစ်တဲ့ ကိုဒေလို့ သုံးနှုန်းခဲ့တယ်။

'ကိုဒေက လူတစ်မျိုး၊ သူက ဇာတ်ဝင်ခန်းရိုက်ပြီး သူတစ်ယောက်တည်း အေးအေးဆေးဆေးနေတတ်တယ်၊ သူ့ကို စကားသွားပြောရင် မကြိုက်ဘူး'

'နာမည်ကြီးမင်းသားဆိုတော့ ဘဝင်မြင့်တာ နေမှာပေါ့'





'မဝင့် စကားကို ဆင်ခြင်ပြီးပြောပါ၊ ကိုဒေကြားသွားရင် မကောင်းဘူး'

'ကဲပါ... မဝင့် မှားသွားပါတယ် ဆရာ'

ထောင့်တစ်ထောင့်က ရပ်ကြည့်နေတဲ့ ကျွန်မတို့နှစ်ဦးဟာ ဝင့်သဇ္ဇာရဲ့ ပြောဆိုမှုတွေကို အကုန်တွေ့လိုက်ရတယ်။

ဒီတော့ နေခြည်က ကျွန်မကို တိုးတိုးလေးပြောလိုက်တယ်။

'မင်းသားကိုဒေနဲ့ ဝင့်သဇ္ဇာတို့ ဒီအတိုင်းသွားရင် တစ်ချိန်ချိန်မှာ ငြိလိမ့်မယ်'

'ဖြစ်နိုင်တယ်'

ကျွန်မကလည်း ဒီလိုမှတ်ချက်ချလိုက်တယ်။

ဒီနေ့အဖို့ တစ်နေ့တာ ရိုက်ကွင်းပြီးဆုံးသွားပြီ။

ကျွန်မတို့နှစ်ယောက်လည်း နတ်ကရာ ကျီးမောအပြီး ဆိုသလိုဖြစ်ပြီး ကိုယ်လက်တွေ ညောင်းညာကိုက်ခဲလာတဲ့အတွက် အခန်းဆီကို ပြန်လာခဲ့တယ်။

အခန်းနားအရောက်မှာ သာမန်ရုပ်အင်္ကျီလေးကို ဝတ်ဆင်ထားတဲ့ ဒေဝတာဟာ အခန်းထဲကထွက်လာတာနဲ့ ကြုံပြီး မျက်နှာချင်းဆိုင် ဆုံတွေ့လို့ သူက ကျွန်မတို့ကို စတင်ပြုံးပြတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မလည်း တစ်လှေတည်းစီး တစ်ခရီးတည်းသွားတဲ့ ဒေဝတာကို ပြန်ပြုံးပြလိုက်တယ်။

'ဒေါ်ယွန်းနဒီတို့ ပြန်လာပြီလား'

'ရှင်'

ကျွန်မ တကယ့်ကို အံ့သြသွားစေတယ်။ သူဟာ ကျွန်မတို့ရဲ့နာမည်ကို မသိလောက်ဘူးလို့ ထင်တာ။ အခုတော့ နေခြည်နာမည်ကို နှုတ်မဆက်ဘဲ ကျွန်မနာမည်ကိုခေါ်ပြီး နှုတ်ဆက်တာ။ ကျွန်မ ဘာမှပြန်မဖြေနိုင်အောင်ဖြစ်လို့ နေခြည်ကပဲ…

'ကျွန်မတို့ ပြန်လာပါပြီ' လို့ ခပ်သွက်သွက်ကလေး ဖြေလိုက်တယ်။ အခန်းထဲရောက်တော့…

'မင်းသားက နှင့်ကို ရုတ်တရက်နှုတ်ဆက်လိုက်တော့ ငါ တော်တော်အံ့သြသွားတယ်'

'အေးလေ… နှင့်ကို ဒေါ်နေခြည်၊ ဒေါ်နေခြည်ဆိုပြီး ခဏခဏခေါ်နေတာ၊ အခုမှ ဘာကြောင့် ငါ့နာမည် ခေါ်လိုက်သလဲ မသိဘူး'

'အဲဒါ နှင့်ကိုဖားတာ'

'ဘာကြောင့် ငါ့ကိုဖားရမှာလဲ'

'ဒီဇာတ်ကားဟာ လူကြိုက်များမယ့်ကားဆိုတော့ နှင့်နဲ့





အင်တာဗျူးချင်လို့ နေမှာ'

'အောင်မယ်လေး… ဒီမင်းသားလား၊ အင်တာဗျူးမယ်ဆိုတာနဲ့ ချက်ချင်း မအားဘူးဆိုတာ ဖြစ်သွားတော့တာပဲ၊ ကြုံလို့နှုတ်ဆက်တာ နေမှာ'

'အေးပါ… ဖြစ်နိုင်ပါတယ်'

ကျွန်မလည်း တစ်နေ့လုံး မတ်တတ်ရပ်နေရလို့ ခုတင်[…]မှာ လှဲချလိုက်တယ်။ နေခြည်ကလည်း ကျွန်မဘေးမှာ[…]လှဲရင်း ဒီတစ်နေ့အတွက် အနားယူခဲ့ကြတယ်။

အိပ်ရာထဲမှာ အတူလဲလျောင်းနေရင်း နေခြည်က…

'ဒေဝတာဟာ တော်တော်ချောတာပဲနော်'

'နှင်ကလည်း အရင်းမရှိ အဖျားမရှိ၊ အိပ်ခါနီးတောင် မင်းသားကို တွေးနေသေးတယ်'

'ဩော်… နဒီရယ်၊ ချောလို့ ချောတယ်လို့ ပြောတာပဲ'

'နှင် သူ့ကို ရင်ခုန်နေလား'

'ရင်ခုန်တယ်တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ သူရုပ်ရှင်ရိုက်နေတုန်း ကြည့်ရတာ ချစ်သူတစ်ယောက်ကို နူးညံ့တဲ့အချစ်ကိုပေးတတ်တဲ့သူမျိုး သရုပ်ဆောင်တဲ့အခန်းက ကြည့်ရင်း ကြည့်ရင်း ကြည်နူးသလို ခံစားရတယ်။ ဒါဟာ

www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ အနုပညာပဲ၊ သူ့ရဲ့ အနုပညာကို ငါခံစားမိတယ်'

'နင်ပြောတာ ငါလက်ခံပါတယ်၊ သူ့ရဲ့ အနုပညာစွမ်းဆောင်ချက်ဟာ ပရိသတ်ရဲ့ရင်ကို ဖမ်းစားနိုင်တယ်၊ ဒါကြောင့်လည်း သူနာမည်ကြီးတာပဲ'

'နောက်ရက်တွေမှာ သူတို့နှစ်ဦးဟာ တကယ့် ရိုမီယိုနဲ့ ဂျူးလီးယက်လို သရုပ်ဆောင်ရမှာဆိုတော့ နောက်ရက်တွေမှာ ဒီထက်ပိုပြီး ကြည့်လို့ကောင်းမယ်'

'အေး... ဟုတ်တယ်... ကဲ... နေခြည်ရေ၊ စကားပြောရတာ ကောင်းပေမယ့် ညဉ့်နက်နေပြီ၊ အိပ်ကြစို့'

'အေး...'

ကျွန်မတို့နှစ်ယောက် ဘုရားရှိခိုး ဆုတောင်းမေတ္တာပို့ပြီး အိပ်ခဲ့ကြတယ်။ ကျွန်မတို့အိပ်တော့ (၁၂)နာရီထိုးနေပြီ။

မှေးခနဲ အိပ်ပျော်သွားစဉ်မှာ နေခြည်ရဲ့ဟမ်းဖုန်းက မြည်လာတယ်။ တီးလုံးသံကလေးမို့ နိုးတစ်ဝက် အိပ်မက်ထဲမှာ ဂီတသံစဉ်တစ်ခု လှုပ်ခတ်သွားသလိုပဲ။

'နေခြည်... နေခြည်... ဖုန်းလာနေတယ်'

'ဟင်း... အရေးထဲမှာ ဒီအချိန်ကြီး၊ ဘယ်သူများ ဆက်သလဲ မသိဘူး'





'ကဲပါ... ဖုန်းပြောလိုက်ပါဦး'

နေခြည်က အိပ်ချင်မူးတူးနဲ့...

'ဟဲလို... နေခြည်ပါ'

'ဒေါ်နေခြည်လား၊ ကျွန်တော် ဒေဝတာပါ'

'ရှင်...'

နေခြည်က လန့်သွားကာ 'ရှင်'ဟူတဲ့ အာမေဋ္ဍိတ်သံထွက်ပေါ်လာပါတယ်။

'ဒေဝတာ ပြောနေပါတယ်'

'ကိုဒေဝတာ ဘာကိစ္စရှိလဲ ပြောပါ'

'ပြောရမှာတော့ အားနာပါတယ်၊ ဒါပေမဲ့ ကျွန်တော့်အခန်းထဲက အဲယားကွန်း ပျက်သွားတယ်နဲ့ တူတယ်၊ ဘာအအေးဓာတ်မှ မရတော့ဘူး၊ အဲဒါ ကျွန်တော့်အခန်းကို လာကြည့်ပေးပါဦး'

'ကောင်းပါပြီ... အခုပဲ စက်ပြင်ဆရာနဲ့ ကျွန်မ လာခဲ့ပါမယ်'

နေခြည်က မျက်နှာရှုံ့မဲ့သွားပြီး...

'နှင်းဒီရေ... စက်ဆရာသွားခေါ်ရအောင်'

ကျွန်မတို့နှစ်ဦး စက်ဆရာခေါ်ပြီး ဒေဝတာ့အခန်းကို

www.burmeseclassic.com



သွားခဲ့တယ်။ စွပ်ကျယ်လက်ပြတ်နဲ့ ဘောင်းဘီအတိုဝတ်ထားတဲ့ မင်းသားဒေဝတာကို တွေ့လိုက်ရတယ်။

'အဲယားကွန်း ဘာဖြစ်သွားလဲ မသိဘူး၊ ဖွင့်လို့မရဘူး'

စက်ပြင်ဆရာက ဒေဝတာကို…

'ဟုတ်ကဲ့… ကျွန်တော် ကြည့်ပေးပါ့မယ်'

ပြောပြောဆိုဆို ရီမုဒ်နဲ့ စမ်းကြည့်ခဲ့တယ်။

တစ်ခဏကြာအောင် ရီမုဒ်ကို ဟိုနှိပ်သည်နှိပ်လုပ်ရင်း အဲယားကွန်း ပြန်ကောင်းသွားခဲ့တယ်။

'အဲယားကွန်း ကောင်းသွားပါပြီ'

စက်ဆရာက ပြောလိုက်တယ်။

'ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်'

လို့ နေခြည်က ပြန်ပြောလိုက်တယ်။

'ဒေါ်နေခြည်တို့ ဒေါ်ယွန်းနဒီတို့လည်း ကျွန်တော့်ကြောင့် အိပ်ရေးပျက်သွားပြီဗျာ၊ တောင်းပန်ပါတယ်'

'ရပါတယ် ကိုဒေဝတာ၊ ဒါဟာ အလုပ်ပဲ'

'ကျွန်တော့်နာမည် ခေါ်ရတာရှည်ရင် 'ကိုဒေ'လို့ ခေါ်နိုင်ပါတယ်'

'ကောင်းပါပြီ၊ ကျွန်မတို့ကိုလည်း ရင်းနှီးတဲ့အနေနဲ့





'ဒေါ်'တပ်မခေါ်ပါနဲ့တော့၊ 'နေခြည်'တို့ 'နဒီ'တို့ဆိုင်လည်း ခေါ်လို့ရပါတယ်၊ အသက်အရွယ်ချင်းက သိပ်မှ မကွာတာ'

'ကောင်းပါပြီ နေခြည်ရယ်'

'ကဲ… ဒါဆို ကိုဒေ၊ အခု အိပ်ကြေသွားပြီနော်၊ ကျွန်မတို့ ပြန်တော့မယ်'

'ကောင်းပါပြီဗျာ'

သူ့ကိုနှုတ်ဆက်ပြီး ကျွန်မတို့နှစ်ယောက် အခန်းသို့ပြန်ခဲ့ကြတယ်။

ခုတင်ပေါ်တွင် လဲလျောင်းရင်း အိပ်မပျော်တော့ပေ။ နေခြည်က အရင်စကားဆိုခဲ့တယ်။

'ဒီမင်းသားကတော့ ငါတို့ကို အိပ်ရေးပျက်အောင် လုပ်ချလိုက်ပြီ'

'အေးလေ… အချိန်မတော်ကြီးမှာ သူမို့ အားနာတယ်'

ကျွန်မကလည်း နေခြည့်စကားကို ထောက်ခံပြောဆိုလိုက်တယ်။

'မင်းသားဟာ အဲယားကွန်းမပျက်ဘဲနဲ့ ပျက်ချင်ဟန်ဆောင်ပုံရတယ်၊ စက်ဆရာက ရီမုဒ်နှိပ်ရုံနဲ့ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မပြင်ရဘဲ ကောင်းသွားတယ်'

'အေး··· အဲဒါ ငါလည်း သတိထားမိတယ်၊ မင်းသာ
က သိပ်မရှိဘူးနဲ့တူတယ်'

'တစ်ခုခုတော့ တစ်ခုခုပဲ'

'အေးလေ··· သူ့ကိုယ်သူ 'ကိုဒေ'တဲ့၊ အဟတ်··
အဟတ်···'

ကျွန်မက ရယ်မောရင်း ပြောလိုက်တယ်။

နေခြည်က သမ်းဝေရင်း···

'အိပ်ရေးပျက်တယ် ကိုဒေရယ်'

ခနဲ့တဲ့အပြုံးကလေး ပြန်ပြောရင်း ကျွန်မတို့နှစ်ယောက်
အားရပါးရ ရယ်မောခဲ့တယ်။

'ငါ့ကိုက ရှည်တာပါ နဒီရယ်၊ ဘယ်သဘောမှ အဲယား
ကွန်းမတပ်ဘူး၊ ငါရှည်ပြီး စပယ်ရှယ်အခန်းတွေမှာ
အဲယားကွန်းတပ်လိုက်တာ အိပ်ရေးပျက်တဲ့ဘဝကို
ရောက်တော့တာပဲ'

'အေးလေ··· သူ ပြဿနာရှာတာ နှစ်ခါရှိပြီ၊ ဒီတစ်ခါ
ကတော့ ငါတို့အလှည့်ပဲ'

'အေး··· အလှည့်ကျရင်တော့ မနွှတမ်းပေါ့ ကိုဒေရယ်'



'ဟုတ်တယ်··· ဟုတ်တယ်၊ သူ့ကို အိပ်ရေးပျက်အောင်
ပြန်လုပ်ရမယ်'

ကျွန်မတို့နှစ်ယောက်နဲ့ ဒေဝတာ ပွဲကြီးပွဲကောင်းအဖြစ် တစ်ပွဲပွဲတော့ နွှဲရလိမ့်ဦးမယ် ထင်ပါရဲ့။

နံနက် (၆)နာရီ။

ကမန်းကတန်း အိပ်ရာက ထလိုက်ကြတယ်။ ညက အိပ်ရေးပျက်တာကြောင့် ခေါင်းမူးဝေပြီး မနည်းထလိုက်ရတယ်။ မျက်နှာသစ် အဝတ်အစားလဲပြီးတာနဲ့ စားဖိုချောင်ကို စစ်ဆင်ရေး ဝင်ခဲ့တယ်။ အားလုံး ပုံမှန်အနေအထားပဲ။

အဖွဲ့သား တော်တော်များများဟာ စားသောက်ခန်းမ ကျယ်ကြီးထဲမှာ စားသောက်နေကြပြီ။ ကျွန်မတို့နှစ်ယောက်လည်း လွတ်တဲ့ခုံမှာ ဝင်ထိုင်ရင်း နံနက်စာ စားခဲ့ကြတယ်။

အစားစားရင်း အခန်းထဲကို လှမ်းကြည့်လိုက်တော့ ဒါရိုက်တာနဲ့ ဇာတ်ညွှန်း ကိုဖုန်းပြည့်အောင်က စားပွဲတစ်ခုမှာ စားသောက်နေတာ တွေ့ရတယ်။

ဒန်ဆာခေါင်းဆောင် 'သဉ္ဇာ'ကို ဒီစားသောက်ခန်းမှာ စားသောက်တာ တွေ့ရတယ်။ 'ဝင့်သဉ္ဇာဟာ နန္ဒာချိုင်းနဲ့ တွဲဖက် ကပြရတဲ့ ဒုတိယခေါင်းဆောင်တစ်ဦးပါ။ သဉ္ဇာက ကျွန်မတို့ကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့တော့ လက်ကလေးလှမ်းမြှောက်ပြတယ်။ သူ အမိကနှုတ်ဆက်တာကတော့ နေခြည်ပါ။ နေခြည်ဟာ သူ့ဈေးသမီးတစ်ယောက်ဖြစ်သလို နဂိုကတည်းက သူနဲ့ ရင်းနှီးပြီးသားပါ။ ကျွန်မက သူတို့အသိုင်းအဝိုင်းနဲ့မတူတဲ့ အနုပညာအသိုင်းအဝိုင်းထဲကလူ။ ဒါပေမဲ့ နေခြည် သူငယ်ချင်းဖြစ်နေတာကြောင့် ကျွန်မကိုပါနှုတ်ဆက်ကြတယ်။

ကျွန်မတို့ ထမင်းကြော်စားပြီး လက်ဖက်ရည်သောက်နေချိန်မှာ မင်းသားဒေဝတာဟာ အခန်းထဲကို ဝင်လာတယ်။

နေခြည်ကတော့ ဒီသင်္ဘောကြီးမှာ တာဝန်ရှိသူတစ်ယောက်ဖြစ်လေတော့…

'ဟိုင်း…'

လက်ပြပြီး လှမ်းနှုတ်ဆက်လိုက်တယ်။

'ဟိုင်း…'

ဒေဝတာကလည်း ပြန်ပြီးလက်ပြကာ နှုတ်ဆက်လိုက်တယ်။ ကျွန်မရဲ့ စိတ်ထဲမှာ…

'အောင်မယ်လေး… သူတို့ကိုယ်သူတို့ ဘိုကြီးတွေ ဘိုမကြီးတွေ ကျနေတာပဲ၊ ဘိုလို နှုတ်ဆက်နေလိုက်တာ၊ တဟိုင်းဟိုင်းနဲ့'





အဲဒီလို တွေးနေတုန်း…

ဒေဝတာဟာ ကျွန်မတို့စားပွဲဆီကို တန်းတန်းမတ်မတ်လာပြီး လွတ်နေတဲ့ထိုင်ခုံမှာ ဝင်ထိုင်လိုက်တယ်။

'နေခြည်တော့ မသိဘူး၊ ကျွန်တော်တော့ ခေါင်းတွေမူးနေတယ်၊ တော်သေးတယ်၊ ဒီနေ့ ကားရိုက်တာနေ့လယ်မှ စမှာမို့လို့'

'ဒါဆို မနက်စောစော ဘယ်အခန်းရိုက်မှာလဲ'

'မင်းသမီးနဲ့ ဒန်ဆာတွေ ဘဲလေးအကလိုမျိုး စလိုးမိုးရှင်းနဲ့ကတဲ့အခန်းမှာ၊ သူတို့ပြီးမှ ကျွန်တော်နဲ့ နန္ဒာက Love Scenes ရိုက်ရမယ်'

'ဒါဆို စောစောမထလည်း ရတာပဲ'

'ဘယ်လိုဖြစ်သွားမှန်း မသိပါဘူး၊ အိပ်လို့ကို မရတော့တာ၊ အခန်းထဲမှာလည်း မစားချင်တာနဲ့ အောက်ကိုဆင်းလာတာ'

'ကိုဒေကြိုက်တာ မှာစားပါ'

'အင်း… ထမင်းကြော်နဲ့ ကြက်ဥပြုတ်(ဖ)ဖရိုက်၊ နောက်လက်ဖက်ရည်ကျကျတစ်ခွက်'

မင်းသားဒေဝတာက ကျွန်မတို့ဝိုင်းမှာလာထိုင်တော့



www.burmeseclassic.com

www.burmeseclassic.com



အခြားစားပွဲပေါ်မှာ ထိုင်နေကြတဲ့ လူအတော်များများဟာ ကျွန်မတို့နှစ်ယောက်ကို မသိမသာ လှမ်းကြည့်ကြတယ်။

ဒေဝတာကတော့ ခပ်အေးအေးပါပဲ။

'မနေ့ညက နေခြည်တို့ကို ဒုက္ခပေးရတာ အရမ်းအားနာပါတယ်၊ ရန်ကုန်ပြန်ရောက်ရင် ကျွန်တော် နေခြည်တို့ကို ဟိုတယ်တစ်ခုခုမှာ ကျွေးပါရစေ'

'နေပါစေ ကိုဒေရယ်၊ ကျွန်မမှာ လုံးဝတာဝန်ရှိပါတယ်၊ ကျွန်မရဲ့သဘော်နဲ့ လိုက်လာသူမှန်သမျှ အားလုံး စိတ်ချမ်းမြေ့စေချင်ပါတယ်'

'ကျွန်တော်ဆိုလိုတာက မနေခြည် လုပ်ပေးတဲ့အလုပ်ဟာ စေတနာပါပါတယ်'

'စေတနာကို နားလည်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်'

'ဒါနဲ့ ယွန်းနဒီတို့ မဂ္ဂဇင်းအတွက် အင်တာဗျူးမယ်ဆိုရင် အချိန်မရွေး လာနိုင်ပါတယ်'

'ကျေးဇူးအထူးတင်ပါတယ် ကိုဒေ'

ကျွန်မတို့ စကားပြောနေစဉ် ဒန်ဆာခေါင်းဆောင် ဝင့်သဉ္ဇာက လွတ်တဲ့ထိုင်ခုံမှာ ဝင်ထိုင်လိုက်တော့ အားလုံး အံ့အား



သင့်သွားတယ်။ တကယ်တော့ ဒီအပြုအမူဟာ မယဉ်ကျေးတဲ့ အပြုအမူတစ်ခုပဲ။

'ကိုဒေကို ပြောစရာရှိလို့ပါ'

'ပြောပါ'

'ရန်ကုန်ရောက်ရင် ဝင့်ရဲ့မွေးနေ့ပွဲ ကျင်းပမှာမို့ ကိုဒေကို ဖိတ်ချင်လို့ပါ'

'ကားရိုက်တဲ့နေ့နဲ့လွတ်ရင် လာခဲ့ပါမယ်'

'ကောင်းပါပြီတဲ့ရှင်··· ကျွန်မကို ခွင့်ပြုပါဦး'

ပြောပြောဆိုဆို အိုက်တင်အပြည့်နဲ့ ထသွားတယ်။

'ဩော်··· ကိုယ်ရည်သွေးတဲ့ ကြယ်တစ်ပွင့်'ပဲလို့ ကျွန်မ မှတ်ချက်ချလိုက်တယ်။

တကယ်တော့ ဒီပွဲမှာ ဒေဝတာက သူ့ကို မှတ်မိအောင် တမင်ဖန်တီးလိုက်တယ်ဆိုတာ မိန်းမချင်း သိနားလည်လိုက်တယ်။ ဒေဝတာကိုကြည့်ရတာ နေခြည်ကို စိတ်ဝင်စားနေသလားလို့ ထင်မိတယ်။ အကြောင်းမရှိ အကြောင်းရှာပြီး နေခြည်နဲ့နီးတဲ့နေရာကို ရောက်ရောက်လာတယ်။

နေခြည်ကို စိတ်ဝင်စားမယ်ဆိုလည်း စိတ်ဝင်စားစရာပဲ။ ရုပ်ရည်ကလည်း ချောမောပြေပြစ်တယ်။ ချမ်းလည်းချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ သူတို့စကားအတိုင်း ပြောရရင် ဥစ္စာပေါ ရုပ်ချော အပျို ချောပေါ့။

ဂုဏ်မနေရှိသူချင်းဆိုတော့ လိုက်ဖက်ပါတယ်။

အင်တာဗျူးဖို့ ကြိုးစားတိုင်း တစ်ခါမှ လက်မခံခဲ့တဲ့ ဒေဝတာဟာ အခုတော့ အချိန်မရွေးပါတဲ့။

နေခြည်သူငယ်ချင်းမို့ တမင်မျက်နှာပေးရော့သလား။ ဘာပဲဖြစ်ဖြစ် ကျွန်မတို့ဝိုင်းကလေးဟာ အခြားစကားတွေပြော ရင်း ပျော်ရွှင်ဖွယ်အထိ ဖြစ်ခဲ့တယ်။ ဒန်ဆာကောင်မလေးတွေက လည်း မသိမသာ လှမ်းကြည့်ခဲ့ကြတယ်။

'ကျွန်မတို့ကို ခွင့်ပြုပါဦး'

'သွားပါ နေခြည်'

ဒေဝတာကို နှုတ်ဆက်ပြီး စားသောက်ခန်းမက ထွက်ခဲ့ တယ်။

✿ ✿ ✿

# အခန်း(၄)

ဒီနေ့ခေတ်မှာ ဒန်ဆာတွေဟာ အခမ်းအနား အတော်များ း နေရာယူလာတာ တွေ့ရပါတယ်။ ကျွန်မဟာ ဒန်ဆာတွေနဲ့ ပေါ်တော့ သူတို့ရဲ့ဘဝလေးတွေ အကလေးတွေနဲ့ မနီးစပ်ခဲ့ း နီးစပ်ရအောင်လည်း အခွင့်အရေးမပေးခဲ့ဘူး။

အခုတော့ မမျှော်လင့်တဲ့ ဒန်ဆာအုပ်စုနဲ့ တစ်လှေတည်း တစ်ခရီးတည်းသွားခဲ့ရတဲ့အတွက် အနီးကပ်လေ့လာနိုင်ခဲ့ ယ်။

သူတို့အားလုံးဟာ ညီညာစွာကပြနိုင်ဖို့ အပြင်မှာ အက င်ရတယ်။ ခုန်ပေါက်ပြီး ကပြရတဲ့အတွက် ချွေးတွေရွှဲရွှဲစိုနေ င် ပင်ပန်းလှပါတယ်။ ဒါပေမဲ့ အကသမားတစ်ယောက်ရဲ့ ည်နှာဟာ ဘယ်လောက်ပင်ပန်းပါစေ မျက်နှာမှာ အပြုံးနဲ့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့နှစ်ယောက် ကုန်းပတ်ပေါ်ကို ရောက်တဲ့အခါမှာ ဒန်ဆာလေးတွေရဲ့ ဆန်းသစ်တဲ့အကကို ရုပ်ရှင်ရိုက်ဖို့ စက်အဖွဲ့သားများက ပြင်ဆင်နေပြီ။ အပြင်အဆင်နဲ့ အဝတ်အစားတွေပါ မနေ့ကနဲ့မတူဘဲ ပြောင်းလဲသွားပြီ။

မကြာမီမှာ တေးဂီတသံကလေး ထွက်ပေါ်လာတယ်။ အသင့်စောင့်ဆိုင်းနေတဲ့ ဒန်ဆာလေးတွေဟာ မိုးပြာရောင်ဖဝတ်စုံလေးတွေနဲ့ ပျော့ပျောင်းတဲ့အကကို စတင်ကပြ ဖျော်ဖြေနေပါပြီ။ အဲဒီထဲမှာ ကိုယ်လုံးကိုယ်ပေါက် အလှဆုံးကတော့ ဝင့်သဇ္ဇာပါပဲ။

အလယ်က ဝတ်စုံရှင်ကတော့ အများနဲ့အတူတဲ့ အဝါရောင်ဝတ်စုံကလေးနဲ့ နန္ဒာချိုင်းပဲပေါ့။

ဘဲလေးအကလို နူးညံ့ပျော့ပျောင်းတဲ့အကနဲ့ နန္ဒာချိုင်းဟာ ပိုပြီး လိုက်ဖက်သလိုပဲ။ ဒီဇာတ်ဝင်ခန်းကလေးကို အတော်ကြာကြာ ရိုက်နေကြတယ်။ တကယ်ကတတ်တဲ့ ဝင့်သဇ္ဇာရဲ့ ကူညီပေးမှုကြောင့် နန္ဒာချိုင်းဟာ ပိုပြီးပီပြင်အောင် သရုပ်ဆောင်နိုင်ခဲ့တယ်။ ဒီအခန်းအပြီးမှာ···

မင်းသမီးနဲ့ မင်းသားတို့ရဲ့ Love Scenes စရိုက်ခဲ့တယ်။ တေးဂီတကို ဘက်ဂရောင်းထားပြီး ရိုက်တဲ့ရိုက်ကွင်းမို့ မင်းသမီးနဲ့ မင်းသားရဲ့ အကြည့်ကလေးတွေကို ကလိုစ်အပ်(အနီးကပ်)





ရိုက်တယ်။ ရီဝေနေတဲ့ မင်းသမီးရဲ့ အကြည့်ကလေးဟာ ယ်ကို ဖွဲ့မက်စရာပဲ။ မင်းသားက ပြန်အကြည့်အခန်းက ည်း ချစ်ရိပ်ဝေနေတဲ့ မျက်ဝန်းရဲ့အကြည့်ဟာ ရင်ခုန်စရာ စေခဲ့တယ်။

သူတို့နှစ်ဦးသားကို ဒန်ဆာတွေဝိုင်းပြီး ကတဲ့အခန်းကို ဆက်ရိုက်ခဲ့တယ်။ ရိုက်ကွင်းပြီးတဲ့အခါမှာ အားလုံး မောကုန်ကြပြီ။

နေခြည်က ရေသန့်ဘူးတွေ အသင့်ဆောင်ထားတယ်။ ရုပ်ရှင်ရိုက်တဲ့ အဖွဲ့သားတွေကို ရေသန့်ဘူးတွေ ပေးဝေခဲ့တယ်။

နောက်တော့ ဒေဝတာဆီကို နေခြည် ကိုယ်တိုင် သွားပေးတယ်။

'ကျေးဇူးပဲ နေခြည်၊ မောနေတာနဲ့ အတော်ပဲ'

ဒေဝတာက ပြုံးပြီးပြောလိုက်တယ်။ နောက် ရေသန့်ဘူးကိုဖောက်ပြီး မော့သောက်လိုက်တယ်။

'ဒါက လရိပ်ပြာရဲ့ အစီအစဉ်ပါ'

နေခြည်က ပြုံးပြုံးလေး ပြောလိုက်တယ်။

'အုပ်ချုပ်တဲ့လူတော်လို့ အစီအစဉ်ကောင်းတာနဲ့ တူပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဖြစ်နိုင်ပါတယ်'

သူတို့နှစ်ယောက်စလုံး ပြိုင်တူပြုံးခဲ့ကြတယ်။ ကျွန်မကတော့ သူတို့နှစ်ဦးအနီးက ကျောက်ဆစ်ရုပ် တစ်ရုပ်ပေါ့။

ဒန်ဆာခေါင်းဆောင် သဥ္စာနဲ့ ဒန်ဆာအဖွဲ့ဝင် ကောင်မလေးတွေဟာ ဒေဝတာဆီကို ဝိုင်းလာကြတယ်။

'မင်းသား သမီးတို့နဲ့ကရတာ အဆင်ပြေရဲ့လား'

'ပြေပါတယ်'

'အဆင်မပြေတာ တစ်ခုခုရှိရင် ပြောပါနော်'

'ဟုတ်ကဲ့ပါ'

'ကျွန်မတို့ဟာ အကကို အနုရော အလတ်ရော အကြမ်းပါ အားလုံး●ိုက်ထားတာတွေ ရှိပါတယ်၊ အဆင်ပြေတဲ့ အကကို ပြောပါ၊ အားမနာပါနဲ့'

ဒန်ဆာခေါင်းဆောင် သဥ္စာက ဝင်ပြောလိုက်ပါတယ်။ နောက်တော့ ရုပ်ရှင်ရိုက်တဲ့အခါမှာ မှားတဲ့အခန်းတွေကို ပြန်ပြောရင်း ရယ်မောနေကြတယ်။

ဒေဝတာဟာ ဆုတောင်းကောင်းသူတစ်ယောက်ပဲ။

မိန်းကလေးတွေ ဝိုင်းနေပြီး ပရိသတ်ရဲ့ ချစ်ခင်အားပေးမှု ခံရတာဟာ ရှေးဘဝက ဆုတောင်းကောင်းခဲ့လေသလား။





ကျွန်မကတော့ ဒေဝတာရဲ့အနီးမှာ ရှိနေပေမယ့် အဝေးမှာရောက်နေတဲ့ ပွဲကြည့်ပရိသတ်ပဲပေါ့။ ဒီလောက် အမျိုးသမီးပရိသတ်တွေ ဝိုင်းဝိုင်းလည်နေတဲ့ သူတွေကြားထဲမှာ ကျွန်မဆပ်ဝေးဝေးမှာပဲ နေချင်တယ်။ ဒါကြောင့် ကျွန်မဟာ ဒီနေရာကနေ ထွက်ခွာသွားခဲ့တယ်။

အရင်ကဆိုရင် ဒေဝတာဆီကို အင်တာဗျူးဖို့ သွားရမယ်ဆိုကတည်းက သိပ်ကိုပျော်ရွှင်ခဲ့တယ်။ အရမ်းသွက်လက်လျင်မြန်တဲ့ ခြေလှမ်းတွေနဲ့ အင်တာဗျူးနိုင်ဖို့ အမျိုးမျိုးကြိုးစားခဲ့ရတယ်။

ငါဟာ အောင်မြင်ရမယ်ဆိုတဲ့ အားပေးတဲ့စိတ်ကို အလေးထားပြီး ဒေဝတာဆီကို ရောက်ခဲ့တယ်။ သွားတိုင်း နောက်ဆုတ်ပြန်ခဲ့ရတယ်။ ဒါပေမဲ့ ဆက်ပြီးကြိုးစားမယ်ဆိုတဲ့ အတွေးတွေနဲ့ ရှင်သန်ခဲ့တယ်။

အခုတော့ မိန်းမလှလေးတွေ ဝိုင်းနေတဲ့ ဒေဝတာကို အင်တာဗျူးချင်တဲ့စိတ်တောင် မရှိတော့ဘူး။

ကျွန်မဟာ သဘော်လက်ရမ်းကို ကိုင်ရင်း အတွေးထဲမှာ နစ်မြော့နေခဲ့တယ်။ ကျွန်မအနီးအနားကို တစ်စုံတစ်ယောက် ရောက်လာတယ်။

'ဒေါ်ယွန်းနဒီ ဘာတွေကြည့်နေတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအမည်ကလေးကို ခေါ်လိုက်တဲ့အတွက် ကြည့်လိုက်တော့ ဓာတ်ညွှန်းဆရာ ဖုန်းပြည့်အောင်။

'ဪ… ဆရာဖုန်းပါလား'

'ဟုတ်ပါတယ်'

'ရုပ်ရှင်ရိုက်တာ ပင်ပန်းနေပြီလား'

ကျွန်မက မေးလိုက်တယ်။

'ပင်ပန်းတယ်လည်း မဟုတ်ပါဘူး၊ ဒါပေမဲ့ ဒီဓာတ်ကားရိုက်ရတာ တခြားကားတွေထက်ပိုပြီး အားစိုက်ရတယ်'

'ဟုတ်မယ် ဆရာ၊ ကျွန်မတောင် ဒီကားရိုက်တာ ကြည့်ရတာနဲ့တောင် စိတ်ထဲမှာ တစ်မျိုးပဲ'

'သဘောပေါ်မှာရိုက်တာလည်းပါတယ်၊ တချို့ သဘောမစီးဖူးတဲ့လူဆိုရင် လှိုင်းမူးတာတို့ရှိတော့ သိပ်မလန်းဘူးပေါ့'

'ဟုတ်တယ် ဆရာ၊ ကျွန်မတောင် ဒီနေ့ ခေါင်းမူးနေတယ်'

'ကျွန်တော့်မှာ ရှုဆေးပါတယ်၊ ရော့… ယူထားလိုက်ပါ'

အမှတ်မထင် ကမ်းလင့်ပေးတဲ့အတွက် မငြင်းသာဘဲ





ကျွန်မ ယူထားလိုက်တယ်။

ကိုဖုန်းပြည့်အောင်ဟာ တကယ့်ကို အေးအေးပြီး စိတ်ရှည်တဲ့ပုံပေါ်တယ်။ သူနဲ့ စကားပြောရတာ လွတ်လပ်မှုရှိတယ်လို့ထင်တယ်။ စာပေနယ်ထဲက အနုပညာသမားချင်းဆိုတော့ ဘာမှ စကားသနမပါဘူး။

စိတ်အထိန်းအချုပ်မပါဘဲ ပြောနေမိတယ်။ စာပေအကြောင်းတွေ ဆွေးနွေးရင်းနဲ့ ညနေစောင်းအချိန် ရောက်သွားတယ်။ နဂိုကမှ စာပေဝါသနာပါသူဆိုတော့ စာပေအကြောင်းပြောရင်း အားလုံးကို မေ့သွားတယ်။

အဲဒီအချိန်မှာ ကျွန်မတို့နားကို တစ်စုံတစ်ယောက် လျှောက်လာတယ်။ ကျွန်မရဲ့မျက်နှာဟာ ပင်လယ်ဘက်ကို မျက်နှာမူနေပေမယ့် အမှတ်မထင် ဘေးတိုက်ကို လှမ်းကြည့်လိုက်တဲ့အခါ မင်းသားဇေဝတာကို တွေ့လိုက်ရတယ်။

သူကလည်း ကျွန်မကို ရင်းရင်းနှီးနှီးနဲ့။

'နှဒီတို့ လေညှင်းခံနေတာလား'

မေးမေးပြောပြောနဲ့ ကျွန်မရဲ့အနီးမှာ လာရပ်နေတယ်။

'စကားပြောရင်း လေညှင်းခံရင်း ဆိုပါတော့'

'ဟုတ်တယ်နော်… ဒီနေရာက ပင်လယ်ရဲ့ အလှနဲ့သင်း



www.burmeseclassic.com

www.burmeseclassic.com



တဲ့လေကို ကောင်းကောင်းရတဲ့နေရာဆိုတော့ အသက်ရှူလို့ အရမ်းကောင်းတယ်'

'ဟုတ်ပါတယ်'

'ကျွန်တော်ဟာ နဒီတို့ရဲ့ ရွှေပဒေရုပ်ရှင်မဂ္ဂဇင်းကို ဖတ်ဖြစ်ပါတယ်၊ အပြင်အဆင်ရော 'လေးအောက်' ချထားတာပါ တော်တော်ကောင်းတယ်၊ အကြောင်းအရာတွေလည်း စုံလင်တယ်၊ အထူးသဖြင့် ကျွန်တော်ကြိုက်တဲ့အခန်းကတော့ ရှေးခေတ်က ရုပ်ရှင်တွေကို ပြန်လည်တင်ပြထားတာပါပဲ'

'ဟုတ်ပါတယ်၊ အဲဒီကဏ္ဍကတော့ ကျွန်မမေမေကိုယ်တိုင် ရှာဖွေတင်ပြထားတာပါ'

'ဪ... ဒါဆို အယ်ဒီတာချုပ်က နဒီမေမေလား'

'ဟုတ်ပါတယ်'

'ဒါဆို မဂ္ဂဇင်းက နဒီတို့ ကိုယ်ပိုင်လား'

'ဟုတ်ပါတယ်'

ကျွန်မတို့ စကားပြောနေစဉ်မှာ ဒီတစ်ခေါ် ရောက်လာသူကတော့ နေခြည်ပါပဲ။

'နဒီပျောက်လို့ လိုက်ရှာတာ၊ ကိုဒေရော ဆရာဖုန်းပါ





ဒီမှာရှိနေတာကိုး'

'ဟုတ်ပါတယ်... လျှော့သင်းခံရင်း စကားပြောဖြစ်သွားတယ်'

ဒေဝတာက လှမ်းပြောလိုက်တယ်။

'ဪ... ကိုဒေအခန်းထဲကို ညစာပို့ခိုင်းထားတယ်'

'ဟုတ်ပြီ... ဒါဆို ပြန်လိုက်ဦးမယ် နဒီ'

ဆရာဖုန်းရော ဒေဝတာပါ နှုတ်ဆက်ပြီး ပြန်သွားတယ်။ နေခြည်နဲ့ ကျွန်မကတော့ စားသောက်ခန်းမဆီကို သွားခဲ့တယ်။

ဒါရိုက်တာ ကိုမုတ်သုန်အပါအဝင် ရုပ်ရှင်အဖွဲ့ဝင်တွေနဲ့ အနုပညာအဖွဲ့ဝင်တွေအားလုံး ညစာစားနေကြတယ်။

'ဘယ်လိုလဲ ဒါရိုက်တာကြီး၊ စားလို့ကောင်းရဲ့လား'

'သိပ်စားလို့ ကောင်းတာပေါ့ ဒေါ်နေခြည်ရယ်၊ ဗိုက်ဆာချိန်းသာရင် ဒီသဘောကြီးကို အပိုင်တောင် ဝယ်ထားလိုက်ချင်တယ်'

'ဝယ်ရင် ရောင်းပါမယ်၊ ဘယ်တော့ဝယ်မှာလဲ၊ ပြော'

'ကမ္ဘာသေဆန်းတစ်ရက်နေ့'

'ကဲ... ကဲ... စားပါ၊ ထမင်းနင်နေဦးမယ်'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့နှစ်ယောက် ရှေ့ဆက်သွားပြီး ကျန်လူများကို နှုတ်ဆက်ခဲ့တယ်။

နေခြည်ရဲ့ လုပ်ဆောင်ပုံတွေဟာ နှုတ်ချိုမှုရော စေတနာပါ ကောင်းတဲ့အတွက် အားလုံးရဲ့ ချစ်ခင်မှုကို ရရှိခဲ့တယ်။

စားသောက်ခန်းကို စစ်ဆေးရင်းနဲ့ ကျွန်မနဲ့ နေခြည်တို့လည်း ဒီခန်းမထဲမှာပဲ ထမင်းစားလိုက်တယ်။

အဲဒီအချိန်မှာ ဒါရိုက်တာကိုမုတ်သုန်တို့ ထမင်းဝိုင်းထဲကို ကိုဖုန်းပြည့်အောင် ဝင်ရောက်လာတယ်။

ကျွန်မတို့ ထမင်းစားပြီးမှာ ငေးမောကျန်ရစ်ခဲ့တဲ့ ကိုဖုန်းပြည့်အောင်ရဲ့ အသွင်သဏ္ဍာန်ကို လှမ်းတွေ့လိုက်ရတယ်။

နေခြည်အတွက် ဒီတစ်နေ့တာရဲ့ တာဝန်ဝတ္တရားတွေ ပြီးဆုံးသွားလို့ အိပ်ခန်းကို ပြန်ခဲ့ကြတယ်။

'ဒီနေ့မှ ထူးထူးခြားခြား နင့်ကို ဆရာဖုန်းက ဘာတွေလာပြောနေတာလဲ'

'စာပေသမားအချင်းချင်းဆိုတော့ စာပေအကြောင်းပေါ့ဟာ'

'ငါတော့ မထင်ပါဘူး'

'ဘာဖြစ်လို့လဲ'





'နင့်ကို ခိုက်နေသလားလို့'

'ခိုက်တာ မခိုက်တာတော့ ငါမသိဘူးဟေ့၊ လေရှူလို့ကောင်းလို့ အဲဒီနေရာမှာ သွားနေတာ'

'နင်ရော ဆရာဖုန်းကို ဘယ်လိုလဲ'

'ဘယ်လိုမှ မလဲပါဘူး၊ ဘာဖြစ်လို့လဲ'

'နင်တို့နှစ်ယောက်နဲ့ 'ကိုဒေ'ကရော ဘာတွေပြောနေကြတာလဲ'

'တို့နှစ်ယောက် စကားပြောတုန်း လေညှင်းခံဖို့ သူရောက်လာတာပဲ၊ ပြီးတော့ ဟိုပြော ဒီပြောပေါ့ဟာ'

'ကိုဒေကို သူများတွေအပြောကြောင့် မာနကြီးတယ်လို့ထင်ထားတာ၊ အနီးကပ်ပေါင်းကြည့်မှ ရိုးရိုးသားသားပဲ'

နေခြည်က ဒေဝတာနဲ့ပတ်သက်ပြီး သူမရဲ့ ထင်မြင်ချက်ကို ပြောလိုက်တယ်။ ကျွန်မအနေနဲ့ကတော့ 'ကိုဒေ'ဟာ မင်းသားဆိုတဲ့ အသိဝင်နေတာကြောင့်···

'ငါ့အနေနဲ့ကတော့ 'ကိုဒေ'ကို မင်းသားဆိုတဲ့ အသိနဲ့ စကားပြောရတာ မလွတ်လပ်သလိုပဲ၊ ဆရာဖုန်းနဲ့ကျတော့ စာပေသမားအချင်းချင်းမို့လား မသိဘူး ပွင့်ပွင့်လင်းလင်း ပြောဖြစ်တယ်'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့နှစ်ယောက် ထင်မြင်ချက်ကိုယ်စီ စကားပြောဖြစ်ခဲ့တယ်။ နောက်တော့ အတွေးကိုယ်စီနဲ့ ငြိမ်သက်သွားတယ်။

ကျွန်မစိတ်ထင် နေခြည်ဟာ ဒေဝတာနဲ့ပတ်သက်ပြီး တစ်စုံတစ်ရာကို တွေးတောနေပုံရတယ်။

ကျွန်မကတော့ ဘာတွေမှ ဆက်မတွေးနိုင်။ မနေ့ညက အိပ်ရေးပျက်တာကြောင့် မကြာမီ အိပ်ပျော်သွားခဲ့တယ်။

❀ ❀ ❀

မှုန်ပျပျမိုးကောင်းကင်ပြင်မှာ အနီရောင် ရောင်ခြည်လှိုင်းကလေးတွေ စတင်ပေါ်ထွန်းလာတဲ့ နံနက်ခင်းရဲ့ အရုဏ်ဦးလေး။

ဒီအချိန်မှာ အပျော်စီးသင်္ဘောကြီး 'လရိပ်ပြာ'ဟာ မော်လမြိုင်ဆိပ်ကမ်းကို တဖြည်းဖြည်း ရောက်ရှိဆိုက်ကပ်ခဲ့တယ်။

ဆိပ်ကမ်းကပ်တဲ့ သင်္ကေတအဖြစ်…

'ဘော်… ဘော်… ဘော်…'

လရိပ်ပြာကြီးရဲ့ ဥသြဆွဲသံကို ကြားလိုက်ရတယ်။ ဒီဥသြသံဟာ ကျွန်မတို့ အိပ်ရာက နိုးထစေခဲ့တယ်။ ကျွန်မ နိုးလာတဲ့အချိန်မှာ နေခြည်ကို လှမ်းကြည့်လိုက်တော့ အပြစ်ကင်းစင်တဲ့





လေးတစ်ယောက်လို အိပ်မောကျနေတယ်။ သူမကို မနှိုးလို့မဖြစ်လို့ ကျွန်မ လှုပ်နှိုးလိုက်တယ်။

'နေခြည် ထတော့'

'ဟင်း… အစောကြီးရှိသေးတယ်'

ကိုယ်ကို လိမ်ကောက်ကွေးပြီး အပျင်းကြောဆန့်ကာ ပြောလိုက်တယ်။

'ဘာ အစောကြီးရှိသေးတယ်လဲ၊ မော်လမြိုင်ဆိပ်ကမ်းကို သင်္ဘောကပ်နေပြီ'

'ဟင်… ဒါဆို ထရတော့မှာပေါ့၊ မော်လမြိုင်ဆိပ်ကမ်းမှာ ဇာတ်ဝင်ခန်းပါတယ်'

'အေးလေ… ငါသိလို့ နှိုးကိုနှိုးတာပေါ့'

ကျွန်မတို့နှစ်ယောက် မျက်နှာသစ်၊ အဝတ်လဲကာ သင်္ဘောကြီးရဲ့ အောက်ထပ်ကို ဆင်းလာခဲ့တယ်။

အဲဒီအချိန်မှာ ဒါရိုက်တာ ကိုမုတ်သုန်တို့အဖွဲ့ဟာ ဇာတ်ဝင်ခန်းရိုက်ဖို့ ပြင်ဆင်နေကြပြီ။

'ဒါရိုက်တာကြီး ဘရိတ်ဖတ်(စ်)စားလို့ရပြီနော်'

'ခဏနေမှ စားမယ် နေခြည်'

နေခြည်နဲ့ ဒါရိုက်တာ ကိုမုတ်သုန်တို့ စကားပြောနေစဉ်



www.burmeseclassic.com

www.burmeseclassic.com



မှာပင် ဒန်ဆာအဖွဲ့က အမျိုးသမီးကလေးတွေဟာ ဝတ်စုံအပြည့်နဲ့ ကျွန်မတို့နားကို ရောက်ရှိလာခဲ့ပြီ။ သူတို့ ပြင်ဆင်နေချိန်မှာ…

လှပခမ်းနားတဲ့ အပျော်စီးသင်္ဘောကြီး လရိပ်ပြာဟာ မော်လမြိုင်ဆိပ်ကမ်း ရပ်ထားတာကိုတွေ့တဲ့ မြို့ခံလူတွေဟာ တစ်ယောက်စကား တစ်ယောက်နားဆိုသလို လာကြည့်ကြတဲ့ အတွက် ပရိသတ်အများအပြား ရောက်နေကြတယ်။

မကြာမီမှာ ဒန်ဆာတွေရဲ့ ဓာတ်ဝင်ခန်းကို စရိုက်ခဲ့ တယ်။

ပရိသတ်တွေဟာ တိုးမပေါက်အောင် စည်ကားနေလေ ရဲ့။

ကျွန်မတို့နှစ်ယောက်လည်း ဒန်ဆာအဖွဲ့ဝင်တွေရဲ့ အက ကို အားပေးတဲ့အနေနဲ့ ကြည့်နေမိတယ်။

ဒီတစ်ခါ ဒန်ဆာတွေရဲ့အကဟာ မြူးကြွလှပတယ်။

ဆိပ်ကမ်းနောက်ခံအနေနဲ့ ရိုက်တာမို့ ရိုက်ချက်တွေ အရမ်းလှတယ်။ ကြည့်ရင်း ကြည့်ရင်း ကျွန်မတောင် တော်တော် စိတ်ဝင်စားလာမိတယ်။ ဒန်ဆာအမျိုးသမီးတွေကလည်း အရမ်း တော်တယ်။

ကျွန်မ စိတ်ဝင်စားစွာ ကြည့်နေစဉ် ခြေထောက်တွေ





ညှောင်းလာလို့ အမှတ်မထင် ခြေထောက်ကို နောက်ကိုအနည်း ငယ်ဆုတ်ပြီး ခြေဆောင့်လိုက်တယ်။

'အား…'

ကျွန်မဟာ တစ်စုံတစ်ယောက်ရဲ့ ခြေထောက်ကို ဆောင့် နင်းလိုက်မိတယ်။ ဒါကြောင့် တစ်ဖက်လူက 'အား'လို့ အော် လိုက်တယ်။ ကျွန်မလည်း အားနာသွားပြီး…

'ဆောရီးနော်'

လို့ပြောပြီး တောင်းပန်မယ်လို့ ကြည့်လိုက်တဲ့အခါမှာ ဒီအမျိုးသားကို မြင်ဖူးသလိုလိုပဲ။

အဲဒီအမျိုးသားက အင်္ကျီရှည်ရှည်ပွပွကြီး ဝတ်ထားပြီး ဦးထုပ်ကို မျက်လုံးနားအထိ ခပ်အုပ်အုပ်ဆောင်းထားတယ်။ ပြီး တော့ နေကာမျက်မှန်ကြီးကြီး တပ်ထားတယ်။

'နဒီ မမှတ်မိဘူးလား'

သူ့ဆီက ခပ်တိုးတိုးအသံကလေးကိုကြားမှ ကျွန်မ သိပ် လိုက်မိသွားတယ်။

'ရှင် ကိုဒေ မဟုတ်လား'

'ရှတ်… တိုးတိုး'

'ဘယ်လိုပုံကြီး ဝတ်လာတာလဲ'

www.burmeseclassic.com

'ကျွန်တော် ရပ်ဖျက်လာတာ'

'ဘာကြောင့် ရပ်ဖျက်လာတာလဲ'

'နောက် ဇာတ်ဝင်ခန်းတွေအတွက် ဆက်ရိုက်ရမှာမို့ပါ'

'သြော် . . .'

ကျွန်မတို့နှစ်ယောက် ပြောနေစဉ် ကင်မရာတွေဟာ ဒေဝတာဆီကို ချိန်လိုက်တာမို့ ကျွန်မ အမြန်ဆုံး ဘေးဖယ်နေလိုက်တယ်။

နောက်တော့ ဒန်ဆာခေါင်းဆောင် မင်းသမီး နန္ဒာချိုင်းဆီကို လူဆိုးတွေဟာ ပြေးဝင်ပြီး ချုပ်နှောင်လိုက်တယ်။

ဒီမှာတင် ရပ်ဖျက်ထားတဲ့ ဒေဝတာဟာ လူဆိုးတွေဆီကိုပြေးဝင်ပြီး ဖိုက်တင်ချလိုက်တယ်။ အခုန်အပျံတွေနဲ့ တိုက်ခိုက်တဲ့ တိုက်ကွက်ဟာ အပီအပြင်ပဲ။ ချစ်သူကို ကယ်တဲ့အခန်းပေါ့။

ဒီဇာတ်ကားဟာ ဒရမ်မာရော၊ အက်ရှင်ပါ ရောထားတဲ့ ဇာတ်ကားဖြစ်လို့ မင်းသားဟာ ကြမ်းကြမ်းတမ်းတမ်း ရိုက်ခဲ့တယ်။

သူ့ရဲ့ ကြမ်းတမ်းတဲ့ သရုပ်ဆောင်ချက်၊ ဒေါသမာန်ကြီးနေတဲ့ မျက်နှာ၊ ဒေါသခိုးတွေ ဆူဝေနေတဲ့ မျက်လုံးများ။

ကျွန်မ သူ့ကိုကြည့်ရင်း ကြောက်လာမိတယ်။





ဒါဟာ သူ့ရဲ့ အနုပညာ စွမ်းအားလေလား။

ဘာပဲဖြစ်ဖြစ် ကိုဒေကိုတွေ့ရင် တစ်မျိုးမဟုတ် တစ်မျိုး ခံစားရတယ်။

မင်းသားနဲ့ လူဆိုးအုပ်စု ဖိုက်တင်ချခန်းကို ဆက်ရိုက်ခဲ့တယ်။ မင်းသားက ဘောတံတားထိပ်ကို ရောက်သွားတယ်။ မင်းသားကို လူကြမ်းက ပြေးပြီးအကန်မှာ မင်းသားက ငုံ့ရှောင်လိုက်တော့ . . .

'ဗွမ်း'

ဆိုတဲ့ အသံနဲ့အတူ လူကြမ်း ရေထဲကျသွားတယ်။

တကယ့်ကို ကြည့်လို့ကောင်းတဲ့ ဇာတ်ဝင်ခန်းပဲ။

ပီပြင်လိုက်တာ အရမ်းပဲ။

လူကြမ်းဟာ လရိပ်ပြာနဲ့ ဆယ်ကိုက်အကွာလောက်မှာ ကျသွားတယ်။

အဲဒီအချိန်ဟာ ရေတက်ချိန်နဲ့ ကိုက်နေလို့ အဲဒီနေရာမှာ တော်တော် ရေတော်တော်နက်တယ်။ ရုပ်ရှင်အဖွဲ့သားများနဲ့ ဒါရိုက်တာဟာ လူကြမ်း ပြန်ပြီးရေကူးအလာကို စောင့်နေခဲ့တယ်။

ဒါပေမဲ့ လူကြမ်းက ပြန်ပေါ်မလာဘူး။

တစ်ခဏကြာတော့ ဒါရိုက်တာကြီး စိတ်ပူလာပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



'ရန်နိုင်ဦးတစ်ယောက် ပြန်မပေါ်လာသေးဘူး'

'တစ်ခုခုများ ဖြစ်နေပြီလား မသိဘူး'

'ကယ်ကြပါဦး၊ ရေနစ်နေသလား မသိဘူး'

ရန်နိုင်ဦး ပြန်မပေါ်လာသေးတဲ့အတွက် စိတ်ပူပြီး တစ်ယောက်တစ်ပေါက် ပြောနေကြတယ်။

စကားသာပြောနေကြတာ။

ကယ်မယ့်သူ မပေါ်သေးပါ။

အားလုံး စိတ်ပူစွာကြည့်နေစဉ်မှာ ဒေဝတာဟာ ရေထဲကို ဒိုင်ဗင်ထိုးပြီး ဆင်းသွားတယ်။

'ဗွမ်း'

ဆိုတဲ့ အသံနဲ့အတူ ရန်နိုင်ဦးကျသွားတဲ့နေရာနားဆီသို့ ရောက်သွားတယ်။

သူဟာ ရေထဲမှာ ငုပ်ပြီးရှာနေပုံရတယ်။ နှစ်ယောက်စလုံး ပေါ်မလာတော့ အားလုံး စိတ်ပူကုန်ပြီ။

'ကိုဒေ ရှင် အမြန်ပေါ်လာပါတော့'

ကျွန်မ ဆိုးရိမ်စွာနဲ့ ဆုတောင်းနေမိတယ်။ ဒါပေမဲ့ အခု အထိ ပေါ်မလာသေးဘူး။ ကျွန်မရင်တွေ တဆတ်ဆတ်တုန်အောင် စိတ်ပူနေမိတယ်။



စက္ကန့်ပိုင်းအချိန်ကလေးတွေတောင် အရမ်းကြာတယ်လို့ ထင်မိတယ်။

ကိုဒေသာ တစ်ခုခုဖြစ်သွားရင်···

ဟယ်··· မဖြစ်နိုင်ပါဘူး။

နိုင်ငံကျော် မင်းသားတစ်ယောက် ဆုံးရှုံးမှာကို နှမြောမိတယ်။ ကျွန်မ အတွေးတွေနဲ့ ယောက်ယက်ခတ်နေတုန်းမှာ ကိုဒေဟာ ရေပေါ်ကို 'ဘွားခနဲ' ပေါ်လာတယ်။

'ဟာ··· မင်းသားပေါ်လာပြီ'

လို့ ပရိသတ်က ဝိုင်းအော်ကြတယ်။

ကိုဒေရဲ့ လက်တစ်ဖက်ဟာ ရန်နိုင်ဦးရဲ့ ဦးခေါင်းကို ကိုင်ပြီး ကမ်းစပ်ဘက်ကို ဆွဲလာတယ်။ ရန်နိုင်ဦးတစ်ယောက် [illegible]လက်အနေအထားနဲ့ ပါလာခဲ့တယ်။ ကိုဒေဟာ ရေနစ်သူ တစ်ယောက်ကို စည်းစနစ်ကျစွာ ကယ်ဆယ်ခဲ့သူမို့ သူဟာ အသက်ကယ်နည်းကို အလွန်တတ်ကျွမ်းနားလည်ပုံရတယ်။

ဟော··· ပြောရင်းဆိုရင်း ကမ်းစပ်နားကို ရောက်လာခဲ့တယ်။ စက်အဖွဲ့ကလူတွေက ဝိုင်းကူပြီး ကမ်းစပ်ကို တင်ပေးလိုက်တယ်။

ဒါရိုက်တာကြီးက···



www.burmeseclassic.com

www.burmeseclassic.com



'မင်းသား ရန်နိုင်ဦး ဘယ်လိုဖြစ်သွားတာလဲ'

'သူက အရှိန်နဲ့ကျသွားတော့ အောက်ကငုတ်နဲ့ ဆောင့်မိပြီး သတိလစ်ချင်သလို ဖြစ်သွားလို့ ရေပေါ်ကို ပြန်ပေါ်မလာတာ၊ ကျွန်တော်တောင် သူ့ကို မနည်းရှာရတယ်'

'ဆရာရေ ကျွန်တော် ကောင်းကောင်းသတိရပြီ'

နဖူးမှာ ပေါက်ပြဲပြီး သွေးအေးချက်နေတဲ့ ရန်နိုင်ဦးက လှမ်းအော်ပြောလိုက်တယ်။

နောက်တော့ ရန်နိုင်ဦးကို သဒေါ်ပေါ်ကို ခေါ်သွားတယ်။

နေခြည်က ရန်နိုင်ဦးခေါင်းက သွေး[illegible] [illegible]တုန် ပန်း[illegible]ဖြစ်သွားတယ်။

'နဒီ… စတိုခန်းထဲမှာ ဆေးနဲ့ ပွမ်း[illegible]တွေရှိတယ်၊ နင်လှုပ်ပေးလိုက်နော်'

'အေးပါ… ငါလုပ်ပေးပါ့မယ်'

ရန်နိုင်ဦးခေါင်းက ဒဏ်ရာကို အရက်ပြန်နဲ့သုတ်ပေးပြီး ဆေးထည့်ပေးလိုက်တယ်။ နောက် ပလာစတာ ကပ်ပေးလိုက်တယ်။





ကိုဒေက…

'ရန်နိုင်ဦး မင်း အဆင်ပြေပြီလားနော်'

'ပြေပါတယ် ဆရာ၊ ကျွန်တော့်ရဲ့အသက်ကို ဆရာ ကယ်ခဲ့တာ ကျေးဇူးတင်မဆုံးပါဘူးဗျာ'

'ကျေးဇူးတင်ဖို့မလိုပါဘူး၊ အချင်းချင်းတွေပဲ၊ ကျွန်တော်နဲ့ ဖိုက်တင်ချရင်း ဖြစ်သွားတာဆိုတော့ ကျွန်တော့်မှာ တာဝန်ရှိပါတယ်'

'ဘာပဲဖြစ်ဖြစ် ကျေးဇူးတရား ကြီးမားလှပါတယ်၊ ကျွန်တော်ဟာ ဆရာရဲ့ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး ဆရာ'

'ရပါတယ်ကွာ'

ဒီလို ပြောနေစဉ်မှာ ဒေဝတာရဲ့ ဆံပင်ကြားက သွေးတွေစီးကျလာတယ်။ ကျွန်မ ချက်ချင်း သိလိုက်ပါပြီ။

'ကိုဒေ ရှင့်ခေါင်းမှာလည်း ဒဏ်ရာရထားတယ်၊ အခု သွေးတွေစီးကျနေပြီ'

'ဖြစ်နိုင်ပါတယ်၊ အဲဒီနားမှာ ငုတ်အကြီးကြီးရှိတယ်၊ ကျွန်တော် ခုန်ချတဲ့အချိန်မှာ ငုပ်နဲ့တိုက်ပြီး ခေါင်းမူးသွားတယ်၊ အဲဒီတုန်းက ဒဏ်ရာရသွားတာနေမှာ'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ လုပ်ပေးမယ်နော်'

'ရပါတယ်၊ ဒီလောက်ကတော့မမှုပါဘူး၊ ယောက်ျားပဲ'

'ဘာပဲဖြစ်ဖြစ် ကျွန်မ လုပ်ပေးပါရစေ'

ကိုဒေရဲ့ ဆံပင်တွေကို ဖြဲကြည့်လိုက်တော့ ဒဏ်ရာရထားတဲ့နေရာက သွေးထွက်နေတာ တွေ့ရတယ်။ ခုနတုန်းက ရေထဲမှာရှိနေတော့ သွေးကို ရေဆေးသလိုဖြစ်ပြီး မတွေ့ရတာပါ။

သူ့ခေါင်းက ဒဏ်ရာကို အရက်ပြန်နဲ့ သေချာစွာသုတ်ပေးပြီး သန့်ရှင်းအောင် လုပ်ပေးလိုက်တယ်။

နောက် အနာကျက် ဆေးလိမ်းပေးပြီး ပလတ်စတာ ကပ်ပေးလိုက်တယ်။

'ကိုဒေရေ နာရင်ပြောနော်'

'ရပါတယ် မနာပါဘူး'

ဒီအချိန်မှာ ဒါရိုက်တာကြီးက…

'ကိုဒေ ဒီနေ့ အနားယူလိုက်တော့နော်'

လို့ စိုးရိမ်စွာနဲ့ ပြောလိုက်တယ်။

'ရပါတယ်၊ ဆက်ရိုက်လို့ရတယ်'

ကိုဒေက ခပ်တည်တည်ပဲ ရုပ်ရှင်ဆက်ရိုက်မယ့်အကြောင်း ပြန်ပြောလိုက်တယ်။





ဒီအချိန်မှာ မင်းသမီး နန္ဒာချိုင်း အပြေးကလေးဝင်လာပြီး…

'ကိုဒေ ဘာမှမဖြစ်ဘူးလို့ ထင်တာ၊ ဒီရောက်မှ ဒဏ်ရာရမှန်းသိတယ်၊ အခု ဘယ်လိုနေသေးလဲ၊ ခေါင်းမူးသေးလား'

'ဘာမှမဖြစ်တော့ပါဘူး'

'ဒါဆို တော်သေးတာပေါ့'

'ကိုယ့်ကို စိုးရိမ်လို့လား၊ မစိုးရိမ်ပါနဲ့ နန္ဒာရယ်၊ အသက်နဲ့ အဝေးကြီးပါ'

ဒီအချိန်မှာ ဒန်ဆာခေါင်းဆောင် ဝင့်သဥ္ဇာက…

'ကိုဒေ ခေါင်းမှာ ဒဏ်ရာရတယ်ပြောလို့ စိတ်ပူပြီး လာကြည့်တာ'

'အခုလို စိုးရိမ်ပေးတာ ကျေးဇူးတင်ပါတယ်'

မင်းသားခေါင်းမှာ ဒဏ်ရာရသွားတယ်ဆိုတော့ အားလုံးက မင်းသားအနားမှာ ဝိုင်းဝိုင်းလည်နေတယ်။

ကျွန်မလည်း မုန်းမုန်းရှိတာနဲ့ ထိုင်နေတဲ့ ရုံနိုင်ပြီးဆီ သွားပြီး…

'ရှင့်ဒဏ်ရာက အရေးကြီးတယ်၊ ကျွန်မကို လက်တွဲ

www.burmeseclassic.com



ထား၊ ရှင့်အခန်းကို ကျွန်မ လိုက်ပို့မယ်'

ပြောပြောဆိုဆို ရန်နိုင်ဦးကို လက်တွဲပြီး အောက်ထပ်ကို ဆင်းလာခဲ့တယ်။

ဒီကနေ့ကတော့ အပျက်အပျက်နဲ့ ရိုက်ကွင်းပျက်သွားခဲ့တယ်။ သဘောင်္ပေါ်မှာရှိတဲ့ လူအတော်များများဟာ ဒေဝတာကို ဝိုင်းပြီးချီးမွမ်းကြတယ်။

'မင်းသားဟာ စိတ်ဓာတ်တော်တော်ကောင်းတယ်၊ တချို့သူတွေသာ သူ့နေရာမှာဆိုရင် ဒီလို အသက်ကယ်ဖို့ မလွယ်ဘူး'

'ရန်နိုင်ဦး လိမ့်ကျတာ သူ့ကြောင့်ဆိုပြီး ကယ်လိုက်တာနေမှာ'

'တချို့လူတွေဟာ ကိုယ်က သိပ်ပြီးဝင်ငွေကောင်းရင် သေရမှာ သိပ်ကြောက်သွားပြီ၊ ဒီလို အသက်နဲ့ရင်းပြီး ကယ်ဖို့ မလွယ်ဘူး'

'ဘာပဲဖြစ်ဖြစ် မင်းသားရဲ့သတ္တိကို ချီးကျူးရမှာပဲ'

'ရန်နိုင်ဦးက ငုတ်နဲ့ဆောင့်မိပြီး သတိလစ်ချင်သလိုဖြစ်သွားတာတဲ့'

'အေးကွာ... မင်းသားသာ မကယ်ရင် ရှော်ပြီ'



တစ်ယောက်တစ်ပေါက် ပြောနေကြတာ ဆူညံနေတာပဲ။

နေခြည်ကလည်း...

'ကိုဒေ့ကို ဒီလိုစိတ်ဓာတ်မျိုး ရှိလိမ့်မယ်လို့ ငါ မထင်မိဘူး၊ သူ့ပုံကိုကြည့်ရတာ တစ်ကိုယ်ကောင်းစိတ် ရှိမယ့်လူလို့ ထင်တယ်'

'ငါလည်း ဒီလိုပဲထင်တယ်'

နေခြည်နဲ့ ကျွန်မနဲ့ အမြင်ချင်းတူခဲ့တယ်။ ဒါပေမဲ့ မင်းသားဟာ ကျွန်မတို့ထင်သလို မဟုတ်ဘူးဆိုတာ ဒီနေ့ဖြစ်ရပ်က သက်သေအဖြစ် တည်ရှိခဲ့ပြီ။

'ကိုဒေဟာ သူ့ကြောင့် ရေထဲကျသွားတဲ့သူကို ဘာဝန်သိသိ ပြန်ကယ်လိုက်တာပဲ၊ ဒီလို ယောကျ်ားဆန်တဲ့စိတ်ကို ကြိုက်တယ်'

ဒီပွဲမှာ နေခြည်ဟာ ဒေဝတာကို တော်တော်ချီးကျူးခဲ့တယ်။ တကယ်တော့လည်း ဒေဝတာရဲ့ စိတ်ဓာတ်ဟာ ချီးကျူးခံထိုက်တဲ့ သူရဲကောင်းတစ်ယောက်ရဲ့ စိတ်ဓာတ်မျိုးပါပဲ။

ဒါပေမဲ့ လူတွေ ဝိုင်းဝိုင်းလည်အောင် ချီးကျူးနေတဲ့ ကိုဒေကို ကျွန်မ ဘာမှဝေဖန်ပြောဆိုခြင်း မရှိခဲ့ဘူး။

နေခြည်ကတော့ ကိုဒေကို အပြတ်အတင်ကြီးနေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကိုဒေအကြောင်း ပြောမဆုံးပေါင် တောသုံးထောင် ဖြစ်နေပြီး ကျွန်မလည်း အလိုက်သင့် 'အင်း' လိုက်ရင်း သူပြောသမျှ နားထောင်ခဲ့တယ်။ မင်းသားကို ချီးမွမ်းခန်းဖွင့်အပြီးမှာ သူမဟာ တစ်စုံတစ်ခုကို ချက်ချင်းသတိရလိုက်တဲ့ ပုံစံမျိုးနဲ့…

'သြော်… ဒါနဲ့ ငါ နင့်ကို မေးစရာရှိတယ်'

'ဘာမေးမလို့လဲ မေးလေ'

ကျွန်မက ခပ်အေးအေး ပြန်ပြောလိုက်တယ်။

'မင်းသားလည်း ခေါင်းမှာ ဒဏ်ရာရတယ်၊ ရန်နိုင်ဦးလည်း ခေါင်းမှာ ဒဏ်ရာရတယ်၊ ဒဏ်ရာရတာချင်း အတူတူ မင်းသားကိုတော့ထားခဲ့ပြီး ဘာဖြစ်လို့ ရန်နိုင်ဦးကိုတွဲပြီး လိုက်ပို့တာလဲ'

'သြော်… ဒါလား၊ ဒဏ်ရာကြီးတာက မင်းသားမဟုတ်ဘူး ရန်နိုင်ဦးလေ၊ မင်းသားကိုတော့ လူတွေက အရမ်းစိုးရိမ်ပြီး ဝိုင်းနေကြတယ်၊ တကယ်ဒဏ်ရာပြင်းတဲ့သူကိုတော့ မျက်နှာမွဲမို့ အရေးမလုပ်ကြဘူး၊ ငါက လူသားဆန်ချင်တယ်၊ တကယ်လိုအပ်တဲ့သူအတွက် ငါ့ရဲ့ လုပ်အားနဲ့ အားပေးချင်လို့ သူ့ကို တွဲသွားတာ'

'နင့်ရဲ့ လူသားဆန်တဲ့စိတ်ကို ချီးကျူးပါတယ်၊ ဒါပေမဲ့



နင့်ကို ငါ တစ်ခုမေးဦးမယ်'

'မေးလေ'

'မင်းသားကလည်း နင့်ကိုချစ်တယ်၊ ရန်နိုင်ဦးကလည်း နင့်ကို စွဲစွဲလမ်းလမ်း ချစ်နေမယ်ဆိုရင် နင် ဘယ်သူ့ကို ရွေးမလဲ'

'သူကလည်း ငါ့ကို စွဲစွဲလမ်းလမ်းချစ်ရမယ်၊ ငါကလည်း မြတ်မြတ်နိုးနိုးနဲ့ ချစ်မိတဲ့သူဆိုရင် မင်းသားဖြစ်ဖြစ် လူကြမ်းဖြစ်ဖြစ် ရွေးမှာပဲ'

'မဟုတ်ဘူး… ဒီလိုပြောလို့ မရဘူး၊ ကိုဒေလား၊ ရန်နိုင်လား ပြော'

နေခြည်က ပြုံးစိစိနဲ့ မေးလိုက်တယ်။

ဒီလောက်တော့ ကျွန်မ အထာနပ်တာပေါ့။ သူက အတည်ပေါက်နဲ့ ကျွန်မကိုစမှန်း သိလိုက်တယ်။ ဒါကြောင့် ကိုဒေကို အကောင်းမြင်နေတဲ့ နေခြည်ကို တစ်လှည့်ပြန်စချင်တာနဲ့…

'ဒါလား… လွယ်လွယ်လေးပဲ၊ ကိုဒေကိုပဲ ယူမယ်'

ကျွန်မက ဟန်ပါပါနဲ့ ပြုံးပြုံးကြီးပြောလိုက်တယ်။

'ကြည့်စမ်း… ကြည့်စမ်း… စိတ်ပုပ်မ'

www.burmeseclassic.com

www.burmeseclassic.com



နေခြည် ဘာပဲပြောပြော ကျွန်မ ကျေနပ်တယ်။

'ဒါနဲ့မျှား သူ့ကိုယ်သူ လူသားဆန်ချင်တယ်တဲ့'

'လူသားဆန်ချင်တာ တစ်ကဏ္ဍလေ၊ ကိုဒေကိုချစ်တာက တစ်ကဏ္ဍပဲ'

နေခြည်ကိုစရင်း စကားတစ်ခွန်းကို အမှုမဲ့ အမှတ်မဲ့ ပြောလိုက်မိတယ်။

ကျွန်မတို့နှစ်ယောက်ဟာ ဒီလို အပျော်အပျက်ကလေး တွေပြောရင်း ပျော်ရွှင်ခဲ့ကြတယ်။

တစ်ခါတစ်ခါမှာ မမျှော်လင့်တဲ့အကြောင်းတစ်ခုဟာ မမျှော်လင့်တဲ့အချိန်မှာ ဖြစ်လာတတ်တာ ကံကြမ္မာလား။

ကံကြမ္မာကို ကြိုတင်မသိနိုင်ပေမယ့် ဒီညရဲ့ အဖြစ်အပျက်ဟာ ထူးခြားတယ်လို့ ဆိုရမယ်။

ကျွန်မတို့နှစ်ယောက်ဟာ ညဉ့် (၁၀)နာရီမှာ အိပ်ရာဝင်ခဲ့ကြတယ်။

ကျွန်မ အိပ်ပျော်ကာစအချိန်လေးမှာ ကျွန်မရဲ့ ဟမ်းဖုန်းက တီးလုံးသံလေး ပေါ်ထွက်လာခဲ့တယ်။ ဒီလို ညဉ့်နက်အချိန်ကြီးမှာ ဘယ်သူများ ဖုန်းဆက်ပါလိမ့်ဆိုတဲ့ အတွေးမျိုး ဝင်လာခဲ့တယ်။



'ဟဲလို…'

'နဒီလား'

'ကိုဒေပါ'

'ရှင်…'

ဒီတစ်ခါတော့ ကျွန်မ တကယ်ကို အံ့သြသွားတယ်။ နေခြည်ဆီဆက်နေကျ ကိုဒေဟာ ကျွန်မဆီကို ဘာကိစ္စကြောင့် အချိန်မတော်ကြီးမှာ ဖုန်းဆက်ရပါလိမ့်။

'ကိုဒေ ကိစ္စရှိလို့လား'

'ဟုတ်တယ်… ကျွန်တော် အရမ်းဖျားနေတယ်၊ နဒီနဲ့ နေခြည် ခဏလောက် လာကြည့်ပေးနိုင်မလား'

'ခဏနေပါဦး… ကျွန်မ နေခြည်ကိုနှိုးပြီး လာခဲ့မယ်'

'ဟုတ်ကဲ့ပါဗျာ'

ပြောပြောဆိုဆို သူ ဖုန်းချသွားတယ်။ သူဖျားနေတယ်ဆိုတော့ ကျွန်မ သူ့ကို အမြန်ဆုံးသွားကြည့်ဖို့ လိုအပ်နေပြီ။ ဒါကြောင့်…

'နေခြည်… နေခြည်'

နေခြည်ကို ကျွန်မ လှုပ်နှိုးလိုက်တယ်။

'ဟင်… ဘာလဲဟာ'

www.burmeseclassic.com

www.burmeseclassic.com



'ခဏထပါဦး... ကိုဒေ အဖျားတက်နေလို့ ဖုန်းလှမ်းဆက်တယ်'

'ဒုက္ခပါပဲ... နေ့တိုင်း အိပ်ရေးပျက်နေတော့တာပဲ'

'အိပ်ရေးပျက်တယ် လုပ်မနေနဲ့၊ အဲဒါ နင့်ရဲ့ ခရီးသည်လေ'

'ဖြည်းဖြည်းပြောပါဟာ၊ ငါ ခေါင်းတွေမူးနေလို့ပါ'

'နင် အဖော်အဖြစ်နဲ့ပဲ လိုက်ရုံသာ လိုက်ခဲ့ပါ၊ သူ အဖျားကျအောင် ငါလုပ်ပေးပါ့မယ်'

ကျွန်မတို့နှစ်ယောက် လှမ်းကြည့်လိုက်တဲ့အခါ အဖျားတက်နေတဲ့အရှိန်ကြောင့် သူ့မျက်နှာတစ်ခုလုံး နီရဲနေတယ်။

'ကိုဒေ ဆရာဝန်နဲ့ ပြချင်လား၊ သင်္ဘောပေါ်မှာတော့ ဆရာဝန်မပါဘူး၊ မော်လမြိုင်မြို့ထဲ သွားခေါ်ရမယ်၊ လိုက်မလိုက်တော့ မသိဘူး'

'ဆရာဝန် မလိုပါဘူး၊ ဒီလောက် ညဉ့်နက်နေပြီပဲဟာ၊ နဒီပဲ ဆေးတိုက်ပေးပါ'

'နေဦး... ကျွန်မ အဖျားတိုင်းကြည့်ဦးမယ်'

ကျွန်မ သူ့ကို အဖျားတိုင်း သာမိုမီတာနဲ့ တိုင်းကြည့်လိုက်တော့ တစ်ရာသုံးဒီဂရီ ဖာရင်ဟိုက်ရှိတယ်။



'ကိုဒေမှာ အဖျားရှိနေတယ်၊ ကျွန်မ ရေပတ်တိုက်ပေးမယ်နော်'

သူက အသာအယာ ခေါင်းညိတ်ပြတယ်။ ကျွန်မလည်း သူ့ကို ရေပတ်တိုက်ပေးပြီး အင်္ကျီလဲပေးလိုက်တယ်။ အပူချိန်တော်တော်ကျလာပြီ။

'ရှင် ဆေးသောက်လိုက်ရင် ကောင်းသွားမှာပါ'

သူ့ကို ဆေးတိုက်ဖို့ သူ့ကိုယ်ကြီးကို ထူမပေးလိုက်တယ်။

နောက်တော့ ကျွန်မတို့အခန်းက ရေနွေးပြန်ယူပြီး ရေနွေးနဲ့ ဆေးတိုက်ခဲ့တယ်။

တစ်ကိုယ်လုံး ကိုက်ခဲနေတယ်ဆိုလို့။

'ကိုဒေ ကျွန်မ ဆေးပလတ်စတာလေး ကပ်ပေးမယ်နော်'

'ဟုတ်ကဲ့'

သူ့ရဲ့ နားထင်နှစ်ဖက်နဲ့ ဇက်ကြောမှာ ဆေးပလာစတာတွေ ကပ်ပေးလိုက်တယ်။ နေခြည်ကတော့ အနီးမှာထိုင်ပြီး ကြည့်နေတယ်။

'ကိုဒေကို ကျွန်မတို့ ခဏစောင့်ကြည့်ပေးမယ်၊ ရှင် အိပ်ချင် အိပ်လိုက်နော်'



www.burmeseclassic.com

www.burmeseclassic.com



'ရပါပြီ နဒီ၊ နေပူကြီးထဲမှာ အကြာကြီးရပ်ရှင်ရိုက်ပြီး ရေထဲခုန်ချလိုက်တော့ အပူအအေးမညီမျှဘဲ ဖျားသွားတာနေမှာ'

'ဟုတ်မယ်၊ ကျွန်မလည်း အဲဒီလိုပဲ ထင်တယ်'

'တော်သေးတယ်၊ ခုနက သတိလစ်ချင်သလိုလို ဖြစ်နေတာ၊ နဒီတို့ ရောက်လာတော့ အားရှိသွားတယ်'

'ကိုဒေဝလည်း ကလေးကျနေတာပဲ'

'ဟုတ်တယ်… တခြားအချိန်တွေမှာ ကျွန်တော့်ကို လူကြမ်းစိတ်ကြမ်းကြီးလို့ ထင်ရပေမယ့် ဖျားတဲ့အခါမှာ ကျွန်တော့်နားမှာ လူမရှိရင် တစ်မျိုးပဲ။ အိမ်မှာ ကျွန်တော်ဖျားရင် မေမေက မအိပ်ဘဲ တစ်ညလုံးစောင့်ပြီးပြုစုတာ'

'ကိုဒေဝက အမေနဲ့ အတူနေတာလား'

'မေမေနဲ့ အရမ်းအတူနေချင်တာပဲ၊ ဒါပေမဲ့ အခုတော့ မေမေ မရှိတော့ဘူး၊ ဆုံးတာ တစ်နှစ်ကျော်ပြီ'

'စိတ်မကောင်းစရာရှင်၊ ကျွန်မ မေးမိတာ တောင်းပန်ပါတယ်'

ကျွန်မ စကားပြောနေရင်း အချိန်နည်းနည်းကြာသွားတယ်။ ကိုဒေဝမှာ ချွေးတွေထွက်လာတာ တွေ့ရတယ်။





'ကိုဒေဝ ချွေးတွေထွက်လာတယ်၊ အဖျားကျသွားပြီနဲ့တူတယ်၊ အဖျားတိုင်းကြည့်မယ်နော်'

ပြောပြောဆိုဆို အဖျားတိုင်းကြည့်လိုက်တော့ ဖာရင်ဟိုက် (၁၀၀)ဒီဂရီပဲ ရှိတော့တယ်။

'ဖာရင်ဟိုက် တစ်ရာဒီဂရီပဲ ရှိတော့တယ်၊ တော်တော်အဖျားကျသွားပြီ'

'ဟုတ်တယ်… ချွေးထွက်သွားလို့လား မသိဘူး တော်တော်ပေါ့သွားတယ်'

'ကိုဒေဝကို ချွေးသုတ်ပြီး အင်္ကျီလဲပေးမယ်နော်'

ပြောပြောဆိုဆို ကိုဒေဝကို ချွေးသုတ်ပေးပြီး အင်္ကျီလဲပေးလိုက်တယ်။ ပြီးနောက် နေခြည်ကို ကျွန်မ လှမ်းကြည့်လိုက်တယ်။ ပထမတော့ ဘေးနားက ရပ်ကြည့်နေသေးတယ်။ နောက်တော့ သိပ်အိပ်ချင်လာပုံရတယ်။ ပက်လက်ကုလားထိုင်မှာ ထိုင်ပြီးစောင့်နေတယ်။

အခုတော့ ပက်လက်ကုလားထိုင်ပေါ်မှာ အိပ်ပျော်နေလေရဲ့။

'ကိုဒေဝ ရှင် ခဏမှေးလိုက်ဦးနော်၊ ကျွန်မ စောင့်ပေးပါမယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပါပြီ'

ကိုဒေဟာ မျက်ခွံကလေးပိတ်ပြီး အိပ်ပျော်အောင် ကြိုးစားနေတယ်။ ကျွန်မက လူနာစောင့်ဆိုတော့ ဘာရယ် ညာရယ်မဟုတ်။ ဟိုတွေး သည်တွေးနဲ့ သူတို့နှစ်ဦးကို လှမ်းကြည့်မိတယ်။ ပထမဦးစွာ ဂရုစိုက်ကြည့်မိသူကတော့ ကိုဒေပဲ။

အသားအရေ ဖြူဝင်းပြီး ရုပ်ရည်သန့်ပြန့်တဲ့ ကိုဒေဝတာရဲ့ အိပ်စက်ခြင်းဟာ အပြစ်ကင်းစင်တဲ့ ကလေးတစ်ယောက်လိုပဲ။ အများက မာနကြီးတယ်လို့ ထင်နေပေမယ့် ဒေဝတာဟာ တကယ်တော့ ပြောလွယ်ဆိုလွယ် ဟောဟောဒိုင်းဒိုင်းသမား တစ်ယောက်ပဲ။ စိတ်ရင်းကောင်းတဲ့ လူတစ်ယောက်ဖြစ်မှန်း သိလာခဲ့တယ်။

နေခြည်ကတော့ တကယ် ကံကောင်းတဲ့သူ။

ငွေကြေးဥစ္စာ အင်မတန်ချမ်းသာကြွယ်ဝတဲ့ သူဌေးကြီးရဲ့ တစ်ဦးတည်းသော သမီး။ ဘာမဆို လိုတရ ပြည့်စုံတဲ့သူ။ သူမဟာ တခြားသူကို ပြုစုတာတို့၊ ဂရုစိုက်တာတို့ စိတ်မဝင်စား။ သူ့အိမ်မှာရှိတဲ့သူတွေကသာ သူ့ကို ပြုစုစောင့်ရှောက်ရတာ။

အခုလည်း ကိုဒေနဲ့ ကျွန်မနဲ့ ဘာမှမဆိုင်။

သူ့ခရီးသည်မို့ သူနဲ့ပဲဆိုင်တယ်။





ဒါပေမဲ့ သူမပြုစုတတ်ဘူးဆိုတာ ကျွန်မ သိတယ်။

ကျွန်မကတော့ သူနဲ့စာရင် ဘဝကြမ်းတယ်။ အိမ်မှာ ဘယ်သူဘာဖြစ်ဖြစ် ကျွန်မပဲ ပြုစုရတယ်။

ဟင်းချက်ကောင်းတယ်လို့ အပြောခံရတဲ့အတွက် ဟင်းချက်ပေးရတယ်။ နောက် သတင်းသမားပီပီ ကျော်ကြားသူတွေရဲ့ နောက်လိုက်ပြီး ဓာတ်ပုံရိုက်ရ၊ သတင်းယူရနဲ့ အားတယ်လို့ မရှိခဲ့ဘူး။

ဘယ်လိုမအားပေမယ့် သူတစ်ပါး လိုအပ်နေချိန်မှာ ကျွန်မရဲ့ တတ်စွမ်းတဲ့ ရှေးဦးသူနာပြု ပညာရပ်နဲ့ အတတ်နိုင်ဆုံး ပြုစုချင်တယ်။ ဒါကြောင့် အခု ဒေဝတာရဲ့ကိစ္စမှာလည်း ကျွန်မ သိုလိုချင်ချင် ပြုစုခဲ့တာပါ။

ဟိုဟိုသည်သည် တွေးရင်း အချိန်တွေကုန်လွန်ခဲ့တယ်။ လက်ပတ်နာရီကိုကြည့်လိုက်တော့ နံနက်သုံးနာရီ ရှိနေပြီ။

ဒေဝတာလည်း အဖျားကျပြီး အိပ်မောကျနေပြီ။ ကျွန်မတို့ အခန်းပြန်သင့်ပြီထင်တယ်။ ဒါကြောင့် နေခြည်ကို နှိုးလိုက်တယ်။

'နေခြည်… နေခြည်'

'ဟင်… ငါတို့ ဘယ်ရောက်နေတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



ပြုန်းခနဲနိုးလာပြီး ကြောင်တောင်တောင်ဖြစ်ကာ ကျွန်မကို လှမ်းမေးလိုက်တယ်။

'ကိုဒေ နေမကောင်းလို့ လာကြည့်ပေးတာလေ၊ အခုသက်သာသွားပြီ၊ တို့ ပြန်ကြစို့'

'အေး… ကိုဒေကိုနှုတ်ဆက်ပြီး ပြန်အိပ်ကြစို့'

ကျွန်မတို့နှစ်ဦးသား ဒေဝတာကို နှုတ်ဆက်ပြီး အခန်းကို ပြန်ခဲ့ကြတယ်။

✿ ✿ ✿



## အခန်း(၅)

'ဟောတော့…'

'တံခါးတွေ ပွင့်နေပါလား'

ကျွန်မတို့နှစ်ယောက် ပြိုင်တူပြောလိုက်ကြတယ်။

ဒေဝတာအခန်းက အပြန်မှာ ကျွန်မတို့ရဲ့ အခန်းတံခါးပွင့်နေတာ တွေ့လိုက်ရလို့ အံ့သြသွားတယ်။

'နင် အခန်းတံခါးကို လော့(ခ်)မချခဲ့ဘူးလား'

နေခြည်က ကျွန်မကို လှမ်းမေးလိုက်တယ်။

'အေး… ဟုတ်တယ်၊ လော့(ခ်)မချခဲ့မိဘူး'

'ဒါဆို သူခိုးဝင်ပြီနဲ့တူတယ်'

'ဘာတွေများ ပါသွားသလဲ၊ ကြည့်ကြစမ်းပါဦး'

ကျွန်မတို့နှစ်ယောက် အလန့်တကြားဖြစ်ပြီး အခန်းထဲမှာကြည့်လိုက်တော့…



www.burmeseclassic.com

www.burmeseclassic.com



'ငါ့ရဲ့ ဆလင်းဘက်အိတ် မရှိတော့ဘူး'

ကျွန်မရဲ့ ဆလင်းဘက်အိတ်ဟာ စားပွဲပေါ်မှာ တင်ထားတာမို့ အလွယ်တကူ ယူသွားတာပဲ ဖြစ်လိမ့်မယ်။

'ဟဲ့… နင့်ဆလင်းဘက်အိတ်ထဲမှာ ဘာတွေပါသွားလဲ'

'ဟောတော့… ဒစ်ဂျစ်တယ်ကင်မရာ ပါသွားပြီ'

'ဟယ်… နင့်ကင်မရာက ဆယ်သိန်းကျော်ဆိုတော့ နမြောစရာကြီး'

နေခြည်က စိတ်မကောင်းစွာနဲ့ လှမ်းပြောလိုက်တယ်။

'ဘယ်တတ်နိုင်မလဲဟာ၊ ငါကိုက အခန်းတံခါးပိတ်ဖို့ နမော်နမဲ့ ဖြစ်ခဲ့တာ'

ကျွန်မက အားလျော့စွာနဲ့ ပြန်ပြောလိုက်တယ်။

'နင် ခတ်ဘူးပြန်ယူရင်းနဲ့ လော့(ခ်)မချခဲ့တာ မဟုတ်လား'

'အေး… ခတ်ဘူးတစ်ဖက် တဘက်တစ်ဖက်နဲ့မို့ ငါ အခန်းတံခါး လော့(ခ်)ချဖို့ မေ့သွားတာ'

'ငါတို့ သဘော်မှာ ဒီကိစ္စမျိုး တစ်ခါမှမဖြစ်ခဲ့ဘူး၊ ဘာကြောင့်ပါလိမ့်'

နေခြည်နှင့် ကျွန်မမှာ အခန်းတံခါးကို လော့(ခ်)ချချင်





မှ ချတတ်ပါတယ်။ အားလုံးဟာ ကိုယ့်အဖွဲ့သားဆိုတဲ့ အသိစိတ်နဲ့ စိတ်ချလက်ချ ထားခဲ့တယ်။

'ဒီကိစ္စကို 'ရဲ'တိုင်ပြီး အမှုဖွင့်မလား'

နေခြည်က စိတ်မကောင်းစွာနဲ့ ကျွန်မကို မေးလိုက်တယ်။

'မတိုင်တော့ပါဘူး၊ ရဲတိုင်ရင် စစ်ဆေးနေတာနဲ့ သင်္ဘောခရီး ကြန့်ကြာမယ်'

'ငါ စိတ်မကောင်းပါဘူး နဒီရယ်၊ ဒါဆို နင့်ကို ငါ ပြန်ဝယ်ပေးမယ်လေ'

'ရပါတယ်… ဒီလောက်တော့ ငါပြန်ဝယ်နိုင်ပါတယ်'

'စိတ်လည်း ညစ်ပါတယ်၊ အိပ်မယ်လုပ်တိုင်း တစ်ခုပြီး တစ်ခု ဝင်လာတယ်၊ အိပ်ရေးပျက်တယ် နဒီရယ်'

'အိပ်ရေးပျက်မနေနဲ့၊ အိပ်မှာသာ အိပ်ပါ၊ ငါက တံခါးကို သော့စော့ပိတ်ရှိ မေ့တဲ့လူဆိုတော့ ငါ့ပစ္စည်းပါတာ ပါသင့်ပါတယ်'

ပြောပြောဆိုဆို အိပ်ရာပေါ်သို့ လှဲချလိုက်တယ်။

အိပ်ရာပေါ်၌ လဲလျောင်းရင်း မေမေ့ရဲ့စကားကို သတိရမိတယ်။

www.burmeseclassic.com



'ပန်းစည်းတစ်ခုဟာ ရှိတုန်းက တန်ဖိုးမရှိဘူးလို့ ထင် တယ်၊ ပျောက်ဆုံးသွားမှ ဒီပန်းစည်းရဲ့တန်ဖိုးကို သိ

ဒီစကားကို မေမေက ခဏခဏပြောဖူးတယ်။ လည်း ကျွန်မရဲ့ ကင်မရာထဲမှာ မဂ္ဂဇင်းအတွက် သတင်းဓာ တွေ အများအပြား ပါသွားတယ်။

ကျွန်မ ကြိုးစားထားသမျှ ဆုံးရှုံးသွားပြီ။ ဒီဓာတ်ပုံ ကျွန်မ ပြန်ရအောင်မလုပ်နိုင်တော့ဘူး။ ဆုံးရှုံးမှုအတွက် ကျ တော်တော်စိတ်မကောင်းဖြစ်ရတယ်။

ဒီအကြောင်းတွေကို ပြောရင် နေခြည် စိတ်ညစ်သွား စိုးလို့ ဘာမှမပြောဘဲ အိပ်လိုက်တယ်။

နံနက်မိုးလင်းတော့ နေခြည်ဟာ လုံခြုံရေးအဖွဲ့ ဒီအကြောင်းပြောပြခဲ့တယ်။

'ညက ကျွန်မတို့အခန်းထဲကို သူခိုးဝင်တယ်၊ ဒစ်ဂျစ်တယ်ကင်မရာထည့်ထားတဲ့ လက်ကိုင်အိ ပါသွားတယ်'

'ဟင်··· ဟုတ်လား၊ ကျွန်တော်တို့လည်း အောက် က အပေါက်နားမှာ စောင့်နေတာပဲ'

'ဒါဆို သူခိုးက ဘယ်လိုဝင်မလဲ'



'အင်း··· သိပြီ၊ အရင်ကတော့ သင်္ဘောက ရေပြင်မှာ မောင်းနေတာ၊ အခုက ဆိပ်ကမ်းမှာ ကပ်ထားတာဆို တော့ သူခိုးက လှေနဲ့လာပြီး အနောက်ဘက်လက်ရမ်း ကနေ အပေါ်ကိုတက်တာဖြစ်မယ်'

'ဒါဆို အနောက်ဘက်ကို သွားကြည့်ရအောင်'

ကျွန်မတို့ အနောက်ဘက် ကုန်းပတ်ဆီကို သွားကြည့်ကြ တယ်။

'ဟော··· ဟိုမှာ ရွှံ့ပေနေတဲ့ ဖိနပ်ရာတွေ'

ရွှံ့ပေနေတဲ့ ဖိနပ်ရာတွေ လက်ရမ်းကိုနင်းတက်ထားကဲ့ ရွှံ့အစအနတွေကို တွေ့လိုက်ရတယ်။ နောက်အတွင်းလှေကားက ကျွန်မတို့အခန်းဆီကို လာပုံရတယ်။ သူခိုးဟာ လက်ကိုင်ဖုလုံး ကို လှည့်ကြည့်ပြီး သော့မခတ်ထားတဲ့အတွက် အခန်းတံခါးကို ဖွင့်ပုံရတယ်။

အိပ်ရာခေါင်းရင်းမှာ အလွယ်တင်ထားတဲ့ ကျွန်မရဲ့ လက်ကိုင်အိတ်ကို ခပ်မြန်မြန်ယူပြီး ပြန်ဆင်းသွားပုံရတယ်လို့ အားလုံးက မှတ်ချက်ချလိုက်တယ်။

'ရှင်တို့ လုံခြုံရေးတွေ အောက်မှာချည်းပဲ ရှိနေနဲ့၊ အပေါ်ထပ်ကိုပါ လုံခြုံရေးချထား၊ လုံခြုံရေးမကောင်း



www.burmeseclassic.com

www.burmeseclassic.com



ရင် ကျွန်မတို့သဘော်နာမည်ပျက်မယ်'

'ဟုတ်ကဲ့ပါ နေခြည်'

လုံခြုံရေးဝန်ထမ်းများလည်း စိတ်မကောင်းကြဘေ ကျွန်မတို့နှစ်ယောက် စားသောက်ခန်းကို လာခဲ့ကြတယ်။

နံနက်စာစားနေတုန်း ဒါရိုက်တာကြီးက ကျွန်မတို့စားပွဲမှာ ဝင်ထိုင်လိုက်တယ်။

'ဒေါ်နေခြည်ကို စကားပြောစရာရှိလို့'

'ပြောပါ'

'ညက ကျွန်တော် အိပ်လို့မရလို့ ညနှစ်နာရီလောက်မှာ အခန်းအပြင်ဘက်ကို ထွက်ခဲ့တယ်၊ အပေါ်ထပ်လက်ရမ်းနားမှာ ဆေးလိပ်သောက်နေတုန်း သဘော်ရဲ့ အနောက်ဘက်ကနေ လှေတစ်စင်းပေါ်ကို လူနှစ်ယောက် ခုန်ချသွားတာ တွေ့လိုက်တယ်၊ ကျွန်တော် ထင်တာကတော့ သဘော်စက်ခန်းကလူတွေ စက်ဆီခိုးရောင်းသလား မသိဘူး၊ တစ်ခုခုတော့ တစ်ခုခုပဲ၊ အဲဒါ ဒေါ်နေခြည် သတိထားရအောင် ပြောပြတာပါ'

'ဟုတ်ကဲ့ပါ… ကိုမုတ်သွန် အခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်'



ဒါရိုက်တာကြီးက သူခိုးမှန်းမသိဘဲ သတိပေးစကားပြောခဲ့တယ်။

မကြာမီမှာ လရိပ်ပြာသဘော်ကြီးဟာ မော်လမြိုင်ဆိပ်ကမ်းမှ စတင်ထွက်ခွာလာခဲ့တယ်။ လရိပ်ပြာရဲ့ ခရီးစဉ်ဟာ ရန်ကုန်-မော်လမြိုင်-မြိတ်-ကော့သောင်းအထိသွားမယ့် ခရီးစဉ်တစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် သဘော်ကြီးဟာ မြိတ်ကျွန်းစုဆီသို့ ဦးတည်ခုတ်မောင်းနေလေရဲ့။

ကျွန်မအတွက်တော့ မော်လမြိုင်ခရီးဟာ အမှတ်တရခရီးစဉ် ဖြစ်လာခဲ့တယ်။

အခန်းထဲပြန်ရောက်တော့ နေခြည်က…

'ဟယ်… မေ့နေလိုက်တာ၊ ကိုဒေဝတောင် သွားမကြည့်ရသေးဘူး'

'ဟုတ်ပါရဲ့… သွားကြည့်ကြရအောင်'

ကျွန်မတို့နှစ်ယောက်ဟာ ဒေဝတာအခန်းဆီကို သွားခဲ့တယ်။

ဒေဝတာဟာ တော်တော်နေကောင်းနေပြီ။ အခန်းထဲမှာ ဘာရိုက်ဖတ်စားနေတာ တွေ့ရတယ်။

'ကိုဒေ သက်သာသွားပြီလား'

www.burmeseclassic.com

www.burmeseclassic.com



'သက်သာသွားပြီ၊ အိပ်ရာကနိုးကတည်းက နေခြည်ရဲ့
နဒီကို မျှော်နေတာ'

'ဘာဖြစ်လို့လဲ'

နေခြည်က လှမ်းမေးလိုက်တယ်။

'ဗိုက်အရမ်းဆာနေလို့၊ ဒါပေမဲ့ သိပ်မကြာခင်မှာ အစား
အသောက်တွေ လာမို့တော့ အရမ်းအသင်ပြေသွားတယ်'

'အစာစားပြီးရင် ဆေးသောက်ရမယ်နော်'

'ဒါမှ အဖျားပြန်မတက်မှာ'

'ကောင်းပါပြီဗျာ'

ခဏကြာတော့ သူ စားသောက်ပြီးစီးသွားတယ်။

ထုံးစံအတိုင်း ဆေးတိုက်သူက ကျွန်မပါ။

'ကိုဒေ ဆေးသောက်လိုက်ဦးနော်'

'ဟုတ်ကဲ့ပါ'

ကျွန်မ သူ့ကို ဆေးတိုက်လိုက်တယ်။

အဲဒီအခါမှာ...

'နဒီ ခိုင်းတယ်လို့ မထင်ပါနဲ့၊ ကျွန်တော့်ကို အကိုက်
အခဲပျောက်တဲ့ ပလတ်စတာ ကပ်ပေးပါဦးနော်'

ကျွန်မ စိတ်ရှည်စွာပဲ ဆေးပလတ်စတာကို နားထင်နဲ့





လည်ကုပ်မှာ ကပ်ပေးလိုက်တယ်။

'ဒီ ဆေးပလတ်စတာက ပရုပ်နံ့သေး...နေတာကိုက
ခေါင်းကိုက်ပျောက်တယ်'

'ဒီနေ့ကတော့ လုံးဝကောင်းသွားမှာပါ'

'ဟုတ်ပါတယ်... ဒါနဲ့ နဒီမျက်နှာကြည့်ရတာ တစ်ခုခု
ဖြစ်နေသလိုပဲ'

'ဘာမှမဖြစ်ပါဘူး'

ကျွန်မက မျက်နှာတည်တည်နဲ့ ပြောလို...ကယ်။

ဒီမှာတင် နေခြည်က ပွင့်ပွင့်လင်းလင်း ပြောတော့တယ်သူ့
ဗီဗီ...

'နဒီ စိတ်ညစ်နေတယ်'

'ဘာတွေ စိတ်ညစ်နေတာလဲ နဒီ'

'ကိုဒေဆီလာနေတုန်း အခန်းတံခါးက သော့(ခ်)မချမိလို့
သူခိုးဝင်ခိုးသွားတာ၊ ဒစ်ဂျစ်တယ်ကင်မရာ ပါသွား
တယ်'

'ဪ... ဟုတ်လား၊ ကျွန်တော့်ဆီလာနေတုန်း ဖြစ်ရ
တာ စိတ်မကောင်းစရာပဲ၊ နဒီ ကင်မရာက အမျိုးအစား
တော်တော်ကောင်းတယ်၊ ဈေးကြီးမှာပဲနော်'



www.burmeseclassic.com

www.burmeseclassic.com



'ဈေးကြီးတာ ပြဿနာသိပ်မရှိပါဘူး၊ ကျွန်မ အင်တာဖျူးထားတာတွေ ပါသွားတာပဲ စိတ်ညစ်သွားတာပါ'

'ဟုတ်ပါတယ်··· မဂ္ဂဇင်းဆိုတာ အခုလောလောလတ်လတ်ပေါ်တဲ့ သတင်းဦးတွေကို ဖော်ပြရတာဆိုတော့ နဒီ စိတ်ညစ်မယ်ဆိုလည်း ညစ်စရာပဲ'

'ဘယ်တတ်နိုင်မလဲ ကိုဒေရယ်'

'ကျွန်တော် တတ်နိုင်သမျှ ကူညီပါ့မယ်၊ နဒီလိုအပ်တဲ့ ကိစ္စကို ပြောနော်'

'ရပါတယ်'

'ဒီသင်္ဘောပေါ်မှာတော့ ကျွန်တော်ဟာ နဒီတို့နှစ်ယောက်ကို ဘာနဲ့မှ ညှို့မခံနိုင်ဘူး ဖြစ်နေတယ်၊ ဒီတစ်ခါကုန်းပေါ်ရောက်ရင် ဟိုတယ်ကောင်းကောင်းတစ်ခုမှာ ကျွန်တော် ကျွေးပါရစေ'

'အို··· ကိုဒေကလည်း မလိုပါဘူး'

နေခြည်က ဝင်ပြောလိုက်တယ်။ ကျွန်မကတော့ ဘာမှ ပြောဖို့ အင်အားမရှိတော့ဘူး။ ကျွန်မ ဒီခရီးကိုမလာခင်က ရိုက်ထားတဲ့သတင်းဓာတ်ပုံတွေ၊ အနုဆာတွေရဲ့ ပုံအမျိုးမျိုးတွေ၊ ဒါတွေဟာ ပြန်ရိုက်လို့မှ မရတော့တာ။





ဘာပဲဖြစ်ဖြစ် ဖြစ်သမျှအကြောင်း အကောင်းလို့သာ တော်ယူရတော့မှာပဲ။ ကျွန်မ ဝမ်းနည်းတာတစ်ခုပဲရှိတယ်။ ကျွန်မ ခရီးကအပြန်မှာ သတင်းဓာတ်ပုံတွေ တပုံတပင်နဲ့ သတင်းတွေ အများကြီးကို မေမေ့ကို ပြချင်တာ။

မေမေ့ရဲ့ ယုံကြည်စိတ်ချရတဲ့အပြုံးမျိုးကို ရယူချင်တာ။

အခုတော့ ကျွန်မရဲ့ မျှော်လင့်ချက်တွေဟာ အားလုံး အားလုံး ပျောက်ကွယ်ခဲ့ပြီ။ မေမေ့ကိုပြစရာ ဗလာနတ္ထိ လက်ချည်းသက်သက်နဲ့ ပြန်ခဲ့ရတော့မယ်။ မေမေ့ကို ပျော်စေချင်တဲ့ ကျွန်မ အခုတော့ အားလုံးဆုံးရှုံးခဲ့ပြီ။

ကိုဒေရယ် ရှင်ဟာ ကျွန်မအတွက်တော့ စိတ်ဆင်းရဲမှုနဲ့ ဆောင်ခဲ့တဲ့သူလို့တောင် ပြောရမလားပဲ။ ဒါပေမဲ့ ရှင် နေကောင်းသွားဖို့ ဒီပစ္စည်းနဲ့ အလဲအလှယ်လုပ်ခဲ့ရတယ်ဆိုရင် တန်ပါတယ်။

ကိုဒေကတော့ ကျွန်မ စိတ်ဆင်းရဲတာသိလို့ ရိုက်ကွင်းထဲက ရယ်စရာတွေအကြောင်း ပြောပြတယ်။

'ဟိုတလောကရိုက်တဲ့ 'မာနမုန်တိုင်း' ဇာတ်ကားမှာ ကျွန်တော်က နှစ်ကိုယ်ခွဲရိုက်ရတယ်၊ တစ်ကိုယ်က မြို့သား လူရှုပ်လူပွေ၊ တစ်ကိုယ်က တောသားပေါ့၊ မြို့သားက လူလည်လုပ်သွားတော့ လူဆိုးတွေက လိုက်ရှာ



www.burmeseclassic.com

www.burmeseclassic.com



ရင်း တောသားနဲ့တွေ့ပြီး ထိုးကြိတ်တဲ့အခန်းပေါ့၊ တောသားဆိုတော့ ထိုးကြိတ်ပေမယ့် ပုဆိုးနဲ့ပဲ ထိုးရတာပေါ့၊ အဲဒါ ပုဆိုးနဲ့ထိုးရင်း ခြေထောက်နဲ့ လှမ်းကန်တာ လေတိုက်ပြီး ပုဆိုးက ခေါင်းကိုစွပ်နေလို့'

'ဟား··· ဟား··· ဟား···'

ပြောပြောဆိုဆို သူက အားရပါးရရယ်လိုက်တော့ ကျွန်မတို့နှစ်ယောက်လည်း ရယ်မောခဲ့ကြတယ်။

ဒီလိုနဲ့ ရယ်စရာစကားပြောရင်း ကျွန်မရဲ့စိတ်လည်း ပျော်ရွှင်လာခဲ့တယ်။

နံနက်ပိုင်းအချိန်တွေဟာ ဒေဝတာဆီမှာပဲ ကုန်ဆုံးခဲ့တယ်။

နေ့လယ်အချိန်မှာ ကျွန်မတို့ အောက်ကိုဆင်းလာတော့···

'ဒီနေ့ ကားရိုက်နားတယ်၊ ဒါပေမဲ့ ဒန်ဆာတွေကတော့ ကကွက်တွေကို ပြန်လေ့ကျင့်နေတယ်'

ကျွန်မ နေခြည်နဲ့ ဒန်ဆာတွေရဲ့ ကကွက်ကို ကြည့်နေမိတယ်။

တစ်အောင့်အကြာမှာ ကကွက်တွေ ပြီးသွားတယ်။ ဒန်ဆာခေါင်းဆောင် ဝင့်သဇ္ဈာ ပြေးထွက်လာပြီး···





'မမနေခြည် မင်းသား နေမကောင်းလို့ဆို'

'ဟုတ်တယ်··· ညကတော့ တော်တော်ဖျားတယ်၊ အခုတော့ သက်သာသွားပါပြီ'

'မင်းသားလည်း နေမကောင်းတာတောင် မပြောဘူး၊ ခုနကမှ အစားသွားပို့တဲ့ ကောင်လေးပြောလို့ သိတာ၊ နေမကောင်းရင်တော့ သွားမေးဦးမှပဲ'

'သွားမေးပါ၊ မင်းသား အခန်းထဲမှာရှိတယ်'

နေခြည်စကားအဆုံးမှာ ဝင့်သဇ္ဈာနဲ့ ဒန်ဆာအချို့ဟာ ...ား ရဲ့အခန်းဆီကို သွားကြတယ်။

တဖြည်းဖြည်းနဲ့ ညနေစောင်းလာခဲ့ပြီ၊ သဘော်ကြီးက ...ယ်ပြာကြီးထဲမှာ ခုတ်မောင်းနေဆဲ။

အခန်းထဲမှာနေရတာ မွန်းကျပ်နေသလိုဖြစ်လို့ ကုန်းပတ် ...ို လာခဲ့တယ်။

ကုန်းပတ်ပေါ်က လက်ရမ်းကိုကိုင်ရင်း ငေးမိငေးရာ ...ိတွေးရာ တွေးနေမိတယ်။

'နဒီ ဘာတွေတွေးနေတာလဲ'

ချိုသာတဲ့ အသံကလေးနဲ့ မေးလိုက်တယ်။

ဒီအသံကို ကျွန်မ မှတ်မိနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူဟာ ကိုဖုန်းပြည့်အောင်ပဲ ဖြစ်မှာပါ။ ကျွန်မ နောက်ကိုလှည့်ကြည့်လိုက်တော့ ပြုံးပြုံးကလေးလာနေတဲ့ ဆရာဖုန်းကို တွေ့လိုက်တယ်။

'သြော်… ဆရာဖုန်းပါလား'

'မင်းသား ဖျားနေတယ်ဆိုလို့ ဒါရိုက်တာကြီးနဲ့အတူ မင်းသားအခန်းကို ရောက်ခဲ့တယ်'

'ဟုတ်တယ်၊ ကျွန်မနဲ့ နေခြည်တို့နှစ်ယောက် မင်းသားကို ဆေးတိုက်ရသေးတယ်၊ အခုတော့ တော်တော်ကောင်းသွားပါပြီ'

'မင်းသားက ပြောတယ်၊ ညက ကင်မရာပျောက်သွားလို့ဆို'

ဆရာဖုန်းက ကင်မရာပျောက်ကြောင်း ပြောတဲ့အတွက် ကျွန်မ အံ့သြသွားတယ်။

'ဆရာဖုန်းပြောတာ မှန်ပါတယ်၊ ဒါပေမဲ့ လုံခြုံရေးညွှန်ကြားတယ်ထင်မှာစိုးလို့ ဘယ်သူ့ကိုမှ ပြောမပြခဲ့ဘူး၊ မင်းသားနဲ့ လုံခြုံရေးတာဝန်ရှိတဲ့သူတွေလောက်ပဲ သိတာ'

'မင်းသားကလည်း သတင်းစကားသက်သက် ပြောတာမဟုတ်ပါဘူး၊ အဲဒီ ကင်မရာထဲမှာ သတင်းဓာတ်ပုံတွေ





ပါသွားတယ်ဆိုပြီး ကျွန်တော့်ကို ကူညီဖို့ မေးခိုင်းလိုက်လို့ပါ'

'ဟုတ်ပါတယ်'

'အဲဒီပုံတွေက ဘာပုံတွေလဲ၊ ကျွန်တော်က ဓာတ်ညွှန်းသမားဆိုတော့ ဒါရိုက်တာတွေ၊ ကုမ္ပဏီလုပ်ငန်းပိုင်ရှင်တွေနဲ့ တော်တော်များများသိတယ်၊ ဒါကြောင့် ကျွန်တော်ဟာ တော်တော်များများ အကူအညီပေးနိုင်ပါလိမ့်မယ်'

'ဆရာဖုန်းပြောတာ မှန်တယ်၊ 'ပန်းခရေမေတ္တာ' ရယ် 'အတ္တတရားရဲ့ရောင်ပြန်' နဲ့ 'ဥပေက္ခာနှလုံးသား' ဓာတ်ကားကန်တော့ပွဲ အခမ်းအနားတွေပါတယ်၊ အဲဒီ ဓာတ်ကားတွေနဲ့ ဒါရိုက်တာတွေရဲ့ ဓာတ်ပုံတွေနဲ့ မင်းသမီး မင်းသားပုံတွေ ပါတယ်'

'အဲဒီပုံတွေဟာ ဓာတ်ကားရိုက်တဲ့ ကုမ္ပဏီတွေမှာ မှတ်တမ်းပုံတွေ ရှိမှာပါ၊ ဓာတ်ပုံအားလုံး မရနိုင်ပေမယ့် သုံးပုံနှစ်ပုံလောက်တော့ ရမှာပါ'

'ဆရာဖုန်းပြောမှ သတိရတယ်၊ ကျွန်မက အဲဒီပုံတွေပါသွားလို့ စိတ်မကောင်းဖြစ်နေတာ၊ အခုမှ ကျွန်မကိုယ် ကျွန်မ ဘာကြောင့် ဆရာဖုန်းကို ထည့်မတွေးမိရတာလဲ



www.burmeseclassic.com

www.burmeseclassic.com



လို့ သိလာတယ်'

'နဒီက ပစ္စည်းပျောက်တဲ့သူဆိုတော့ ထူပူသွားလို့ဖြစ်မှာပါ'

'ဘာပဲဖြစ်ဖြစ် ကျွန်မအတွက် ဆရာဖုန်းနဲ့ စကားပြောရတာ အင်အားတစ်ခုပါပဲ'

'ကျွန်တော့်ကြောင့် နဒီ ပျော်တာ ကျွန်တော် အရမ်းဝမ်းသာပါတယ်'

'ကျေးဇူးတင်ပါတယ်'

'နဒီတို့ မဂ္ဂဇင်းကြီး ဒီထက်ပိုပြီး အောင်မြင်စေချင်ပါတယ်'

'ကျွန်မလည်း မိန်းမသားတွေဦးစီးတဲ့ မဂ္ဂဇင်းမို့ အောင်မြင်အောင် အတူးကြိုးစားနေတာပါ၊ အခုတော့ လှေလှော်ရင်း တက်ကျိုးသလို ဖြစ်သွားတယ်'

'စိတ်ဓာတ်မကျပါနဲ့ နဒီရယ်၊ ဂျပန်လူမျိုးတွေမှာ စကားပုံတစ်ခုရှိတယ်၊ တစ်ခါလဲရင် ဆယ်ခါထရမယ်တဲ့၊ ဒါဟာ အင်အားရှိတဲ့ စာတစ်ပုဒ်ပဲ၊ လူဆိုတာ ဘဝတစ်ကွေ့ကွေ့မှာ အခက်အခဲဆိုတာ တွေ့ကြုံရမြဲပါ၊ ဒီအခက်အခဲကို ရင်ဆိုင်နိုင်ဖို့ အင်အားတွေ စုစည်းထား





ရမယ်'

'ဆရာဖုန်းရဲ့ စကားကို နားထောင်ရတာ စိတ်ဓာတ်တွေ တက်ကြွလာတယ်၊ အခက်အခဲတွေကို ရင်ဆိုင်နိုင်ဖို့ အင်အားတွေရှိလာပြီ'

'ဒီလိုပါပဲ နဒီရယ်၊ အခက်အခဲနဲ့တွေ့ချိန်မှာ အားပေးနိုင်တဲ့ မိတ်ဆွေကောင်း လိုအပ်ပါတယ်'

'ဟုတ်ပါတယ်၊ ဆရာဖုန်းဟာ ကျွန်မရဲ့ မိတ်ဆွေကောင်းတစ်ယောက်ပါပဲ'

ကျွန်မဟာ ဆရာဖုန်းရဲ့ စကားတွေထဲမှာ စိတ်ကြည်မွေ့သွားတယ်။ ကျွန်မတို့ စကားပြောနေချိန်မှာ တဖြည်းဖြည်းနဲ့ နေဝင်သွားပြီ။

အလင်းဖျော့ကောင်းကင်မှာ နေလုံးနီနီကြီးဟာ တစ်စတစ်စနဲ့ မိုးကုပ်စက်ဝိုင်းထဲ ဝင်လာခဲ့ပြီ။ အနီရောင် ရောင်ခြည်တလေးတွေဟာ တိမ်အနားစွန်းမှာ ဟိုတချို့ ဒီတချို့ ကျန်ရစ်နေဆဲ။

ကြည့်လိုက်ရင် တိမ်ပန်းချီ ဆေးရေးခြယ်ထားသလိုပဲ။ တကယ်လှတဲ့ ရှုခင်းကလေး။

ဒီရှုခင်းရဲ့အောက်မှာ ပင်လယ်ပြာပြာကြီးကို တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ မိုးကုပ်စက်ဝိုင်းကြီးနဲ့ ပင်လယ်ပြာဟာ ဟိုးအဝေးတစ်နေရာမှာ ခပ်ပြုပြုကလေး ပေါင်းဆုံခဲ့တယ်။

ကျွန်မဟာ ကောင်းကင်ပြာကြီးကို ငေးကြည့်နေတဲ့အခိုက်…

'နဒီတော့ မသိဘူး၊ ကျွန်တော်တော့ ညနေဆည်းဆာရဲ့အလှကို သိပ်ပြီးသဘောကျတာပဲ၊ နေလုံးကြီး ဝင်သွားတာကိုကြည့်ပြီး စိတ်ထဲမှာ တစ်မျိုးပဲခံစားရတယ်'

'ဟုတ်တယ် ဆရာဖုန်း၊ ကျွန်မလည်း နံနက်ဆည်းဆာထက်စာရင် ညနေဆည်းဆာကို ပိုပြီးကြိုက်တယ်၊ မိုပြီးခံစားမိတယ်၊ လွမ်းသလိုလို ဆွေးသလိုလိုနဲ့'

'ဒါဆို နဒီက အလွမ်းဓာတ်ခံ ရှိပုံရတယ်'

'ဖြစ်နိုင်ပါတယ်၊ ကျွန်မရဲ့အဖေဟာ ကျွန်မငယ်ငယ်ကလေးကတည်းက ဆုံးသွားခဲ့တယ်၊ ဒါကြောင့် ဖေဖေကိုလွမ်းတဲ့ အလွမ်းဓာတ်ခံဟာ ရင်ထဲမှာ ကိန်းအောင်းနေတယ်၊ အဲဒီ ညနေဆည်းဆာကိုကြည့်ရင်း ဖေဖေ့ကိုလွမ်းတဲ့စိတ်တွေ ပေါ်လာတယ်'

'နဒီနဲ့ ကျွန်တော်နဲ့က ခံစားချက်ချင်း တူညီတယ်'

'ဟုတ်ပါတယ်၊ နဒီလည်း ဆရာဖုန်းနဲ့ စကားပြောရ





တာ ပျော်တယ်'

'ဒီစကားလေးကို ထာဝစဉ်ကြားချင်ပါတယ်'

'ရှင်'

ကျွန်မက အံ့သြစွာနဲ့ ဆရာဖုန်းကို လှမ်းကြည့်လိုက်တယ်။

'ကျွန်တော်က နဒီကို ပျော်စေချင်လို့ပါ၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်ရဲ့ဘဝက ကြမ်းတမ်းပါတယ်၊ မိခင်မုဆိုးမကြီးနဲ့ ညီလေး ညီမလေးငါးယောက်ကို ခက်ခက်ခဲခဲနဲ့ ကျွေးမွေးခဲ့ရသူပါ၊ အခုတော့ ညီလေး ညီမလေးတွေလည်း ကျောင်းပြီးသွားပြီး သုံးယောက် အိမ်ထောင်ကျသွားပြီး နှစ်ယောက်ကအလုပ်ဝင်နေတော့မှ အသက်ရှူချောင်သွားတယ်၊ ကျွန်တော်က ဘဝသမားမို့ စာနာမိတာပါ'

'ဒါဆို ဆရာဖုန်းရဲ့ ဘဝမှာ ပျော်ရွှင်မှုနည်းပါးခဲ့တာပေါ့နော်'

'ပျော်ရွှင်မှုနည်းပါးတယ်ဆိုတာထက် စိတ်ညစ်ရတဲ့အချိန်တွေက ပိုများပါတယ်၊ ကျွန်တော်ဟာ ကြိုးစားရင်းနဲ့ ဓာတ်ညွှန်းဆရာ ဖြစ်လာခဲ့တယ်၊ ဒီတော့မှ ပိုပြီးအဆင်ပြေလာတယ်၊ အခုမှပဲ ကျွန်တော်ချစ်တဲ့ ညနေ

www.burmeseclassic.com

www.burmeseclassic.com



ဆည်းဆာကို စိတ်လွတ်လွတ်လပ်လပ် ကြည့်ခွင့်ရခဲ့တော့တယ်'

'ဒီလိုပါပဲ ဆရာဖုန်းရယ်၊ ကျွန်မလည်း မဂ္ဂဇင်း အချိန်မီထွက်ရှိရေးအတွက် အပြင်းအထန်ကြိုးစားနေရတာနဲ့၊ ကိုယ်ပိုင်အချိန်ဆိုတာ မရှိသလောက်ပါပဲ၊ ညနေဆည်းဆာလည်း ကြည့်ခွင့်မကြုံခဲ့ဘူး၊ အခုမှပဲ ကြည့်ခွင့်ရခဲ့တာ'

'ဒါဆို ညနေဆည်းဆာချစ်သူပေါ့နော်'

'အဲဒီလိုပြောလည်း ဖြစ်ပါတယ်'

ဘာရယ်မဟုတ်။ ကျွန်မတို့နှစ်ဦးက စိတ်ချင်းတူတော့ စကားပြောရတာ အရမ်းအဆင်ပြေတယ်။ ပျော်လည်းပျော်ခဲ့တယ်။

ဒီလိုနဲ့ မိုးစုံးစုံးချုပ်ခဲ့ပြီ။ မိုးကောင်းကင်ကြီးတစ်ခုလုံးလည်း အမှောင်တွေ ဖုံးလွှမ်းလာခဲ့ပြီ။

ဆရာဖုန်းနဲ့ စကားပြောရတာ ကောင်းပေမယ့် အချိန်ဆိုတဲ့အရာဟာ ချုပ်ကိုင်ထားတာမို့ . . .

'ဆရာဖုန်း ကျွန်မကို ပြန်ခွင့်ပြုပါ'

'ကောင်းပါပြီ'





ကျွန်မအခန်းကို ပြန်ခဲ့တယ်။ အခန်းထဲရောက်တော့ နေခြည်ဟာ ခုတင်ပေါ်မှာ လဲလျောင်းနေတယ်။

'အောင်မယ်လေး . . . ခြေထောက်ညောင်းလိုက်တာ'

ကျွန်မနဲ့ ဆရာဖုန်း စကားပြောတာ တော်တော်ကြာသွားတဲ့အတွက် ခြေထောက်တွေ ညောင်းလာပြီလို့ ညည်းညူမိတယ်။

'ညောင်းမှာပေါ့၊ ချစ်သူနဲ့ စကားပြောရတာ တစ်ကမ္ဘာလောက် ကြာသွားတယ်'

'သွားစမ်းပါ၊ ဘာချစ်သူလဲ'

'ညနေလေးနာရီလောက်ကတည်းက စကားပြောတာ အခု ခုနစ်နာရီတောင်ထိုးပြီ၊ ဘာတွေပြောနေတာလဲ'

'ဘာရယ်မဟုတ်ပါဘူးဟာ၊ ဟိုအကြောင်း ဒီအကြောင်းပေါ့'

'ငါတော့ ဆရာဖုန်းဟာ နင့်အပေါ်မှာ စိတ်ဝင်စားနေတယ်လို့ထင်တယ်'

'သူပြောတဲ့ စကားကတော့ ရိုးရိုးသားသားပါပဲ'

'သူကြည့်ရတာ သိပ်ပိုက်ဆံရှိတဲ့ပုံ မပေါ်ဘူး'

နေခြည်ဟာ ငွေရေးကြေးရေး အလွန်ချမ်းသာသူဆိုတော့ ဝေ့တစ်ယောက်ကို ကြည့်လိုက်တာနဲ့ ငွေမျက်နှာကို အရင်ကြည့်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ရထွယ်။ ကျွန်မကတော့ လူတန်းစားအလွှာမျိုးစုံနဲ့ ပေါင်းသင်း
ဆက်ဆံနေသူမို့ ဆင်းရဲချမ်းသာ ငွေမျက်နှာကို မကြည့်ဖြစ်ဘူး

ဒါကြောင့်···

'ချမ်းသာတာ ဆင်းရဲတာ အကြောင်းမဟုတ်ပါဘူး၊ ငါ
ရဲ့ရင်ကို တုန်လှုပ်နိုင်စွမ်းရှိအောင် လုပ်နိုင်တဲ့သူဆိုရင်
ချစ်သူအဖြစ် ရွေးချယ်မှာပဲ'လို့ ပြောလိုက်တယ်။

'ဒါဆို နင် ဆရာဖုန်းကို ရင်ခုန်ရင် ချစ်သူအဖြစ်
ရွေးချယ်မှာလား'

'သူမှာ ဒီလိုအစွမ်းအစရှိခဲ့ရင် သူ့ကိုပဲရွေးမယ်'

'ဒါဆို ဖုန်းချစ်သူပေါ့'

နေခြည်က ကျွန်မကို လှောင်ပြုံးပြုံးပြီး စလိုက်တယ်

'တော်တော်ကဲတဲ့ အကဲမ၊ နင်ကသာ "ဒေချစ်သူ"ဖြစ်မှာ

'အောင်မယ်လေး··· ဖြစ်ချင်တာတောင် ဒေ့ရဲ့ တတိယ
ချစ်သူအဆင့်လောက်မှာ ရှိမယ်'

'ဘာဖြစ်လို့လဲ'

'ညနေက မင်းသားနေမကောင်းဘူးဆိုလို့ မင်းသမီးရှေ
ဝင်သဥ္စာပါ မင်းသားဆီမှာ ဝိုင်းဝိုင်းလည်နေတာ၊ နင်
လာခါနီးမှ ပြန်သွားတာ'



'အေးပေါ့··· ဇာတ်ကားရိုက်ဖော်ရိုက်ဖက်တွေဆိုတော့
သတင်းလာမေးမှာပေါ့၊ မင်းသမီးက အရမ်းလှတယ်ဆို
တော့ ပထမပေါ့၊ ဒန်ဆာဝင့်သဥ္စာကလည်း ကိုယ်လုံး
အရမ်းလှတော့ ဒုတိယပေါ့၊ ငါ့သူငယ်ချင်း နေခြည်က
'တတိယ'ပေါ့ ဟုတ်လား'

'အောင်မာ··· အောင်မာ··· ဘာကြောင့် ငါက တတိယ
ဖြစ်ရမှာလဲ၊ ပထမမဟုတ်ရင် မယူဘူး'

'ပေါ်ပြီ··· ပေါ်ပြီ··· ကိုဒေ့ကိုချစ်နေတာ ပေါ်ပြီ'

'တော်တော်ကဲတဲ့ အကဲမ၊ ကဲဟယ်··· ကဲဟယ်'

နေခြည်က မခံချင်ဖြစ်ပြီး ကျွန်မကို ခေါင်းအုံးနဲ့ လှမ်း
ပေါက်လိုက်တယ်။ ကျွန်မက ခေါင်းကလေးကို အသာငုံ့ရှောင်
ရင်း သူမကို ပြန်ပေါက်လိုက်တယ်။

ဒီလိုနဲ့ သူတစ်ပြန် ကိုယ်တစ်ပြန်။

ကျွန်မတို့နှစ်ယောက်ဟာ စရင်းနောက်ရင်း အပျော်
ကလေးတွေ ရောက်ရှိလာတယ်။ ဒီလို လွတ်လပ်တဲ့ပျော်ရွှင်မှုမျိုး
ဟာ နောင်အချိန်တွေမှာ ရဖို့မလွယ်ဘူး။

ဖြူစင်သန့်ရှင်းတဲ့ သူငယ်ချင်းဆိုတဲ့ မေတ္တာဟာ ကျွန်မ
တို့ နှစ်ဦးစလုံးအတွက် ပျော်ရွှင်ဖွယ်ရာ နိမ္မာန်ဘုံကလေးတစ်ခုပေါ့။

www.burmeseclassic.com



နေခြည်နဲ့ ကျွန်မဟာ ညဆယ်နာရီကျော်အထိ စကား ပြောဖြစ်ခဲ့တယ်။

'ကဲ… ဆယ်နာရီကျော်ပြီ၊ ငါအိပ်တော့မယ် နေခြည်'

ကျွန်မက နေခြည်ကို ပြောလိုက်တယ်။

'အေး… ငါလည်း အိပ်တော့မယ်'

'ဒါဆို မီးမှိတ်လိုက်တော့မယ်'

'အေး…'

ကျွန်မ မီးခလုတ်ကို လှမ်းပိတ်လိုက်ပြီး အိပ်ရာထဲမှာ လှဲအိပ်လိုက်တယ်။ မကြာခင်မှာ နေခြည် အိပ်ပျော်သွားပြီထင် ပါရဲ့။

ဟောက်သံသဲ့သဲ့ကလေး ကြားနေရတယ်။

ကျွန်မကတော့ အိပ်မပျော်နိုင်အောင် ဖြစ်နေတယ်။ တိတ်ဆိတ်ငြိမ်သက်နေချိန်မှာ အတွေးတွေက ဟိုရောက်သည် ရောက်ဖြစ်ပြီး ဝိတက်တွေများနေတယ်။

ဒီအချိန်မှာ ကျွန်မရဲ့ လက်ကိုင်ဖုန်းက တီးလုံးသံလေး မြည်လာတယ်။

'ဟဲလို…'

'နဒီလား… ကိုဒေပါ'





'ကိုဒေ ဘာဖြစ်လို့လဲ၊ ကိုယ်ပြန်ပူလို့လား'

အချိန်မတော် ဆက်တဲ့ဖုန်းဖြစ်လို့ ကျွန်မ စိတ်ပူသွား တယ်။

'ကိုယ်မပူတော့ပါဘူး'

'ဒါဖြင့် ဘာဖြစ်လို့ ဖုန်းဆက်တာလဲ'

'အခန်းထဲမှာ တစ်နေ့လုံးနေရတော့ ကျွန်တော် အရမ်း ပျင်းနေပြီ၊ မနေ့ညကဆိုရင် နဒီတို့နဲ့အတူရှိနေတော့ ကျွန်တော် အရမ်းပျော်တာပဲ'

'မနေ့ကတော့ ရှင် နေမကောင်းတော့ ကျွန်မတို့ လာခဲ့ရ တာပေါ့၊ မင်းသားတစ်ခုခုဖြစ်သွားရင် ဘယ့်နှယ့်လုပ် မလဲ၊ လျော်ကြေးက တော်တော်ကြီးမှာ'

'နဒီကလည်းဗျာ… အသက်နဲ့ အဝေးကြီးပါ၊ ဒါပေမဲ့ ကျွန်တော် အခု နေမကောင်းဖြစ်ချင်တယ်'

'ကြုံကြုံဖန်ဖန် နေမကောင်းဖြစ်ချင်ရတယ်လို့၊ ရှင့်လို လူမျိုး တစ်ခါမှ မတွေ့ဖူးဘူး'

'ဟုတ်တယ်ဗျာ… ကျွန်တော်ဟာ ကျွန်တော့်ဘဝတစ်ခု လုံးကို ရိုက်ကွင်းထဲမှာပဲ မြှုပ်နှံထားတာ၊ တစ်နေ့လုံး ရုပ်ရှင်ရိုက်၊ ညကျရင် ပြောရမယ့်စကားတွေကို ကျက်



www.burmeseclassic.com

www.burmeseclassic.com



ရတာနဲ့ အားတယ်လို့ကို မရှိဘူး၊ ပျင်းတယ်ဆိုတာလည်း ဘာမှန်းမသိဘူး၊ ပျော်တယ်ဆိုတာလည်း မသိခဲ့ဘူး အခုတော့ နဒီရဲ့ ပြုစုပေးမှုဟာ ကျွန်တော့်ကို နွေးထွေး စေခဲ့တယ်၊ အခု ကျွန်တော် ပျင်းတတ်လာပြီ'

'ဒါကတော့ အလုပ်ခွင်ထဲမှာ ကြီးပြင်းခဲ့ရတဲ့ဘဝဟာ တကယ်တော့ မသိစိတ်မှာ ငြီးငွေ့နေတတ်တာပဲ၊ ကိုယ် နဲ့ စိတ်တူတဲ့ အပေါင်းအသင်းနဲ့တွေ့ရင် စိတ်ထဲ အလိုလိုပျော်ရွှင်တာ သဘာဝတရားပါပဲ'

'ဟုတ်မယ်··· ဟုတ်မယ်၊ နဒီပြောသလိုပဲ၊ နဒီတို့ ပြောရဆိုရတာ ကျွန်တော့်စိတ်တွေ အရမ်းပျော်ရွှင် တယ်'

'ဒါဆိုလည်း မနက်ကျတော့ နံနက်စာစားရင်း ကျွန်မတို့ စကားပြောရအောင်နော်'

'အိုကေ··· ဘိုင့်ဘိုင်'

'ဘိုင့်ဘိုင်'

'ဟင်း···'

ကိုဒေဆီက ဖုန်းချသွားတော့မှပဲ ဟင်းချနိုင်ခဲ့တယ်။ သူလည်း အထီးကျန်စွာ လျှောက်လှမ်းရတဲ့ သူ့ဘဝမှာ





ရွှေငွေဥစ္စာပစ္စည်း ပေါများပေမယ့် မိတ်ဆွေနည်းပါးသူတစ် ယောက် ဖြစ်ပုံရတယ်။

ကျွန်မတို့နှစ်ယောက်နဲ့တွေ့မှ သူ့ဘဝမှာ စိုပြည်လာပုံ တယ်။ ကျွန်မကလည်း နေခြည်ရဲ့ ခရီးသည်မို့ ကောင်းမွန်စွာ ဆက်ဆံလိုက်တယ်။

ကိုဒေနဲ့ တွေ့ဆုံဖို့ ဖန်တီးလာတာက ကံကြမ္မာပဲ။

တွေ့ချင်တုန်းက ကျွန်မ အမျိုးမျိုးကြိုးစားပေမယ့် တွေ့ နိုင်မရလို့ အကြိမ်ကြိမ် ဒေါ်ပွခဲ့ရတယ်။

အခုတော့ သူကပဲ လိုလိုလားလား ဖုန်းဆက်တယ်။

ကျွန်မရဲ့ သန့်ရှင်းစွာပြုစုပေးမှုဟာ သူ့ကို နွေးထွေးစေ သတဲ့။ တွေးရင်း တွေးရင်း မျက်ခွံများ လေးလံလာတယ်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

နံနက်စောစော ကျွန်မတို့နှစ်ယောက်ဟာ စားသောက်ခန်းမှာ ဘရိတ်ဖတ်(စ်) စားနေခဲ့တယ်။ ထုံးစံအတိုင်း အခန်းရဲ့ထောင့်က စားပွဲမှာပေါ့။

ထမင်းကြော်ကို ငုံ့စားနေစဉ် ကျွန်မအနားမှာ တစ်စုံတစ်ယောက် လာပြီးရပ်လိုက်တယ်။ မော့ကြည့်လိုက်တဲ့အခါမှာ...

'ဟာ... ကိုဒေပါလား၊ ထိုင်ပါ'

ဒေဝတာကို တွေ့လိုက်တော့ နှုတ်ဆက်လိုက်တယ်။

နေခြည်ကတော့ အတော်အံ့သြနေပုံပဲ။

'ကိုဒေ အခန်းထဲမှာ မစားဘူးလား'

'ကျွန်တော် နေခြည်နဲ့ စကားပြောချင်တာနဲ့ အောက်ထပ်ကို ဆင်းလာတာ'





'ဒါဆို ဘာစားမလဲ ပြော'

'နေခြည်တို့စားသလိုပဲ မှာလိုက်ပါ'

နေခြည်က ထမင်းကြော်နဲ့ လက်ဖက်ရည်မှာလိုက်တယ်။

'ကျွန်တော်က အရင်တုန်းကဆိုရင် တစ်ယောက်တည်းနေရတာကို ကြိုက်တယ်၊ ဒါကြောင့် အပေါင်းအသင်းသိပ်မရှိဘူး၊ ဒါကြောင့် တချို့က မာနကြီးတယ်လို့ပြောကြတယ်၊ နဒီတို့ နေခြည်တို့နဲ့တွေ့ပြီးမှ တစ်ယောက်တည်း မနေချင်တော့ဘူး၊ အပေါင်းအသင်းနဲ့ နေချင်လာတယ်'

'နိုင်ငံကျော် ရုပ်ရှင်မင်းသားကြီးကို လူတိုင်းက ခင်မင်ချင်ကြမှာပါ၊ နေခြည်တို့ကတော့ ကိုဒေကို အရင်ကတည်းက ခင်ပြီးသားပါ'

'ကျွန်တော့်ကို ခင်တယ်လို့ကြားရတာ ဝမ်းသာပါတယ်၊ ညကလေး ကျွန်တော် ဘယ်လိုမှနေလို့မရလို့ ဖုန်းလှမ်းဆက်လိုက်တာ'

'ဪ... မှတ်ပါတယ်'

နေခြည်က ကျွန်မကို စူးစမ်းတဲ့အကြည့်နဲ့ လှမ်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။ ကျွန်မလည်း မလုံမလဲဖြစ်သွားမိတယ်။ ကိုဒေက ဆက်ပြောပြန်တယ်။

'ညက ဖုန်းမဆက်မချင်း နေလို့မရဘူး၊ တစ်မျိုးကြီးပဲ၊ ဖုန်းဆက်ပြီးမှပဲ-စိတ်အေးချမ်းသာဖြစ်ပြီး အိပ်ပျော်သွားတယ်'

'ဒါက နေကောင်းကာစဆိုတော့ ဖြစ်တတ်ပါတယ်၊ ကျွန်မတို့အရွယ်က ရင့်ကျက်တယ်လို့လည်း ပြောလို့ရတယ်၊ မရင့်ကျက်သေးဘူးလို့လည်း ပြောလို့ရတယ်'

'ဟုတ်မယ်... ဟုတ်မယ်၊ ကျွန်တော့်စိတ်ထဲမှာ ဖြစ်နေတာ အဲဒီအတိုင်းပဲ၊ အမြဲတမ်းကတော့ ကိုယ်ဟာ လူကြီးတစ်ယောက်လိုပဲ၊ တစ်ခါတစ်ခါမှာတော့ ကလေးတစ်ယောက်ရဲ့ အတွေးမျိုး ဝင်လာတယ်'

'ဒါဟာ ဒီအရွယ်မှာ ဖြစ်တတ်ပါတယ်၊ ကျွန်မတို့လည်း အပြင်မှာ ကိုယ့်ကိုယ်ကိုယ် လူကြီးတစ်ယောက်လို ပြုမူဆောင်ရွက်ပေမယ့် အိမ်မှာတော့ ကလေးတစ်ယောက်လို လွှတ်လွှတ်လပ်လပ် နေခဲ့တယ်'

ကျွန်မတို့သုံးဦးသားဟာ နှစ်ဆယ့်ငါးနှစ် ပတ်ဝန်းကျင်အရွယ်တွေဖြစ်လို့ တစ်ခါတစ်ရံမှာ အပေါင်းအသင်းမင်မယ်၊





စိတ်လှုပ်ရှားစရာယ်ဆိုတဲ့ ခံစားမှုကလေးတွေ ရှိခဲ့ပါတယ်။

တကယ်တော့လည်း ကျွန်မတို့နှစ်ဦးသား ပေါင်းတာထက် အခုလို ကိုဒေ လာရောက်စကားပြောခြင်းအတွက် ပိုပြီး ပျော်ရွှင်ခဲ့တယ်ဆိုတာ ကျွန်မ သိလိုက်ရတယ်။

ကိုဒေဟာ အခန်းထဲမှာမစားဘဲ ကျွန်မတို့ဝိုင်းမှာ လာစားလို့ အားလုံးလိုလိုက ကျွန်မတို့ဝိုင်းကို ဂရုစိုက်ကြည့်နေကြတယ်။

ဒါရိုက်တာကြီးကတော့ မင်းသားကို လှမ်းလက်ပြပြီး ပြုံးပြတယ်။ မင်းသားကလည်း ပြန်ပြီး လက်ပြနှုတ်ဆက်လိုက်တယ်။

သူတို့သဘောတရားဟာ သူဌေးသမီး နေခြည်ကို ကိုဒေတာ ခင်မင်မှုနဲ့ ချဉ်းကပ်တယ်လို့ ထင်နေတဲ့ပုံပဲ။

ထင်လည်း ထင်ချင်စရာပါ။ နေခြည်ဟာ နန္ဒာချိုင်းလောက် မလှပေမယ့် ခေတ်မီအောင် ပြင်ဆင်နေတတ်သူမို့ သူ့အလှကလေးက ပေါ်လွင်နေတယ်။ ကျွန်မကတော့ အလှအပအတွက် အချိန်မကုန်နိုင်။ သတင်းဦး သတင်းထူးအတွက် ပြေးရလွှားရတဲ့သူမို့ နဂိုအတိုင်းထက် ပိုပြီးမပြင်ခဲ့ဘူး။ သာမန်ရိုးရိုးဝါပဲ။

ဒီတော့ မင်းသားလို ပြည့်စုံတဲ့သူဟာ နေခြည်နဲ့ဆိုရင်

www.burmeseclassic.com



ရှေ့သွားနောက်လိုက် အတွဲညီတယ်။ ဒါကြောင့် အားလုံးက မင်းသားဒေဝတာကို လရိပ်ပြာပိုင်ရှင် နေခြည်နဲ့ ဘာလိုလိုပါလား လို့ တွေးထင်တာ မဆန်းဘူး။

ဒါပေမဲ့ မင်းသားရဲ့စိတ်ထဲက ခံစားမှုကိုတော့ ဘယ်သူမှ မခန့်မှန်းနိုင်ဘူး။ ကိုဒေကလွဲလို့ ဘယ်သူကများ သိနိုင်ဦးမှာလဲ။ ကျွန်မကတော့ သူနဲ့ပတ်သက်ပြီး အမှတ်တရရှိခဲ့တယ်။

အဲဒါဟာ 'အချစ်' မဟုတ်ပါဘူး။ ကျွန်မ သွားလေရာပါ တဲ့ ကင်မရာလေးပါ။

ဒီကင်မရာတစ်လုံးဟာ သူနဲ့ ကျွန်မအတွက် မမေ့နိုင်စရာ ပစ္စည်းတစ်ခု ဖြစ်ခဲ့တယ်။

ကျွန်မ ဒီလိုတွေးနေတုန်း အလယ်စားပွဲက ဝင့်သဇ္ဇာဟာ ကျွန်မတို့ဝိုင်းကို တည့်တည့်လျှောက်လာခဲ့တယ်။

'ကိုဒေဝတာ ဘရိတ်ဖတ်(စ်)လာစားတာလား'

ဝင့်သဇ္ဇာက မင်းသားကို နှုတ်ဆက်လိုက်တယ်။

'ဟုတ်ပါတယ်'

မင်းသားကလည်း အလိုက်သင့် ပြန်ဖြေလိုက်တယ်။

'နောက်ကို သဇ္ဇာတို့ဝိုင်းမှာလည်း လာထိုင်နိုင်ပါတယ်၊ သဇ္ဇာ ဖိတ်ခေါ်ပါတယ်'





'ဟုတ်ကဲ့ပါ'

မင်းသားက ရိုရိုကျိုးကျိုး ပြန်ပြောလိုက်တယ်။ ဝင့်သဇ္ဇာဟာ မင်းသားနဲ့ပတ်သက်လာရင် နှုတ်ရဲတဲ့အမျိုးသမီးလို့ ကျွန်မ ကောက်ချက်ချလိုက်တယ်။

'သွားတော့မယ် ဘိုင်'

ဟန်ပါပါနဲ့ လှုပ်ချသွားတယ်။ ဒါက သူ့စတိုင်လ်ပဲဖြစ်တယ်။ နောက်တော့ စကားပြောကောင်းတဲ့ နေခြည်နဲ့ အထီးကျန်ကိုဒေတို့နှစ်ယောက် စကားတွေ အများကြီးပြောဖြစ်ခဲ့ကြတယ်။

ကျွန်မက ဒီဝိုင်းမှာ နားထောင်သူပေါ့။

နေ့ခင်းမှာ ကားရိုက်ရှိတဲ့အကြောင်း သူပြောပြတယ်။ သူဟာ တိုက်ရိုက်ထုတ်မပြောပေမယ့် ရိုက်ကွင်းမှာ လာကြည့်စေချင်ပုံရတယ်။

'နေ့ဒီ နေ့ခင်းမှာ ဘာအလုပ်ရှိသေးလဲ'

'ဘာမှမရှိပါဘူး'

ကင်မရာကိုင်ရတဲ့ ကျွန်မဘဝမှာ ကင်မရာမရှိတော့ အပျော်စီးသင်္ဘောစီးရုံကလွဲပြီး ဘာအလုပ်မှ မရှိတော့ဘူး။

'နေ့ခင်းမှာ ရိုက်ကွင်းရှိတယ်၊ ကျွန်တော့်ရဲ့ အိုက်တင်လိုအပ်ချက်တွေကို တဆိတ်ကြည့်ပေးပါဦး'



www.burmeseclassic.com

www.burmeseclassic.com



'အကယ်ဒမီမင်းသားရဲ့ အိုက်တင်ကို မဝေဖန်ရဲပါဘူး ရှင်'

'နဒီတို့ အားနေတယ်ဆိုရင် လာပြီးအားပေးဖါဦး'

'လာပြီးအားပေးမှာပါ'

'ကျေးဇူးတင်ပါတယ်'

ကျွန်မတို့ရောက်တော့ ရိုက်ကွင်းက စနေပြီ။

မင်းသားနဲ့ မင်းသမီး ညအချိန်မှာ ခိုးတွေ့တဲ့အခန်းကို ရိုက်နေတယ်။ ညခန်းဖြစ်လို့ 'ဖေတာ' သုံးပြီးရိုက်တာ တွေ့ရတယ်။

အရမ်းချစ်တဲ့ ချစ်သူနှစ်ဦးဟာ အခက်အခဲ အတားအဆီးတွေကြားက တွေ့ရတာမို့ ဒီအခန်းဟာ ဇာတ်ဝင်ခန်းရဲ့ ကလိုင်းမက်အခန်း။ လူကြီးမိဘတွေများ သိသွားမလားဆိုပြီး စိုးတထိတ်ထိတ်နဲ့ ကြည့်ရတဲ့အခန်းပဲ။

နှစ်ဦးစလုံးဟာ စိုးထိတ်ရင်ခုန်စွာ တွေ့ဆုံနေကြတယ်။

ကိုဒေဟာ နန္ဒာချိုင်းကို စိတ်မချတဲ့အကြည့်။

နန္ဒာချိုင်းက စိတ်ချဖို့ တောင်းပန်တိုးလျှိုးတဲ့အကြည့်။ သူတို့နှစ်ဦးရဲ့ သရုပ်ဆောင်ပုံဟာ ဇာတ်လမ်းနဲ့ အံဝင်ခွင်ကျ ပီပြင်စွာ သရုပ်ဆောင်ထားတာမို့ ကြည့်ရင်းနဲ့တောင် တကယ်ဖြ





နေတယ်လို့ ထင်ရတယ်။ သူတို့နှစ်ဦးကိုကြည့်ပြီး တကယ် စိတ်မကောင်း ဖြစ်မိတယ်။

'ကပ်(ထ်)'

သူတို့ သရုပ်ဆောင်ချက်မှာ မျောပါနေခိုက် ကပ်(ထ်) ဆိုတဲ့ အသံကြားမှ သတိပြန်ရလာတယ်။

ကိုဒေက ကျွန်မကိုမြင်တော့···

'ဘယ်လိုလဲ' ဆိုတဲ့ အဓိပ္ပာယ်နဲ့ မေးငေါ့ပြတယ်။

ကျွန်မကလည်း 'ကောင်းပါတယ်၊ မျက်ရည်တောင်ကျရတယ်' ဆိုတဲ့ အဓိပ္ပာယ်နဲ့ လက်ညှိုးနှစ်ချောင်းကို မျက်လုံးအောက်ကနေ မျက်ရည်ကျဟန် အောက်သို့ဆွဲပြလိုက်တော့···

'တော်တော်နောက်တဲ့ နဒီပဲ'

ကျွန်မနားမှာ တိုးတိုးကလေး ပြောသွားတယ်။

နောက် နေခြည်ရောက်လာပြီး···

'ဒီအခန်းက အရမ်းကောင်းတာပဲ၊ ကိုဒေ ဒီကားမှာ ရှင် အကယ်ဒမီထပ်ရနိုင်တယ်၊ ဒီဇာတ်ကား ပေါက်မယ့်ကားပဲ'

'ကျေးဇူးတင်ပါတယ် နေခြည်'

ပြောပြောဆိုဆို ဒါရိုက်တာကြီးဆီကို ထွက်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



နေခြည်က ဓာတ်ဝင်ခန်းရိုက်တာနဲ့ ပတ်သက်ပြီး ဓာတ်ရှိန်သေပုံမရ။

'ရန်ကုန်မှာဆိုရင် ကိုယ့်အလုပ်နဲ့ကိုယ် မအားလို့ ဒီလိုရိုက်ကွင်းမျိုးဆီကို တစ်ခေါက်မှ မရောက်ခဲ့ဘူး၊ အနုပညာသမားရဲ့ အနုပညာပြကွက်ကိုလည်း ဒီလို အေးအေးဆေးဆေး မကြည့်ဖူးဘူး၊ ကိုဒေဟာ အနုပညာရှင်ကောင်းတစ်ယောက်ပဲ'

'ဟုတ်ပါတယ်… သူဟာ ပရိသတ်ကို ဖမ်းစားနိုင်တယ်'

'သူ ရုပ်ရှင်ရိုက်တာ ကြည့်ရင်းနဲ့ ချစ်သူနှစ်ဦး တကယ်တွေ့နေတယ်လို့တောင် ထင်ရတယ်'

နေခြည်က သူမရဲ့ခံစားချက်ကို အတည်ပေါက်ပြောနေလေရဲ့။ ကျွန်မကလည်း အဲဒီလိုအချိန်မျိုးကို စချင်တာနဲ့…

'ဟုတ်တယ်… နန္ဒာချိုင်းနေရာမှာ နင်ဆိုရင် သိပ်လိုက်မှာ'

'အောင်မာ… အောင်မာ… ငါက ဘာဖြစ်လို့ နန္ဒာချိုင်းနေရာ ဖြစ်ရမှာလဲ၊ ဓာတ်လမ်းဆုံးရင် နန္ဒာချိုင်းက သေမှာ'





'နင်က ဓာတ်လမ်းအဆုံးတောင် သိပြီးပြီလား'

'အေး… ဒါရိုက်တာကြီးပြောလို့ သိပြီးပြီ'

'ဪ…'

'ဪမနေနဲ့၊ ခုနက မင်းသားရှိလို့ မမေးတာ၊ ခုမှ မေးဖို့သတိရတယ်'

'ဘာလဲ ပြော'

'မနေ့ညက နင့်ဆီကို မင်းသား ဖုန်းဆက်တယ်ဆို'

'အေးလေ'

'နေစမ်းပါဦး… နင်တို့ ဘာတွေပြောနေကြလဲဟင်၊ ငါ့တောင် ဘာမှမပြောဘူး၊ နေနိုင်လိုက်တဲ့ သူငယ်ချင်း'

သူမက ခပ်ရွှဲရွှဲကလေး ပြောသဖြင့် ကျွန်မက…

'ငိုရင် ရိုးရိုးငိုနော်၊ ပိန္နဲပင် ဆွဲမထည့်နဲ့'

လို့ ပြန်ရွဲပြီး ပြောလိုက်တယ်။

'မဟုတ်ပါဘူး၊ ငါ အကောင်းမေးနေတာ၊ ဘာတွေပြောလဲလို့'

'အောင်မယ်လေး… သူပျင်းနေလို့၊ အပျင်းတော်ပြေစေဖို့ ကျွန်မဆီကို ဆက်သတဲ့၊ တကယ်ဆိုရင် နင်နဲ့ ပိုရင်းနှီးတာ၊ နင့်ဆီကို ဆက်ပါလား၊ အခုတော့ နင်နိုးသွားမှာ

www.burmeseclassic.com

www.burmeseclassic.com



စိုးလို့နေမှာ၊ ငါမှာတော့ သူငယ်ချင်းရဲ့ သဘောစီးသူ ဖောက်သည်အဖြစ်နဲ့ မပြောချင်လည်း ပြောရတယ်၊ ပြောနေတာ မပြီးတော့ဘူး'

'ဒါဆိုရင် နင်က ပြောလိုက်ပါလား'

'ဘာပြောရမလဲ၊ အိပ်ရေးပျက်တယ် ကိုဒေရယ်လို့ပေါ့'

'ကြည့်စမ်း ပြောရင်းနဲ့ဖောက်လာပြီ၊ သေလိုက်ပါလား'

'ဟား… ဟား… ဟား'

နေခြည်က ကလေးတစ်ယောက်လို ရယ်လိုက်တယ်။ နေခြည်ဟာ အရင်တုန်းကတည်းက အချစ်ဆုံးသူငယ်ချင်းမို့လား မသိ။

နေခြည်နဲ့နေရတဲ့ အချိန်ကလေးတွေမှာ ပျော်ရွှင်ဖွယ် အတိပါ။

မကြာခင်မှာ ညနေစောင်းအချိန် ရောက်ခဲ့တယ်။

ထုံးစံအတိုင်း လေရှူချင်တာကြောင့် ကုန်းပတ်ဆီကို လာခဲ့တယ်။

ပင်လယ်ပြင်ကြီးကို ငေးကြည့်နေတုန်း…

'နဒီ ရောက်နေပြီလား'

'သြော်… ဆရာဖုန်း အခန်းထဲမှာနေရတာ တစ်မျိုးပဲ၊



ဒါကြောင့် လေရှူရင်း လာခဲ့တာ'

'မနက်က နဒီ ဝိုင်းမှာ မင်းသားကို တွေ့လိုက်တယ်'

'ဟုတ်တယ်၊ နေခြည်နဲ့ တော်တော်ရင်းနှီးတယ်'

'ကျွန်တော်ကတော့ ဒီလိုမထင်ဘူး၊ မင်းသားက နဒီကို စိတ်ဝင်စားနေပုံရတယ်'

'မဖြစ်နိုင်တာ ဆရာဖုန်းရယ်'

'ဟုတ်တယ်… နဒီအတွက်ဆို အရမ်းစိတ်ပူတဲ့ပုံစံမျိုးပဲ'

'မဟုတ်ပါဘူး ဆရာဖုန်းရယ်၊ နဒီ ကင်မရာပျောက်သွားလို့ပါ၊ သူ့ကိုပြုစုရင်း ပျောက်သွားတာမို့ စာနာစိတ်နဲ့ သူပြောတာပါ'

'သူကြည့်ရတာ အဲဒီထက် ပိုသလိုပဲ'

'မဖြစ်နိုင်ပါဘူးရှင်… ကျွန်မထက် ချောတဲ့သူတွေ ကျွန်မ့ထက် ပိုက်ဆံရှိသူတွေဟာ သူ့အနားမှာ ဝိုင်းဝိုင်း လည်နေတာ'

'ဒါလည်း ဟုတ်ပါတယ်လေ၊ ကျွန်တော်က စိုးရိမ်လွန်တာ ဖြစ်မှာ'

ဆရာဖုန်းရဲ့ အပြောကြောင့် ကျွန်မ အံ့ဩသွားတယ်။ ရှင်က ဘာတွေစိုးရိမ်လွန်နေတာလဲလို့ ကျွန်မ မေးချင်လိုက်တာ၊

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ လောကဝတ္တရားအရ ဒီမေးခွန်းကို မမေးလိုက်နိုင်ဘူး။ ရင်ထဲမှာတော့ ခိုးလိုးခုလုနဲ့။

ဆရာဖုန်းတလည်း သူစကားပြောတာ နည်းနည်းလွန်သွားမှန်း သိပုံရဟယ်ထင်ပါရဲ့။

နှုတ်ဆိတ်လို့သွားတယ်။

ကျွန်မလည်း စကားဆက်ဖို့ ကိစ္စမရှိတာနဲ့ ရေပြင်ကျယ်ကြီးကို ငေးကြည့်နေတုန်း ဝင့်သဉ္ဇာဟာ သီချင်းကလေးဆိုရင်း…

*'မီးနဲ့ရေ ဘာကိုရွေးမလဲ ဆုံးဖြတ် ရဲရဲကြီးဆုံးဖြတ်'*

ကျွန်မတို့အနီးကို ရောက်လာတယ်။

'ဆရာဖုန်း နောက်နေ့ရိုက်မယ့်အခန်းက ကကွက်ဟာ 'မီးနဲ့ရေ' ကကွက်နော်၊ ဟုတ်တယ်မဟုတ်လား'

ဆရာဖုန်းရဲ့မျက်နှာ ကွက်ခနဲပျက်သွားတယ်။

'ဒါရိုက်တာကြီးက ရိုက်မှာမို့ ဘယ်ကကွက် ရိုက်မယ်ဆိုတာ သူပဲသိမှာပါ'

ဆရာဖုန်းက ဒီလိုပြောလိုက်တော့ ဝင့်သဉ္ဇာဟာ ပခုံးလေးနှစ်ဖက်ကိုတွန့်ပြီး မျက်နှာကိုရှုံ့မဲ့ပြီး…

'သွားလိုက်ပါဦးမယ် ဆရာဖုန်း'

လို့ ဟန်ပါပါ နှုတ်ဆက်သွားတယ်။





သူမရဲ့နှုတ်ကလည်း…

*'မီးနဲ့ရေ ဘာကိုရွေးမလဲ ဆုံးဖြတ် ရဲရဲကြီးဆုံးဖြတ်'*

ဒီသီချင်းကလေးကို ဆက်ဆိုသွားတယ်။ သူမဟာ ဒီသီချင်းကို စောင်းဆိုသွားတာ မိန်းမချင်းမို့ သိလိုက်တယ်။ ဝင့်သဉ္ဇာဟာ မင်းသားကို စိတ်ဝင်စားနေပုံရတယ်။ မင်းသားက ကျွန်မတို့နှစ်ယောက်နဲ့ ခင်မင်တယ်။ နောက် ဆရာဖုန်းနဲ့ ကျွန်မဟာ စာပေသမားချင်းမို့ ရင်းနှီးတယ်။ ဒါကို ဝင့်သဉ္ဇာက 'မီးနဲ့ရေ' ဆိုပြီး သက်သက်လုပ်ချသွားတာ။

လူဆိုတာ သူ့အမြင်နဲ့သူ မြင်ပါစေ။

ကိုယ့်အသွင်နဲ့ကိုယ် ရှိနေမှာပဲ။

ရှင်းပြနေဖို့လည်း မလိုအပ်ဘူးလို့ ကျွန်မထင်တယ်။ အခုအချိန်အထိ ကိုဒေကလည်း မိတ်ဆွေတစ်ယောက်လို ခင်မင်နေသူပါ။ ဆရာဖုန်းနဲ့လည်း ဒီနည်းနှင်နှင်ပါပဲ။

ကျွန်မဟာ သူတို့ကို ရုပ်ရှင်အသိုင်းအဝိုင်းနဲ့ မဆိုင်တဲ့သူမို့ ဒီတစ်ကြိမ်သာ လရိပ်ပြာမှာ ဆုံစည်းခွင့်ရှိတာ။ ဒီတော့ ရှိပါစေတော့ ဝင့်သဉ္ဇာရေ…။

ဒီကိစ္စကို နေခြည်ကို မပြောဘဲ ထားလိုက်မယ်။

နေခြည်သိရင် စိတ်မကောင်းဖြစ်မှာစိုးတယ်။ ဝင့်သဉ္ဇာ



www.burmeseclassic.com

www.burmeseclassic.com



ကို ကျွန်မ နားမလည်ဘူး။ သူတို့ လောကသားမဟုတ်တဲ့ ကျွန်မကို ဘာဖြစ်လို့များ တိုက်ခိုက်စော်ကားရပါလိမ့်။ တွေးရင်း စိတ်မကောင်းဖြစ်လာတယ်။

ကျွန်မကလည်း နဂိုကမှ ဟန်မဆောင်တတ်တဲ့သူမို့ မျက်နှာနည်းနည်းညိုးသွားတယ်။

အခန်းထဲဝင်သွားတော့ နေခြည်က ကျွန်မကိုလှမ်းကြည့်ပြီး…

'နဒီ မျက်နှာလည်းမကောင်းပါလား၊ ဘာဖြစ်လာလို့လဲ'

'ဘာမှမဖြစ်ပါဘူး နေခြည်'

'မဟုတ်ပါဘူး၊ တစ်ခုခုဖြစ်လာတယ် မဟုတ်လား'

'အေး… ခေါင်းနည်းနည်းကိုက်လို့ပါ'

'အကိုက်အခဲပျောက်ဆေး သောက်မလား၊ ငါတိုက်မယ်လေ'

'ရပါတယ်… ငါ့ဘာသာ သောက်လိုက်ပါ့မယ်'

ပြောပြောဆိုဆို ခုတင်ပေါ်သို့ လှဲချလိုက်တယ်။

ခေါင်းကိုက်တယ်ဆိုလို့ နေခြည်က ပရုတ်ဆီတွေ လိမ်းပေးရင်း…

'နင့်ကို လေညှင်းမခံပါနဲ့လို့ပြောတာ ပြောလို့မှမရတာ၊ အဲဒါ လေစိမ်းတွေလေ အခန့်မသင့်ရင် နေမကောင်းဖြစ်တတ်တယ်'

'အေးပါ… ငါနောက်ကို လေစိမ်းတိုက်မခံတော့ပါဘူးဟယ်'

'နေမကောင်းရင်တော့ ဒီလိုပဲ၊ နေကောင်းရင် လေရှူမယ် လေရှူမယ်နဲ့'

'ကဲ… သူငယ်ချင်းရယ်၊ တော်ပါတော့… အသွားအဲလေး ကျနေတာပဲ၊ ဖျစ်တောက် ဖျစ်တောက်နဲ့'

'ကဲပါ… နင်စိတ်ညစ်မယ်ဆိုရင် ငါမပြောတော့ပါဘူး၊ ငါ စောင်ခြုံပေးမယ်၊ ခဏလှဲနေလိုက်နော်'

နေခြည်က ကျွန်မကို စိုးရိမ်တကြီးနဲ့ ပြုစုပေးတယ်။ ကျွန်မလည်း ဘာစကားမှ မပြောချင်တာနဲ့ စောင်ခြုံပြီး အိပ်လိုက်တယ်။

နေခြည်ကတော့ ကျွန်မကိုစောင့်ရင်း မဂ္ဂဇင်းတစ်အုပ်ကို လှန်လှောဖတ်နေတယ်။

ကျွန်မ အိပ်မပျော်ခဲ့ပါ။

ကျွန်မကို သိက္ခာချတဲ့စကားလား၊ အထင်သေးတဲ့စကားလား။





www.burmeseclassic.com

www.burmeseclassic.com



တစ်ခါဖူးမှ ဒီလို အပြောမခံရဖူးတဲ့ ကျွန်မဟာ တအံ့တွေး တွေး ဖြစ်နေတယ်။

အတန်ကြာတော့ နေခြည်ဟာ မျက်စိညောင်းသွားပြီ ထင်ပါရဲ့။ ကျွန်မအနီးမှာ သူဝင်အိပ်ခဲ့တယ်။ မကြာမီမှာ သူ့ရဲ့ ဟောက်သံသဲ့သဲ့ကလေးကို ကြားရတော့ သူ အိပ်ပျော်သွားပြီ ဆိုတာ သိလိုက်တယ်။

နေခြည်ဟာ ခေါင်းချတာနဲ့ အိပ်ပျော်တတ်သူ။

ကျွန်မကတော့ ချက်ချင်းအိပ်မပျော်တတ်တဲ့သူမို့ အခု ထက်တောင် အိပ်မပျော်သေးပါ။

ဟိုတွေး သည်တွေး တွေးနေစဉ်မှာ ကျွန်မရဲ့ လက်ကိုင် ဖုန်းက တီးလုံးလေး မြည်လာတယ်။

ပေါ်လာတဲ့ ဖုန်းနံပါတ်ကို ကြည့်လိုက်တာနဲ့ ကိုဒေဆီ ကဖုန်းမှန်း သိလိုက်တယ်။

'ဟဲလို ကိုဒေလား'

'ဟုတ်ပါတယ်၊ နဒီ မအိပ်သေးဘူးလား'

'အိပ်တော့ အိပ်တာပဲ၊ ဒါပေမဲ့ အိပ်မပျော်ဘူး ဖြစ်နေ တယ်'

'ဘာဖြစ်လို့လဲ… အကြောင်းတစ်ခုခုရှိလို့လား'





'အဲဒီလိုလည်း မဟုတ်ပါဘူး'

'တစ်ခုခုတော့ ဖြစ်နေတယ်မဟုတ်လား၊ ကျွန်တော့်ကို မိတ်ဆွေရင်းလို့ သတ်မှတ်ရင် ပြောချင်တဲ့စကားကို ပြောပါ၊ မျှဝေခံစားပေးပါ့မယ်'

'မျှဝေခံစားမယ်လို့ ပြောတဲ့အတွက် ကျေးဇူးတင်ပါ တယ်၊ ဒါပေမဲ့ ဒီနေ့ည ကျွန်မ နည်းနည်းနေမကောင်း ဖြစ်နေတယ်'

'ဟင်… နဒီ နေမကောင်းဘူးလား၊ တော်တော်ဖြစ်နေ လား၊ ကိုယ့်ကို ပြောစမ်းပါဦး'

'နည်းနည်းပါးပါးပါ'

'နဒီ မင်းကို ကိုယ် လာကြည့်ရမလား'

'ဒီလောက်လည်း မဖြစ်ပါဘူး'

'မင်း တစ်ခုခုဖြစ်မှာကို ကိုယ်စိုးရိမ်တယ်'

'ရပါတယ်… အခု ကျွန်မ အိပ်လိုက်ရင် ကောင်းသွား မှာပါ'

'ဒါဖြင့် အိပ်နော်၊ နဒီ အိပ်ပျော်အောင် ကိုယ် သီချင်း ဆိုပေးရမလား'

'ရပါတယ်… ကျွန်မကို အခုလိုဂရုစိုက်တာ ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းကောင်းအိပ်နော်၊ မနက်ဖြန် ဘရိတ်ဖတ်(စ်)စား ရင်း, တွေ့မယ်နော်၊ ဘိုင့်ဘိုင်'

'ဟုတ်ကဲ့··· ဖုန်းချလိုက်တော့မယ်'

ခုနက စိတ်ညစ်နေတဲ့စိတ်တွေဟာ ကိုဒေနဲ့ စကားပြော ပြီးတဲ့အချိန်မှာ လွင့်စင်ပပျောက်သွားတယ်။ ကိုဒေရဲ့ အကြင်နာ စကားတွေဟာ ကျွန်မရဲ့စိတ်ကို အင်အားဖြစ်စေခဲ့တယ်။

❁ ❁ ❁



## အခန်း(၇)

ပင်လယ်ပြင်ကြီးထဲမှာ တရိပ်ရိပ် ခုတ်မောင်းလာခဲ့တဲ့ လရိပ်ပြာကြီးဟာ မကြာမီ မြိတ်ဆိပ်ကမ်းကို ဆိုက်ရောက်လာခဲ့ တယ်။

မြိတ်ဆိပ်ကမ်းဟာ တော်တော်လေးစည်ကားတယ်။

ကျွန်မတို့ရဲ့ လရိပ်ပြာသင်္ဘောကြီးဟာ အရမ်းလှတာ ကြောင့် တစ်ခဏအတွင်းမှာ လူတွေအများကြီး ရောက်လာတယ်။ လုံခြုံရေးဝန်ထမ်းတွေက လုံခြုံရေးကို အဓိကတာဝန်ယူထား တယ်။

မော်လမြိုင်ဆိပ်ကမ်းမှာလို လျှောတိလျှောရဲ မနေတော့ ဘူး။ မော်လမြိုင်မှာတုန်းက သင်္ဘောပေါ်ကို လူစိမ်းတွေက ကြည့်ချင်တယ်ဆိုလို့ တက်ခွင့်ပြုခဲ့တယ်။ အခုတော့ ဘယ်သူ့ကို မှ တက်ခွင့်မပြုတော့ဘူး။ လုံခြုံရေးကို တင်းကျပ်ထားတယ်။



www.burmeseclassic.com

www.burmeseclassic.com



မြိတ်ဆိပ်ကမ်းမှာ ကိုဒေနဲ့ နန္ဒာချိုင်းတို့ ရိုက်ကွက် အနည်းငယ်ပါလို့ ဇာတ်ဝင်ခန်း ရိုက်ခဲ့တယ်။ လူတွေ အရမ်းဝိုင်းအုံကြည့်တာကြောင့် သင်္ဘောပေါ်မှာပဲ နေလိုက်တယ်။

ရုပ်ရှင်ရိုက်ကွင်း ပြီးပြီးချင်း မင်းသမီးရော မင်းသားပါ သင်္ဘောပေါ်ကို အပြေးအလွှား တက်လာတယ်။ အားပေးတဲ့ ပရိသတ်တွေက များလွန်းလို့ မွန်းကျပ်နေပုံရတယ်။

အပေါ်ရောက်တော့ ပင်ပန်းနေတဲ့ ကိုဒေကို အချိုရည်ဘူး လှမ်းပေးလိုက်တယ်။

'ကိုဒေအတွက် ရော့'

'သိုင်းကျူးပဲ နဒီ'

အချိုရည်ဘူး ဖောက်သောက်ရင်း...

'အခုမှ အမောပြေသွားတော့တယ်'

နောက်တော့ ကျွန်မနဲ့ နေခြည်ဟာ ရုပ်ရှင်အဖွဲ့သား အားလုံးအတွက် အချိုရည်ဘူးတွေ လိုက်ပေးခဲ့တယ်။ ရုပ်ရှင်အဖွဲ့သားအားလုံးဟာ ပင်ပန်းနေကြလို့ အလွန်ပဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့တယ်။

ဒါရိုက်တာကြီးနဲ့ ဆရာဖုန်းကို ကျွန်မကိုယ်တိုင် သွားပေးခဲ့တယ်။





'ဒီလို အချိုရည်ဘူးတိုက်ရတဲ့အတွက်ကြောင့် အပျိုကြီး ဒေါ်နဒီ အပျိုကြီးဘဝက မြန်မြန်ကျွတ်ပါစေ'

'အို... ဒါရိုက်တာကြီးက ဘာမှန်းလဲ မသိဘူး'

ဒါရိုက်တာကြီးက ဆရာဖုန်းနဲ့ ကျွန်မကို စချင်လို့ ဒီလို ပြောလိုက်တာဆိုတာ ကျွန်မ ကောင်းကောင်းကြီးသိလိုက်တယ်။

အနေကြာလာတော့ ကျွန်မတို့တစ်တွေဟာ မောင်နှမတွေလို ပြောမနာ ဆိုမနာ ဖြစ်လာတယ်။ ပျော်စရာ အသိုင်းအဝိုင်း အလေးတစ်ခုပေါ့။

လရိပ်ပြာကြီးဟာ မြိတ်ဆိပ်ကမ်းမှာ ညမအိပ်တော့ဘဲ ညနေ ပြန်ထွက်မှာမို့ ရိုက်ကွင်းစောစောသိမ်းခဲ့ကြတယ်။ ရုပ်ရှင် ဇာတ်အဖွဲ့သားတွေဟာ သူတို့ရဲ့ စက်ပစ္စည်းတွေကို သင်္ဘောပေါ် ကို တင်နေကြတယ်။

တဖြည်းဖြည်းနဲ့ ညနေစောင်းအချိန်ကို ရောက်လာခဲ့တယ်။

လေပြည်လေးတွေ တငြိမ့်ငြိမ့်တိုက်ခတ်နေချိန်မှာ အပျော်စီးသင်္ဘောကြီးဟာ မြိတ်ဆိပ်ကမ်းက စတင်ထွက်ခွာလာခဲ့တယ်။

လှပတဲ့ လရိပ်ပြာကြီးဟာ တငြိမ့်ငြိမ့်နဲ့ မြိတ်ဆိပ်ကမ်းမှ စတင်ထွက်ခွာလာခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဘောတံတားမှာ များပြားလှတဲ့ ပရိသတ်များဟာ တိုးဝှေ့ပြီး လက်ပြနှုတ်ဆက်ခဲ့ကြတယ်။ နေခြည်နဲ့ ကျွန်မအပါအဝင် ဒန်ဆာအုပ်စုဟာ လက်ရမ်းမှာ မတ်တတ်ရပ်ရင်း လက်ကလေးတွေဝှေ့ယမ်းပြီး ပြန်နှုတ်ဆက်ခဲ့ကြတယ်။

ပရိသတ်ကြီးရဲ့ ချစ်ခင်လေးစားမှု အတိုင်းအတာရဲ့ ပြယုဂ်တစ်ခုပါပဲ။ ကျွန်မတို့ဟာ ပျော်ရွှင်စွာနဲ့ ပရိသတ်ကြီးကို ခွဲခွာခဲ့ကြတယ်။

သင်္ဘောကြီးဟာ တဖြည်းဖြည်းနဲ့ ဆိပ်ကမ်းနဲ့ ဝေးလာခဲ့ပြီ။ ဒါပေမဲ့ ကျွန်မကတော့ လက်ရမ်းနားမှာ ရပ်နေဆဲ။ အပြာရောင် ပင်လယ်ကြီးနဲ့ အစိမ်းရောင် ကမ်းရိုးတန်းအလှဟာ ဘယ်အချိန်ကြည့်ကြည့် ရှုမငြီးစရာပါပဲ။

ကျွန်မ ငေးမောကြည့်ရှုချိန် ဘယ်လောက်ကြာသွားလဲ မသိဘူး။ ကျွန်မရဲ့ လက်ကိုင်ဖုန်းက တီးလုံးသံကလေး ပျံ့လွင့်လာတယ်။

'ဟဲလို...'

'ကိုဒေပါ'

'သြော်... ကိုဒေ ပြောပါ'

'အပြင်မှာ လေစိမ်းတွေ တိုက်နေတယ်၊ ဘာကြောင့်





အခုထိ ကုန်းပတ်ပေါ်မှာ ရှိနေတာလဲ'

'ကျွန်မ ကုန်းပတ်ပေါ်မှာ ရှိနေတာ ရှင် ဘယ်လိုသိသလဲ'

'ဘယ်လိုသိသလဲ မမေးပါနဲ့ နဒီ၊ လေစိမ်းတွေ တိုက်နေပြီ၊ နဒီ ပြန်ဖျားမှာစိုးလို့ပါ'

'ကျွန်မဖျားလို့ ကိုဒေက ပြုစုရမှာမှ မဟုတ်တာ၊ ဘာလို့ ဒီလောက် စိုးရိမ်ရတာလဲ'

'ဘာပဲဖြစ်ဖြစ် နဒီကို နေမကောင်းမဖြစ်စေချင်ဘူး၊ အမြဲတမ်း လန်းလန်းရှိနေတာပဲ တွေ့ချင်တယ်'

'နဒီက ဒီလောက်တော့ အကြမ်းခံပါတယ်'

'ကဲပါ နဒီရယ်၊ ကုန်းပတ်ပေါ်မှာ မနေနဲ့တော့နော်'

'အင်းပါ.... ခဏနေရင် အခန်းထဲကို ပြန်မှာပါ၊ ဖုန်းချလိုက်တော့မယ်နော်'

'ကောင်းပြီ'

နေရင်းထိုင်ရင်း သူက ကျွန်မကို ဘာကြောင့် စိုးရိမ်နေပါလိမ့်။ သူ့ရဲ့ စိုးရိမ်မှုဟာ ဘာကြောင့် ကျွန်မကို လွှမ်းမိုးနေရတာလဲ။ တကယ်ကို နားမလည်နိုင်ဘူး။

သူ့ကို ပြန်ပြောမယ် ကြံရွယ်ပေမယ့် တကယ်တမ်းမှာ

www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ အမိန့်ဟာ ကျွန်မကို စိုးမိုးနေခဲ့တယ်။ ယောကျ်ားတစ်ယောက်ရဲ့ စိုးရိမ်မှုနောက်ကွယ်က ပါလာမယ့် အကြင်နာတွေကို ကျွန်မ မယုံရဲဘူး။

အထူးသဖြင့် ရုပ်ရှင်မင်းသားတစ်ယောက်ဖြစ်တဲ့ ကိုဒေကိုပေါ့။ ကျွန်မ အခန်းဆီသို့ ပြန်လာခဲ့တယ်။

အခန်းနားအရောက်မှာ...

'ကျွီ...'

တစ်ဖက်ခန်းက တံခါးပွင့်လာတယ်။ တံခါးဝမှာတော့-

'ဟင်... ကိုဒေ'

ကျွန်မ သူ့ကို တွေ့လိုက်ရတယ်။ သူဟာ ကျွန်မကို စောင့်နေပုံပဲ။

'ဘာပြောစရာရှိလို့လဲ ကိုဒေ'

'ဘာရယ် မဟုတ်ပါဘူး၊ နဒီ ပြန်မလာသေးလို့ စောင့်နေတာ'

'ကျွန်မက လေရှူတာကို ကြိုက်တယ်'

'ကျွန်တော်က တားသလိုဖြစ်သွားရင် တောင်းပန်ပါတယ်၊ ဘာကြောင့်မှန်းမသိဘူး နဒီတို့နဲ့ စကားပြောရတာ ကျွန်တော် ပျော်တယ်'



'ကျွန်မကလည်း အပေါင်းအသင်းတစ်ယောက်တိုးလာတဲ့အတွက် ဝမ်းသာပါတယ်၊ ကဲ... ကျွန်မလည်း အခန်းထဲဝင်တော့မယ်နော်'

'ကောင်းပါပြီ'

ကိုဒေကို နှုတ်ဆက်ပြီး အခန်းထဲဝင်လာခဲ့တယ်၊

အခန်းထဲ ဝင်လျှင်ဝင်ချင်း...

ပြုံးဖြီးဖြီးနဲ့ ကြည့်နေတဲ့ နေခြည်ကို လှမ်းတွေ့လိုက်တယ်။ သူ့မျက်နှာမြင်ရုံနဲ့ သူစတော့မယ်ဆိုတာ သိနေတယ်။

'နဒီ အခန်းဝမှာ ဘယ်သူနဲ့ စကားပြောနေတာလဲ'

နေခြည်က သိရက်နဲ့ ပြုံးပြီးမေးလိုက်တယ်၊

'ငါ့ချစ်ချစ်ဟေ့... ငါ့ချစ်ချစ်နဲ့ စကားပြောနေတာ'

'စိတ်တောင် မစစ်ရသေးဘူး၊ အမှန်ကို သိနေပြီ'

'ဝန်ခံမှ ဖြန့်ဖြန့်ဓာတ်သိမ်းမှာ၊ နို့မို့ရင် နင်ရစ်နေတာနဲ့ ဆုံးမှာမဟုတ်တော့ဘူး'

'မရစ်ပါဘူး သူငယ်ချင်းရယ်၊ ငါလည်း နည်းနည်းတော့ သဘောပေါက်သလိုလို ဖြစ်လာပြီ'

'ဘာတွေ သဘောပေါက်နေလို့လဲ'

www.burmeseclassic.com

www.burmeseclassic.com



'ညတိုင်းလည်း ဖုန်းခိုးခိုးဆက်တယ်၊ နေ့မှာလည်း ချိန်းတွေ့တယ်၊ ဒါဟာ အချစ်ရဲ့ သင်္ကေတတွေလားလို့'

နေခြည်က ဟန်ပါပါနဲ့ လက်ညှိုးကလေးကို ပါးမှာ ထောက်ရင်း စဉ်းစားနေဟန်နဲ့ ပြောလိုက်တယ်။

'အတွေးမချော်ပါနဲ့ သူငယ်ချင်းရယ်၊ ငါတို့က ရိုးရိုးသားသားပါ'

'ခုတော့ရိုးရိုး နောက်တော့တစ်မျိုးတိုးလို့ ချစ်ပြန်ဆိုပဲ ဆိုတဲ့ သီချင်းထဲကအတိုင်း ကိုဒေဟာ နင့်ကို ချစ်ခွင့်တောင်းလိမ့်မယ်ထင်တယ်'

'သွား… မဟုတ်ကဟုတ်က လာမပြောနဲ့၊ ငါတို့က အပေါင်းအသင်းကဏ္ဍပဲ ရှိသေးတယ်'

'အခုတော့ ဟုတ်တာပေါ့'

'နေခြည်ရယ်… သူက ချစ်သူဝိုင်းဝိုင်းလည်နေတဲ့ မင်းသားပါ၊ ကြွေချင်းကြွေရင် ငါ့ထက်ချောတဲ့သူတွေကို ကြွေမှာပေါ့၊ ငါ့လို မိတ်ကပ်မလိမ်းဘဲ ကင်မရာတစ်လုံးနဲ့ ပြေးနေရတဲ့ သတင်းသမားတစ်ယောက်ကို စိတ်ကူးထဲ ထည့်မှာတဲ့လား၊ သွားရင်းလာရင်း 'ခရီးသွားဟန်လွှဲ ကြုံတုန်းအဖော်လုပ်' ဆိုတဲ့ စကားလို ခရီးဖော်



တစ်ယောက်လို ဆက်ဆံတာနေမှာပါ'

'ဟုတ်ပါတယ်… ရန်ကုန်ရောက်ရင် တို့ကို မေ့သွားမှာပါ'

နေခြည်က ခပ်အေးအေး ပြောလိုက်တယ်။

'ခရီးဖော်က အရေးမကြီးဘူး၊ ညညကျရင် ဖုန်းဆက်ဆက်နေတော့ အိပ်ရေးပျက်တယ် နေခြည်ရယ်၊ ဒီနေ့ညတော့ နင့်ဖုန်းရော ငါ့ဖုန်းပါ ပိတ်ထားရင်ကောင်းမယ်'

'အေး… ဟုတ်တယ်၊ သူပျင်းတိုင်း ဆက်နေတာ အိပ်ရေးပျက်တယ်'

ဒီညအတွက်တော့ နှစ်ဦးသား တိုင်ပင်ထားတဲ့အတိုင်း ဖုန်းနှစ်လုံးစလုံး ပိတ်ထားလိုက်တယ်။

ဒီနေ့ညတော့ စိတ်ချလက်ချ အိပ်လိုက်ဦးမယ်။

❀ ❀ ❀

လရိပ်ပြာကြီးဟာ ကမ်းရိုးတန်းတစ်လျှောက် တရိပ်ရိပ်ပြတ်မောင်းလာခဲ့တယ်။ မကြာမီမှာ ခရီးလမ်းဆုံးဖြစ်တဲ့ 'ဘော့ဆောင်း' ကို ရောက်တော့မယ်။ မြန်မာပြည် တောင်ဘက်ဖျားအစွန်ဆုံး ဆိုပဲ တည်ရှိနေတဲ့ ဒီဘော့ကလေးကို တစ်ခါ

www.burmeseclassic.com



မရောက်ဖူးတော့ အရမ်းရောက်ချင်ခဲ့တယ်။ ကော့သောင်းရောက် ခါနီးလေ ပိုပြီးရောက်ချင်လေ။

ကုန်းပတ်ဆီကို ကျွန်မသွားပြီး ရှုခင်းတွေ ကြည့်နေမ် တယ်။ ကော့သောင်းမြို့ရဲ့ နံနက်စောစော ရှုခင်းတွေက အရမ်းလှ တော့ အမှတ်တရ ဓာတ်ပုံရိုက်မယ်ဆိုပြီး ကင်မရာရှိတယ်အမှတ် နဲ့ အိတ်ထဲကို လက်နှိုက်မိတယ်။

ကင်မရာမရှိမှန်းသိမှ စိတ်ထဲမှာ ခံစားသွားရတယ်။

ဟော . . တွေ့ရပါပြီ။ ကော့သောင်းမြို့ရဲ့ ဆိပ်ကမ်း ကို။ တိုက်တာအိမ်ခြေများကိုလည်း ခပ်ဝေးဝေးမှာ လှမ်းမြင်နေ ရတယ်။

'ဘော် . . .'

'ဘော် . . .'

လရိပ်ပြာကြီး ဆိပ်ကမ်းကို ကပ်ခါနီးမို့ ဥသြဆွဲပြီး အချက်ပေးလိုက်တယ်။ သင်္ဘောပေါ်မှာပါတဲ့ လူတော်တော်များ များဟာ ခရီးဆုံးဆိပ်ကမ်းကိုရောက်တော့မှာဖြစ်လို့ ကုန်းပတ် ပေါ်ကနေ လှမ်းကြည့်နေကြတယ်။

မကြာမီ လရိပ်ပြာကြီးဟာ ကော့သောင်းဆိပ်ကမ်းမှာ ကပ်ခဲ့တယ်။ ဂျာနယ်တွေကတစ်ဆင့် သတင်းမီဒီယာတွေက



ကြိုတင်ရေးသားကြတဲ့အတွက် လရိပ်ပြာကြီးနဲ့အတူ ရုပ်ရှင်အဖွဲ့၊ အနုပညာအဖွဲ့တွေပါလာမှာကို သိကြလို့ ပရိသတ်ကြီးက စောင့်ကြို နေတယ်။

စက်အဖွဲ့ကတော့ ရုပ်ရှင်ရိုက်ဖို့ စတင်ပြင်ဆင်နေတယ်။ ကော့သောင်းမှာတော့ ဓာတ်ဝင်ခန်းတော်တော်များများရိုက်ဖို့ စီစဉ် ထားတယ်။

မကြာမီမှာ ရုပ်ရှင်အဖွဲ့က အနုပညာတွေနဲ့ အရင်ရိုက်နေ တယ်။

'ရုပ်ရှင်အဖွဲ့တွေ ရုပ်ရှင်ရိုက်နေဘုန်း တို့ ဟိုဘက်ကမ်း ကို ကူးကြရအောင်'

'ကောင်းသားပဲ'

နေခြည်က ဒီခရီးကို ရောက်ဖူးနေကျဖြစ်လို့ တစ်ဖက် ကမ်းကိုသွားဖို့ ကျွန်မကို လှမ်းပြောလိုက်တယ်။

ကျွန်မတို့ အခန်းတံခါးအဖွင့်မှာ တစ်ဖက်ခန်းက ကိုဒေ ဝလည်း တံခါးဖွင့်တာနဲ့ ကြုံသွားတယ်။

'နဒီတို့ ဘယ်သွားမလို့လဲ'

'ဟိုဘက်ကမ်းသွားပြီး လိုအပ်တာလေးတွေ ဝယ်မလား လို့'

www.burmeseclassic.com

www.burmeseclassic.com



ကိုဒေ့အမေးကို ကျွန်မက ဖြေလိုက်တယ်။

'ဒါဆို ကျွန်တော်လည်း လိုက်မယ်'

'ဟိုဘက်ကမ်းက ဝယ်ချင်စရာတွေ အများကြီးနော်၊ ပိုက်ဆံများများ ယူခဲ့နော်'

နေခြည်က ပိုက်ဆံများများယူခဲ့ဖို့ အရှန်းဖောက်ပြီး ပြောလိုက်တယ်။ မကြာမီမှာ ကိုဒေဟာ ကျောပိုးအိတ်သေးသေး တစ်လုံးလွယ်ပြီး ကျွန်မတို့နဲ့အတူ လိုက်လာခဲ့တယ်။ သက်ဆိုင်ရာဌာနရဲ့ ခွင့်ပြုချက်နဲ့အညီ ဆောင်ရွက်ပြီး ကျွန်မတို့ ရနောင်းဘက်ကို ကူးခဲ့တယ်။

ရနောင်းဟာ တစ်မြို့လုံးလိုလို ဈေးဆိုင်တွေများတယ်။ တချို့ဆိုင်တွေမှာ ထိုင်းစာလုံးနဲ့ မြန်မာစာလုံး ပူးတွဲရေးထားတယ်။ စားစရာမုန့်မျိုးစုံ၊ အထည်အလိပ် အဝတ်အထည်အမျိုးမျိုး၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုးတွေကို လှပစွာ ခင်းကျင်းထားတယ်။

လျှောက်ကြည့်ရင်း ကုန်တိုက်ကြီးတစ်ခုကို ရောက်သွားတယ်။ အဲဒီမှာ ကင်မရာမျိုးစုံရောင်းတဲ့ အရောင်းခန်းမဆီကို အမှတ်မထင် ရောက်သွားခဲ့တယ်။

ကင်မရာမျိုးစုံကို လှပတဲ့ ရှိုးကေ့စ်ထဲမှာ ထည့်ထားတယ်။



ကျွန်မဟာ ဒီကင်မရာလေးတွေမြင်တော့ ပျောက်သွားတဲ့ ကင်မရာလေးကို သတိရလာမိတယ်။ မဝယ်နိုင်ပေမယ့် ကင်မရာလေးတွေကို လိုက်ကြည့်နေမိတယ်။ ကင်မရာတွေက ဒစ်ဂျစ်တယ် နောက်ဆုံးပေါ်ပစ္စည်း ပုံစံအမျိုးမျိုးနဲ့။

ဒီအချိန်မှာ ကိုဒေဟာ ကျွန်မအနားရောက်လာပြီး ကျွန်မနည်းတူ ကင်မရာတွေ လျှောက်ကြည့်တယ်။ နောက် မှန်ဘော့(စ်) ထဲက ကင်မရာတစ်လုံးကိုယူခိုင်းပြီး···

'နဒီ··· ဒီကင်မရာ ကောင်းလား၊ ကြည့်စမ်းပါဦး'

ကင်မရာကိုင်နေရတဲ့သူဆိုတော့ ကင်မရာနဲ့ပတ်သက်ပြီး အတော်အတန်သိနားလည်ပါတယ်။

'ကောင်းတယ်··· ဒီကင်မရာက နောက်ဆုံးမော်ဒယ် အမျိုးအစားပဲ၊ ပုံထွက်ကောင်းတယ်၊ Clear ဖြစ်တယ်'

'ဒါဆို ဒီကင်မရာကိုပဲ ယူလိုက်တော့မယ်'

ကိုဒေက အဲဒီကင်မရာကို ဝယ်လိုက်ပြီး လက်ဆောင်ပုံသဏ္ဌာန် ထုတ်ပေးခိုင်းတယ်။ မကြာမီမှာ လှပစွာထုတ်ပိုးထားတဲ့ အထုပ်ကလေးကို ဆိုင်ရှင်က ကိုဒေ့လက်ကို အပ်လိုက်တယ်။ ကိုဒေက လှမ်းယူပြီး···

'နဒီအတွက် ကျွန်တော့်ရဲ့ လက်ဆောင်ပါ'



www.burmeseclassic.com

www.burmeseclassic.com



လို့ပြောပြီး ကျွန်မကို လှမ်းပေးလိုက်တယ်။

'ရှင်…'

ကျွန်မ တကယ်အံ့အားသင့်သွားတယ်။

'ဒီလောက် ဈေးကြီးတဲ့လက်ဆောင်ကို ကျွန်မ မယူဘူး'

'ဈေးကြီးတာ မကြီးတာ သတ်မှတ်ချက်ပါ၊ နဒီအတွက် လောလောဆယ် မရှိမဖြစ်တဲ့ပစ္စည်းဟာ ဒီပစ္စည်းပဲ၊ ယူလိုက်ပါ'

ကျွန်မ ယူဖို့စိတ်မရဲဘဲဖြစ်နေတယ်။ ဒီမှာတင် နေခြည်က-

'ယူလိုက်ပါ ဒုယ်ချင်းရယ်၊ နင့်အတွက် တကယ် လိုအပ်တဲ့ပစ္စည်းပဲ၊ မသကာ ရန်ကုန်ရောက်ရင် ငွေပြန် ရှင်းလိုက်ပေါ့ဟာ'

'ဒီလိုဆိုလည်း ငါယူလိုက်ပါ့မယ်'

ကျွန်မဟာ ကိုဒေကမ်းလင့်ပေးလာတဲ့ လက်ဆောင်ဘူး ကလေးကို လှမ်းယူလိုက်တယ်။ ပြီးတော့ ကင်မရာကိုင်ခဲ့တဲ့လက် ဟာ ကင်မရာဘူးကလေးကို သေချာစွာ ဆုပ်ကိုင်ထားလိုက်တယ်။

ရနောင်းမြို့နဲ့ ကော့သောင်းမြို့ ရှုခင်းတွေကို ရိုက်ရတော့ မှာဖြစ်လို့ စိတ်ထဲမှာ အရမ်းပျော်သွားတယ်။ ကိုဒေကိုလည်း ကျေးဇူးတင်မိတယ်။





'ကဲ… ရနောင်းရောက်တုန်း နေခြည်နဲ့ ကိုဒေကို ကျွန်မ က ကျွေးပါရစေ'

ကျွန်မတို့သုံးယောက် မြို့လယ်က စားသောက်ဆိုင်မှာ ခေါက်ဆွဲစားခဲ့တယ်။ အဲဒီမြို့ရဲ့ ရှုခင်းကလေးတွေကို ကိုဒေပေး ခဲ့ ကင်မရာနဲ့ အမှတ်တရ စပြီးရိုက်ခဲ့တယ်။ နောက်တော့ လိုအပ်တဲ့ပစ္စည်းတွေဝယ်ပြီး ကော့သောင်းဘက်ကို ပြန်ခဲ့ကြ တယ်။

ကော့သောင်း ပြန်ရောက်တော့ နေခြည်က…

'ကိုဒေနဲ့ နဒီကို ဘုရင့်နောင် ရုပ်တု တည်ထားတဲ့ အငူဆီကို လိုက်ပို့ပေးမယ်'လို့ ပြောလိုက်တယ်။

'ကောင်းသားပဲ… ကျွန်တော်လည်း အလောင်းဘုရား ရုပ်တုရှိတဲ့ အငူကို ရောက်ဖူးချင်တာနဲ့ အတော်ပဲ'

ဘုရင့်နောင်ဟာ ရာဇဝင်မှာ တကယ်ကို စံထားရ တဲ့ မင်းတစ်ပါးပဲ'

'ဟုတ်တယ်… ကမ္ဘာမှာ မြန်မာ့ရဲ့စွမ်းသတ္တိဟာ ဘုန်းမီး နေလလို တောက်ပခဲ့တယ်'

ကျွန်မတို့သုံးဦးသား ထိုအငူသို့ ရောက်ရှိလာခဲ့တယ်။ ဘုရင့်နောင် မင်းတရားကြီးရဲ့ အားမာန်အပြည့်နဲ့ မာန်ပါလှ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ရုပ်တုကြီးကို တွေ့လိုက်ရတယ်။ နေခြည်က ကျွန်မတို့ကို…

'ဒီရုပ်တုကြီးကြည့်ရတာ တကယ့်ကို အားမာန်တက်စေ တယ်၊ ဒီနေရာဟာ မြန်မာပြည်မြေပုံရဲ့ ခြေထောက် နေရာအဆုံးကလေးပေါ့'

လို့ ပြောလိုက်တယ်။

'အဲဒီနေရာကလေးမှာ ဒီလို မတ်တတ်ရပ်နေရမယ်လို့ ထင်မထားမိဘူး၊ ဒီနေရာကလေးမှာ နေရတာ ပျော် လိုက်တာ'

ကျွန်မကလည်း နေခြည်ကို ပြန်ပြောလိုက်တယ်။

'ကိုဒေ ဘုရင့်နောင် ရုပ်တုကြီးနားမှာ မတ်တတ်ရ စမ်းပါ၊ အမှတ်တရ ဓာတ်ပုံရိုက်ချင်လို့'

'ကောင်းပါပြီ'

ကိုဒေဟာ ရုပ်ရှင်မင်းသားတစ်ယောက်မို့ ပို့(စ်)အမျိုး နဲ့ ဓာတ်ပုံအရိုက်ခံခဲ့တယ်။ ပြီးတော့ နေခြည်ကိုလည်း ဓာတ် ရိုက်ပေးခဲ့တယ်။

ကိုဒေက ကျွန်မတို့နှစ်ယောက်ကို ပြန်ရိုက်ပေးတယ်။

'နေခြည်နဲ့ နဒီ သေသေချာချာ အိုက်တင်လုပ်ထေ'

'ဟင်… ကိုဒေကလည်း ရှက်စရာကြီး'





'ဘာရှက်ရမှာလဲ၊ အမှတ်တရ ဓာတ်ပုံရိုက်တာပဲ၊ တော် ကြာမှ ဓာတ်ပုံထဲမှာ မလှဘူးမပြောနဲ့'

လှုငယ်တွေရဲ့ မုန်ကန်တဲ့လွတ်လပ်ခြင်းဟာ ပျော်ရွှင် ဖွယ်ရာအတိ ဖြစ်ခဲ့တယ်။ အမှတ်တရ ဓာတ်ပုံရိုက်ပြီးတော့ ပင်လယ်ကြီးရဲ့ ကမ်းစပ်ကို ပြေးသွားတယ်။

ဖြူလွှတဲ့ သဲပြင်ပေါ်မှာ လျှောက်လှမ်းရင်း ကိုဒေက…

'ပင်လယ်ကြီးရေ… ငါတို့ရောက်လာပြီ'

အကျယ်ကြီးအော်ပြီး ပင်လယ်ကြီးကို နှုတ်ဆက်လိုက် တယ်။ ကိုဒေကိုကြည့်ပြီး ကျွန်မတို့နှစ်ယောက် ရယ်ပစ်လိုက် တယ်။

ကိုဒေရဲ့ အမူအရာဟာ ကလေးတစ်ယောက်လိုပဲ။

'ဘာရယ်တာလဲ'

ကျွန်မတို့နှစ်ယောက်ကို ခပ်ဟောက်ဟောက်လှမ်းမေး လိုက်တယ်။

'ဘာမှမဟုတ်ပါဘူး၊ ကပ္ပလီပင်လယ်ပြင်ကြီးကိုကြည့် ပြီး အတွေးဝင်လာလို့ပါ'

'ဘာလဲ… *ကပ္ပလီပင်လယ်ပြင်ကို ဗဟိုပြု၍* ဆိုပြီး ဆောင်းပါးရေးမလို့လား'



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ပါဘူး၊ ကပ္ပလီပင်လယ်ပြင်ဆိုတာ ဘယ်သူက ပေးတဲ့ နာမည်လဲလို့ သိချင်လို့ပါ'

ကျွန်မက ပြုံးတုံးတုံးနဲ့ ကိုဒေကို မေးလိုက်တယ်။

'ဒါတောင် မသိဘူးလား၊ အရင်က အဲဒီနေရာမှာ ကပ္ပလီတွေနေလို့ ကပ္ပလီပင်လယ်ပြင်လို့ ခေါ်တာပေါ့'

ကျွန်မက သူဖြီးနေမှန်းသိလို့…

'ဒါဆို အဲဒီကပ္ပလီကြီးတွေ ဘယ်ရောက်သွားပြီလဲ'

'မာဆာမုန့်တိုင်းမိလို့ သေကုန်ပြီလေ၊ ဟား… ဟား… ဟား…'

သူ့စကားနဲ့သူ ရယ်မောလိုက်တယ်။

'ကိုဒေကတော့ မဟုတ်တာ တော်တော်ပြောတယ်'

ကျွန်မတို့နှစ်ယောက်လည်း ပြုံးရယ်ရင်း ပျော်ရွှင်ခဲ့ကြတယ်။ စိတ်တူသဘောတူတဲ့ ကျွန်မတို့သုံးယောက်ဟာ ဒီနေရာလေးမှာ အကြာကြီးနေခဲ့ကြတယ်။ မိုးချုပ်ခါနီးမှ ပြန်ခဲ့ကြတယ်။

'ကပ္ပလီပင်လယ်ကြီးရေ… အခု ပြန်တော့မယ်၊ နောက်တစ်ခေါက်ကျရင် မိန်းမပါ ခေါ်လာခဲ့မယ်'

အဲဒီလိုအော်ပြီး ကျွန်မကို တစ်ချက်လှမ်းကြည့်လိုက်တယ်။





အထာနပ်တဲ့ နေခြည်က ပခုံးတစ်ချက်တွန့်ပြပြီး ကျွန်မတို့ မေးငေါ့ပြကာ ရယ်လိုက်တယ်။ ဒီနေ့ဟာ ကျွန်မဘဝရဲ့ ပျော်ရွှင်ဖွယ်ရာ နေ့ရက်ကလေးတစ်ခု ဖြစ်ခဲ့တယ်။

သဘော်ဆီကို ကျွန်မတို့ ပြန်ခဲ့ကြတယ်။

သဘော်ပေါ်ကို ရောက်တယ်ဆိုရင်ပဲ ဝင့်သဉ္ဇာတို့အုပ်စုတို့ လှမ်းတွေ့လိုက်တယ်။ ရိုက်ကွင်းပြီးလို့ နားနေပုံရတယ်။ နေခြည်ကို ဝင့်သဉ္ဇာက လှမ်းနှုတ်ဆက်လိုက်တယ်။

'မမနေခြည် ဘယ်ကပြန်လာတာလဲ'

'သြော်… ဟိုဘက်ကမ်းက ပြန်လာတာပါ'

'သဉ္ဇာလည်း လိုက်ချင်တာပေါ့၊ မမနေခြည်က ကျွန်မတောင် မခေါ်ဘူး'

'သြော်… သဉ္ဇာတို့ မအားဘူးထင်လို့ပါ၊ သဉ္ဇာ သွားချင်ရင် မမနေခြည် လိုက်ပို့ပါ့မယ်'

'ဟိုဘက်ကမ်းက တော်တော်ပျော်စရာကောင်းမှာပဲနော်'

'ကောင်းပါတယ်…သဉ္ဇာအားရင် လိုက်ပို့ပေးမယ်လေ'

'ကောင်းပါပြီ'

နေခြည်က ဝင့်သဉ္ဇာနဲ့ စကားပြောနေလို့ ကျွန်မနဲ့ ကိုဒေသူမရဲ့ရှေ့က ဖြတ်သွားခဲ့တယ်။ ဝင့်သဉ္ဇာဟာ ကိုဒေနဲ့ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



တွဲသွားတာကို မနှစ်မြို့တဲ့ပုံနဲ့ နှုတ်ခမ်းကိုရွဲ့ပြီး မျက်ခုံးတစ်ချက်တွန့်လိုက်တယ်။ နောက်တော့ သူမရဲ့ ဘောင်းဘီအိတ်ကလေးထဲမှာ လက်နှစ်ဖက်နှိုက်ပြီး ဟန်ပါပါနဲ့ လမ်းလျှောက်ရင်း…

*'တချို့ကတော့ သိပ်ကံကောင်း ××× တချို့ကတော့ စိတ်ညစ်နေကြတယ်'*

ချစ်ကောင်းရဲ့ ရေးကျလှတဲ့ သီချင်းအပိုင်းအစကလေးကို ဆိုလိုက်တယ်။ ဒန်ဆာတစ်ယောက်ဆိုတော့ ဘာသီချင်းဖြစ်ဖြစ် ဆိုခွင့်ရှိပါတယ်။

သူမရဲ့ သီချင်းအရ ကျွန်မကပဲ သိပ်ကံကောင်းနေသလား။ သူကပဲ စိတ်ညစ်နေသလား။

✿ ✿ ✿



## အခန်း(၈)

လရိပ်ပြာကြီးဟာ ကော့သောင်းမြို့မှာ သုံးရက်ကြာ ရပ်နားခဲ့တယ်။ အမိကဓာတ်ဝင်ခန်းတွေ ရိုက်နေတဲ့အတွက် ကိုဒေဟာ နေ့စဉ် မအားလပ်အောင် ဖြစ်ခဲ့တယ်။

နောက်နေ့မှာပြန်ကြရမှာမို့ မင်းသမီး နန္ဒာချိုင်း၊ ဝင့်သဉ္ဇာတို့ကို ရနောင်းဘက်ကို နေခြည်က လိုက်ပို့ပေးတယ်။ နေခြည်သွားလေရာ အမြဲလိုက်ခဲ့တဲ့ ကျွန်မဟာ ဝင့်သဉ္ဇာရဲ့ အစောင်းအမြောင်း ပြုံစူတဲ့မျက်နှာကို ရင်မဆိုင်ချင်လို့ နေခဲ့တယ်။

ကျွန်မတစ်ယောက်တည်း အားလပ်နေလို့ ကုန်းပတ်ပေါ်သွားတဲ့အခါ မမျှော်လင့်ဘဲ ဆရာဖုန်းနဲ့ တွေ့တယ်။

'နဒီက နေခြည်တို့နဲ့ လိုက်မသွားဘူးလား'

'လူတွေများနေတာနဲ့ နေခဲ့တယ်၊ ဆရာရော လိုက်မသွားဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'ဟိုတစ်ခေါက်က ရုပ်ရှင်လာရိုက်ရင်း ရောက်ပြီးပါပြီ၊ ဝယ်စရာမရှိတဲ့ လူတစ်ယောက်အတွက် လိုက်သွားလည်း ခြေညောင်းရုံပေါ့'

'ကိုမုတ်သုန် ပါသွားတယ် မဟုတ်လား'

'ဟုတ်ပါတယ်၊ ဒါရိုက်တာကြီးတော့ လိုက်သွားတယ်'

'ကျွန်မတော့ တစ်နေ့က ရောက်ခဲ့တယ်'

'အဲဒီမှာ ကင်မရာတွေပေါတယ်၊ မဝယ်ခဲ့ဘူးလား'

'ကျွန်မတော့ မဝယ်နိုင်ပါဘူး၊ ကိုဒေကတော့ တစ်လုံးဝယ်တယ်၊ ရုပ်ရှင်ဆောင်းပါးအတွက် ဓာတ်ပုံရိုက်ဖို့ ကျွန်မကို ပေးထားတယ်'

'ကိုဒေကတော့ နဒီအပေါ်မှာ နားလည်ပါတယ်၊ နဒီကင်မရာပျောက်သွားတော့ သူ အရမ်းစိတ်မကောင်းဖြစ်တဲ့အကြောင်း ပြောပြတယ်'

'ဟုတ်ပါတယ်… ကျွန်မ ကင်မရာပျောက်တာ သူ့ကြောင့်ပါလို့ စိတ်စွဲနေပုံရတယ်'

'တစ်ခါတလေတော့လည်း ကိုယ်ဘယ်လောက်စေတနာရှိရှိ ငွေမရှိရင် စေတနာကို မပြနိုင်ဘူး'

ဆရာဖုန်းကလည်း ခပ်လေးလေး ပြောလိုက်တယ်။



'ဆရာဖုန်းက ဘယ်သူ့ကို စေတနာတင်ပြချင်တာလဲ'

'တစ်စုံတစ်ရာပေါ့၊ ကျွန်တော်လည်း နှလုံးသားရှိတဲ့သူမို့ ကျွန်တော့်ရင်ထဲက တစ်စုံတစ်ရာပေါ့ နဒီရယ်'

ဆရာဖုန်းရဲ့ မျက်နှာဟာ ညှိုးရော်ရော်ကလေး ဖြစ်သွားတယ်။

ဆရာဖုန်းရဲ့ မျက်နှာရိပ် မျက်နှာခြည်ကိုကြည့်ပြီး သူဟာ ကျွန်မအပေါ် စိတ်တိမ်းညွှတ်နေပြီ ထင်ပါရဲ့။

သူဟာ ဟန်မဆောင်တတ်သူမို့ အကဲခတ်ရတာ လွယ်ပါတယ်။ ဒီခရီးစဉ်မှာ စိတ်ကို ပေါ့ပါးစွာထားချင်သူဖြစ်၍ အချစ်နဲ့လာတဲ့သူ မည်သူမဆို ကျွန်မ ခပ်ဝေးဝေးပဲ နေချင်တယ်၊

ဒါပေမဲ့ သူ့ရဲ့ရင်ထဲမှာ နူးညံ့ညင်သာတဲ့ အချစ်တစ်ခုကိုတော့ ကျွန်မ လှမ်းတွေ့နေရတယ်။ ဆရာဖုန်းနဲ့ စကားပြောနေစဉ်မှာ ကျွန်မရဲ့ လက်ကိုင်ဖုန်းက အသံမြည်လာတယ်။

လက်ကိုင်ဖုန်းမှာ ပေါ်လာတဲ့ နံပါတ်ကိုကြည့်လိုက်တဲ့အခါ ကိုဒေဆီက ဖုန်းနံပါတ် ပေါ်နေတယ်။

'ကိုဒေ ပြော'

'နဒီ ကုန်းပတ်ပေါ် ရောက်နေပြန်ပြီလား'

'ဟုတ်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'လေစိမ်းတွေတိုက်ရင် ဖျားတတ်တယ်'

'လေမတိုက်ပါဘူး'

'လေစိမ်းတွေ တကယ်တိုက်နေတယ်၊ အခန်းထဲမှာ နေပါ နဒီရယ်'

ကျွန်မ ဘာမှပြန်မပြောဘဲ ဖုန်းပိတ်လိုက်တယ်။ ဆရာဖုန်းနဲ့ စကားလက်ဆုံကျနေတာကို တစ်နေရာရာက သူမြင်တယ်။

ကျွန်မရဲ့ လေစိမ်းဟာ ဆရာဖုန်းကို ရည်ညွှန်းတာမှန်း သိလိုက်တယ်။ သူနဲ့ ကျွန်မနဲ့ ဘာမှမဖြစ်သေးတာ။ ဒါ ဘာကြောင့် ချုပ်ချယ်ချင်တာလဲ။ ကျွန်မရဲ့ လွတ်လပ်ခွင့် ပိတ်ပင်ချင်တဲ့ ကိုဒေကို မုန်းတယ်။

'ကိုဒေဆီက ဖုန်းလား'

အသံက ခပ်နွမ်းနွမ်းနဲ့ ဆရာဖုန်းလေးက မေးလိုက်တယ်။

'ဟုတ်တယ် ဆရာဖုန်း'

'ကိစ္စတစ်ခုလုပ်စရာရှိလို့ ကျွန်တော့်ကို သွားခွင့်ပြုပါဦး'

'ဟုတ်ကဲ့ပါ ဆရာဖုန်း'



ကိုဒေရဲ့ဖုန်းဟာ ဆရာဖုန်းအတွက် အားငယ်စိတ်ကို မွေးဖွားပေးလိုက်သလိုပဲ။ ချက်ချင်းပဲ ကျွန်မအနားက ထွက်ခွာသွားတယ်။ ကျွန်မကတော့ ကုန်းပတ်ပေါ်မှာ ရပ်တန့်နေဆဲ။

ဒီလိုနဲ့ ဘယ်လောက်ကြာအောင် ရပ်တန့်နေမိတယ် မသိ။ ဟိုဘက်ကမ်းကိုသွားတဲ့ နေခြည်တို့အဖွဲ့တောင် ပြန်လာခဲ့ပြီ။ ဒီတော့မှ နေခြည်နဲ့အတူ အခန်းထဲကို ပြန်လာခဲ့တယ်။

နောက်တစ်နေ့ နံနက်မှာတော့ လရိပ်ပြာကြီးဟာ ကော့သောင်းမြို့ကြီးကို နှုတ်ဆက်ထွက်ခွာခဲ့ပြီ။ ကော့သောင်းမြို့မှာ နေခဲ့ရတဲ့ ခဏတာအတွက် ကျွန်မ အလွန်ပျော်ရွှင်ခဲ့တယ်။ ဒီမြို့က အပြန်မှာတော့ စိတ်ထဲမှာ ဝမ်းနည်းသလိုလို ခံစားရတယ်။

ရေမြေတောတောင်ရဲ့ သဘာဝအလှဟာ လူတွေရဲ့စိတ်ကို ဆွဲဆောင်စေနိုင်တယ်။

အပြန်ခရီးမှာ အမြဲတမ်းအခန်းထဲအောင်းတတ်တဲ့ ကိုဒေက နဒီရှိရာ ကုန်းပတ်ပေါ်ကို လာခဲ့တယ်။

လက်ရမ်းကလေးကိုမှီရင်း ပင်လယ်ပြင်ကြီးကို ငေးကြည့်ကာ စကားပြောဖြစ်ခဲ့တယ်။

'ကျွန်တော်တို့နှစ်ယောက်ဟာ ဒီလို လွတ်လပ်တဲ့ အခြေအနေမျိုးနဲ့ နောက်ထပ် ပြန်ဆုံဖို့ မလွယ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



‘ဟုတ်တယ်၊ ရန်ကုန်ပြန်ရောက်တာနဲ့ မဂ္ဂဇင်းအတွက် စာတွေရေးရမယ်၊ စာဖောင်ပိတ်ပြီးရင် ရုံးကိုပြေးရမယ် အလုပ်တွေက တန်းစီပြီးစောင့်နေတယ်’

‘ဟုတ်တယ်၊ ရန်ကုန်ပြန်ရောက်ရင် ရိုက်ကွင်းတွေသွားဖို့ ရက်ချိန်းတွေက မနည်းဘူး’

‘ဒီလိုပါပဲ၊ အားလုံးက အလုပ်ကိုယ်စီနဲ့ မအားနိုင်ပါဘူး ဒီသဘောစီးတာတောင်မှ စိတ်လွတ်ကိုယ်လွတ် မစီးရဘူး၊ အလုပ်တွေပါလာတယ်’

‘ရန်ကုန်ရောက်ရင် နဒီဆီကို ဖုန်းဆက်မယ်၊ ရိုက်ကွင်းကို လာခဲ့နော်၊ သတင်းယူရင်းပေါ့’

‘ရိုက်ကွင်းကို မလာချင်ပါဘူး၊ မင်းသာက သိပ်အိုက်တင်ခံတာ၊ သူ့ကိုဗျူးဖို့စောင့်တာ လေးငါးခါရှိပြီ တစ်ချက်ကလေးမှ ငဲ့ကြည့်ဖော်မရဘူး’

‘ဒါက အတိတ်ကပါ၊ အနာဂတ်မှာ ဒီလိုမဖြစ်စေရဘူး’

‘ကဲပါ··· ဖုန်းဆက်လိုက်၊ လာခဲ့ပါ့မယ်’

ကျွန်မတို့နှစ်ယောက် လေညှင်းခံခဲ့ကြတယ်။

‘နဒီ ဘာကြောင့် လေညှင်းခံတယ်ဆိုတာ ကျွန်တော် သဘောပေါက်ပြီ’



‘ပင်လယ်လေကို ရှူရှိုက်ရတာဟာ အသက်ရှူဝစေတယ်၊ ပြီးတော့ ခေါင်းလည်း ကြည်လင်လန်းဆန်းသွားတယ်’

‘ဟုတ်တယ်၊ ကျွန်တော်ဟာ နဂိုတည်းက လူတွေအများကြီးနဲ့ မနေတတ်ဘူး၊ အလုပ်သဘောအရသာ လုပ်နေရပေမယ့် တသီးတခြားနေတတ်တဲ့အကျင့်ရှိတယ်၊ အလုပ်သဘောအရ လူတွေနဲ့ ဆက်ဆံရတဲ့အခါမှာ မပြုံးချင်လည်း ပြုံးပြရတယ်၊ အပြင်ထွက်တာနဲ့ သူများစိတ်ကို ဦးစားပေးနေရတော့ သိပ်ပြီး အပြင်မထွက်ဖြစ်ဘူး၊ နောက် သရုပ်ဆောင်အလုပ်ကိုလုပ်တော့ ပိုပြီးထိန်းသိမ်းရပြန်ရော’

‘ဒီလိုပါပဲ ကိုဒေရယ်၊ ရောက်တဲ့နေရာမှာ ဖြစ်အောင်နေကြရတာပဲ’

‘ကျွန်တော် နဒီကို အရမ်းခင်တယ်၊ ဘာကြောင့်လဲဆိုတော့ နဒီဟာ မိန်းမသားတစ်ယောက်ရဲ့ ကြင်နာမှုနဲ့ သိမ်မွေ့တဲ့သိက္ခာရှိတယ်၊ ဒါဟာ နဒီရဲ့ ထူးခြားတဲ့ လက္ခဏာပဲ’

‘ကိုဒေလည်း ဒီလိုပါပဲ၊ အမြင်အရ မာနကြီးတယ်လို့

www.burmeseclassic.com

www.burmeseclassic.com



ထင်ရပေမယ့် အတွင်းစိတ်သဘောထား ပြည့်ဝ
တယ်၊ ကဲ… ကိုဒေ ကျွန်မကို ခွင့်ပြုပါဦး'

စကားပြောတာ ကြာသွားပြီ။ နေခြည်စောင့်ရတာ ကြာ
နေပြီထင်ပါရဲ့။ ကိုဒေနဲ့ စကားဖြတ်ပြီး အခန်းထဲကို ပြန်လာ
တယ်။

နောက်ရက်မှာတော့ ဆရာဖုန်းနဲ့ တွေ့တယ်။

ဆရာဖုန်းက ကျွန်မနဲ့ ကိုဒေကို ချစ်သူဖြစ်သွားတယ်
ထင်သလားမသိ။

'ကျွန်တော်လေ လရိပ်ပြာကြီးနဲ့ ခရီးသွားရမယ်ဆိုတော့
စိတ်ထဲမှာ အရမ်းပျော်တယ်၊ အနုပညာစာပေသမားချင်း
ဖြစ်တဲ့ နဒီနဲ့တွေ့ပြီး ခင်မင်ရတော့ ပိုပြီးပျော်လာတယ်
ဒါပေမဲ့ အခုလို အပြန်ခရီးမှာတော့ စိတ်ထဲမှာ တစ်မျိုး
ပဲ၊ ကိုယ်ဝယ်ချင်တဲ့ပစ္စည်းကို ကိုယ်လည်း မဝယ်နိုင်
ဘူး၊ သူများဝယ်သွားမှာကိုလည်း စိုးရိမ်သလိုမျိုး ခံစား
ရတယ်'

'တွေ့ကြုံ ဆုံကွဲဆိုတာ ဓမ္မတာပါပဲ၊ ကွဲကွာဖို့အတွက်
ဆုံတွေ့ခဲ့ကြရတာ မဟုတ်လား'

ဆရာဖုန်းကလည်း ပညာနဲ့ပြောခြင်း ဖြစ်တယ်။ ကျွန်



လည်း ဆင်ဖွေ့ရန်ရှောင်စကားမျိုး ပြောလိုက်တယ်။

အပြန်ခရီးမှာတော့ ဝင့်သဉ္ဇာ၊ နန္ဒာချိုင်းနဲ့တကွ ရုပ်ရှင်
ခွဲသားများ၊ ဒန်ဆာများနဲ့ ခင်မင်ရင်းနှီးခဲ့ကြတယ်။ အားလုံးက
လရိပ်ပြာကြီးပေါ်မှာ လိုက်ပါလာရင်း ဒီခရီးစဉ်မှာ ပျော်ရွှင်မှု
ပြည့်အဝရရှိခဲ့တယ်။

ဒီလိုနဲ့ လရိပ်ပြာကြီးရဲ့ ခရီးစဉ်ဟာ ပြီးဆုံးခဲ့ပြီ။

ကျွန်မတို့လည်း လရိပ်ပြာကြီးရဲ့ ရင်ခွင်က ထွက်ခွာ
ခဲ့ကြပြီး အမိရင်ခွင်ဆီကို ပြန်လည်ရောက်လာခဲ့တယ်။

✿ ✿ ✿

ရန်ကုန်ပြန်ရောက်ကတည်းက အလုပ်နဲ့လက်နဲ့မပြတ်
ဖြစ်ခဲ့ရတယ်။ ဆောင်းပါးလက်ကျန်တွေ ရှင်းရတာနဲ့ ညညဆိုရင်
ည့်နှစ်နာရီ တစ်ချက်လောက်မှ အိပ်ရတယ်။ မနက်ခြောက်
နာရီလောက် ပြန်ထပြီး အလုပ်တွေ ပြန်လုပ်ရတယ်။

တော်ပါသေးရဲ့။ အချိန်မီ ဖောင်ပိတ်နိုင်ခဲ့တယ်။

ဆရာဖုန်းလည်း သူ့ရဲ့ အားရက်ကလေးမှာ ပြေးလာပြီး
ကင်မရာနဲ့အတူ ပျောက်သွားတဲ့ သတင်းဓာတ်ပုံတွေရဖို့ ရုပ်ရှင်
သမ္ဘာဂီတွေ မှတ်တမ်းတင်ပုံတွေ ယူပေးခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုဒေကတော့ ပြင်ဦးလွင်ကို ကားရိုက်ထွက်သွားခဲ့တယ်။ တစ်ပတ်ကျော်အချိန်အထိ ကိုဒေဆီက ဘာမှသတင်းမကြားရဘူး။ ဒီနေ့ည ဆယ့်နှစ်နာရီကျော်ချိန်မှာ ကျွန်မရဲ့ လက်ကိုင်ဖုန်းက တီးလုံးသံလေး ပျံ့လွင့်လာတယ်။ ဖုန်းကိုကြည့်လိုက်တာနဲ့ ပေါ်နေတဲ့ ဂဏန်းလေးကြောင့် ကိုဒေဆီကမှန်း သိလိုက်တယ်။

'ကိုဒေ ပြော'

'ကိုဒေ အခုည ကိုးနာရီကမှ ပြန်ရောက်တယ်၊ ရေချိုး ထမင်းစားပြီးတာနဲ့ နဒီဆီကို ဖုန်းဆက်လိုက်တာ'

'နဒီလည်း ကိုဒေ ဒီနေ့ပြန်ရောက်လောက်ပြီလို့ ထင်နေတာ'

'နဒီ ကိုဒေကို သတိရနေတယ်ပေါ့'

'အဲလို မဟုတ်ပါဘူး၊ ကိုယ့်မိတ်ဆွေတစ်ယောက် ခရီးသွားနေတယ်ဆိုတော့ ပြန်ရောက်လောက်ပြီလားလို့ တွေးမိတာပါ'

'ကဲ… ဒီလောက်နဲ့ပဲ ကျေနပ်ပါပြီ နဒီ၊ ကိုဒေ ပြောစရာရှိလို့ ဆက်လိုက်တာ'

'ပြောပါ ကိုဒေ'





'မနက်ဖြန် ကန်တော်ကြီးမှာ ကိုဒေ ရိုက်ကွင်းရှိတယ်၊ မနက်ခြောက်နာရီတည်းက ရိုက်ရမှာ၊ နဒီ ညနေသုံးနာရီလောက် လာခဲ့ပါလား'

'ကိစ္စရှိလို့လား ကိုဒေ'

'ရှိတယ်လေ၊ နဒီ ကိုဒေကို အကြွေးဆပ်စရာရှိတယ်လေ'

'သြော်… သိပြီ'

ကိုဒေဟာ ကျွန်မအပေါ်မှာ ကင်မရာအတွက် အကြွေးခဲ့တယ်။ အဲဒီလို တွေးနေစဉ်…

'တခြားဟာတွေ လျှောက်မတွေးနဲ့နော်၊ နဒီဆီက ကက်ပက်ချီနို ကော်ဖီတစ်ခွက်သောက်ချင်တာ'

'ရပါတယ်… အကြွေးရှိရင် ဆပ်ရမှာပေါ့၊ ညနေသုံးနာရီမှာ ရိုက်ကွင်းကို ကျွန်မ လာခဲ့ပါမယ်'

သူ ပြင်ဦးလွင်သွားကတည်းက ကျွန်မ ညတိုင်း ဖုန်းဆက်ပါ့မလားလို့ မျှော်လင့်ခဲ့တယ်။ အလုပ်တွေရှုပ်ပြီး ဒိုင်ယာသော့(ခ်)တွေ ကျက်နေလို့ မအားဘူးထင်ပါရဲ့။ သူဖုန်းမဆက်ခဲ့ဘူး။

အခု ကိုဒေဆီက ဖုန်းလာတော့ ကျွန်မ သိပ်ပျော်သွား



www.burmeseclassic.com

www.burmeseclassic.com



တယ်။ တစ်ခရီးတည်း အတူသွားခဲ့တဲ့ သံယောဇဉ်ကြောင့် ဖြစ်မယ်ထင်ပါတယ်။ ဒီနေ့ညတော့ ကောင်းကောင်းကြီး အိပ်ပျော်သွားခဲ့တယ်။

ဒီနေ့မနက်မှာ မဂ္ဂဇင်းတိုက်ကိုရောက်တော့…

'မေမေ ဒီနေ့ ညနေသုံးနာရီမှာ မင်းသားဒေဝတာနဲ့ တွေ့ဖို့ရှိတယ်'

လရိုပ်ပြာမှာ မင်းသားနဲ့ ခင်မင်ခဲ့တဲ့အကြောင်း မေမေ့ကို ပြောမပြခဲ့လို့ ဒီအကြောင်းတွေကို မေမေ မသိသေးဘူး။

'ဒီတစ်ခါတော့ ဗျူးခွင့်ရမှာပါ မေမေ'

'ဒါဆိုလည်း သွားကြည့်ပေါ့ သမီးရယ်'

'ဟုတ်ကဲ့ပါ မေမေ'

ညနေသုံးနာရီတိတိမှာ ကျွန်မ ရိုက်ကွင်းကို ရောက်ခဲ့တယ်။

'နဒီ ကိုယ် ဒီမှာ'

ကိုဒေက လိုက်လှဲပျူငှာစွာ လှမ်းခေါ်လိုက်တယ်။

ကျွန်မဟာ မင်းသားကိုဗျူးဖို့အတွက် မင်းသားရဲ့ဘေးနားက ခုံမှာ ဝင်ထိုင်လိုက်တယ်။

ဒါရိုက်တာကြီးက ကိုမုတ်သုန်ဖြစ်လို့ ကျွန်မကို ခင်မင်





းနီးစွာ နှုတ်ဆက်ခဲ့တယ်။ ကိုဒေနဲ့ ဒါရိုက်တာကြီးဟာ နေ့တ ရိုက်ကွင်းအတွက် ဆွေးနွေးနေလို့ ကျွန်မ စောင့်ဆိုင်းနေစဉ်မှာ ွှစီတစ်စီး ထိုးဆိုက်လာတယ်။

ကားထဲက ထွက်လာသူက ဝင့်သဉ္ဇာ။

သူက ကျွန်မကိုတွေ့တော့ အံ့ဩသွားပြီး…

'မမနဒီ ရောက်နေတယ် ဟုတ်လား'

'ဟုတ်ပါတယ်၊ မဂ္ဂဇင်းအတွက် ကိုဒေကို ဗျူးဖို့လာခဲ့တာပါ'

'မမနဒီတို့ အလုပ်မျိုး သဉ္ဇာက သိပ်သဘောကျတာပဲ၊ သွားချင်တာသွားလို့ရတယ်၊ သဉ္ဇာတို့မှာတော့ တစ်နေ့ တစ်နေ့ အကတိုက်နေရတာနဲ့ အချိန်ကုန်နေတယ်'

ကိုဒေက ဝင့်သဉ္ဇာကို တွေ့လိုက်တော့…

'ဩော်… ဝင့်သဉ္ဇာပါလား၊ ကိစ္စရှိလို့လား'

'အောင်မယ်လေး… မင်းသားကလည်း ကိစ္စရှိမှ လာရမှာလား'

'ဩော်… ဒီလိုပြောတာ မဟုတ်ပါဘူး၊ နဒီနဲ့ အင်တာဗျူးဖို့ကိစ္စ ချိန်းထားလို့ပါ'

'သဉ္ဇာကလည်း ကိစ္စရှိလို့ လာတာပါ၊ ကိစ္စက ပြောကြေး

www.burmeseclassic.com



ရိုက်ဖို့ကိစ္စပါ၊ ကုမ္ပဏီတစ်ခုက သဘ္ဘာတို့အုပ်စုနဲ့ ရိုက်
တယ်လို့ ကမ်းလှမ်းလို့ သဘ္ဘာ လာပြောတာပါ’

‘ကျွန်တော် ကြော်ငြာမရိုက်ဘူး’

ကိုဒေက ခပ်ပြတ်ပြတ် ပြောလိုက်တယ်။

‘ဘာပဲဖြစ်ဖြစ် ကျွန်မတို့အဖွဲ့နဲ့ရိုက်မှာ၊ မင်းသားပါ
ကြော်ငြာအား ပိုကောင်းတာပေါ့’

‘ကျွန်တော် ကြော်ငြာရိုက်ဖို့ စိတ်မဝင်စားဘူးလို့
လိုက်ပါ’

အခြေအနေက တင်းမာလာခဲ့တယ်။ ဝင့်သဘ္ဘာက
ဆတ်ကြဲမလေးဆိုတော့ သူတို့နဲ့တွဲရိုက်ဖို့ စိတ်မဝင်စားဘူး
အတွေးပေါက်သွားတယ်။

‘ဒီမှာ ကိုဒေဝတာ၊ ရှင်ဟာ မာနကြီးသလို စကား
လည်း ရိုင်းတယ်၊ ကျွန်မတို့နဲ့ တွဲမရိုက်ချင်လည်း
ရတယ်၊ ဒီမှာ မှတ်ထားလိုက်၊ ရှင့်ရဲ့ မာနတရား
တစ်နေ့ကျရင် ရှင့်ကို ဒုက္ခပေးလိမ့်မယ်၊ အဲဒီအခါ
ကျွန်မက ရှင့်ကို ဟားတိုက်ရယ်ပစ်လိုက်မယ်’

ပြောပြောဆိုဆို ဆောင့်အောင့်ပြီး ထွက်သွားတယ်။
ထဲက အားနာသူက ကျွန်မ...



‘ကိုဒေရယ်... ကြော်ငြာမရိုက်လည်း ကောင်းကောင်း
ပြောမှပေါ့’

‘မပြောနိုင်ဘူး နဒီ၊ ကိုယ့်မှာ ကွေ့ပတ်ပြောဖို့ အချိန်
မရှိဘူး၊ သူ့ကိုပြောတာလည်း မဟုတ်ဘူး၊ သူ့နားလည်
မှုလွဲမှားတာ၊ သူ့ကိစ္စပဲ ရှင်းမနေနိုင်ဘူး၊ လာ သွားကြစို့’

ကိုဒေက ပြောပြောဆိုဆိုနဲ့ ရှေ့ကထွက်သွားလို့ ကျွန်မ
နောက်က လိုက်ခဲ့ရတယ်။ သူ့ရဲ့ လင့်ခ်ခရူဇာကားကြီးရဲ့ ဘေး
တံခါးကို ဖွင့်ပေးပြီး...

‘နဒီ ကားပေါ်တက်ပါ’လို့ ပြောလိုက်တယ်။

သူဟာ ကားမောင်းကျွမ်းကျင်သူတစ်ယောက်ဖြစ်လို့
ကန်တော်ကြီးရိုက်ကွင်းက လမ်းကလေးအတိုင်း မောင်းထွက်ခဲ့
တယ်။

Love Village အချစ်ရွာလို့ အမည်ပေးထားတဲ့ ဆိုင်
ကလေးရှေ့မှာ ကားရပ်လိုက်တယ်။

‘နဒီ... လာ’

ကိုဒေက ဦးဆောင်ခေါ်သွားခဲ့တယ်။ အချစ်ရွာဟာ
ရန်ကုန်မှာ အဆင့်အတန်းမြင့်တဲ့ ဆိုင်တစ်ဆိုင်ပဲ။

‘နဒီ ဘာစားမလဲ’

www.burmeseclassic.com

www.burmeseclassic.com



'ကိုဒေ ကြိုက်တာမှာပါ'

ကိုကာဆူကီနဲ့ အသားကင်တွေ မှာလိုက်မယ်။

နောက်တော့ အစားအစာတွေ မလာမီ…

'ကက်ပက်ချိန်နှိ နှစ်ခွက်' မှာလိုက်တယ်။

'ကဲ… နဒီနဲ့ အခုမှပဲ စကားပြောရတော့တယ်'

'ဒါဆို ကျွန်မ ရှင့်ကို ဗျူးရတော့မယ်နော်'

'ဗျူးစရာမလိုတော့ဘူး၊ ဒီမှာ စီဒီခွေ၊ အဲဒီထဲမှာ နဒီ သိချင်တဲ့အကြောင်း အားလုံး အသံသွင်းထားပြီးပြီ၊ ရော့… ယူလိုက်'

ကျွန်မက လှမ်းယူရင်း…

'ကိုဒေကိုမေးဖို့ မေးခွန်းတွေမေးမလို့၊ စီဒီခွေပေးမှတော့ ဘာမေးရတော့မှာလဲ'

'နဒီက ကိုဒေကို မမေးနဲ့တော့၊ ကိုဒေကပဲ နဒီကို မေးမယ်'

'ဘာမေးမှာလဲ မေးလေ'

ကျွန်မက ခပ်ပေါ့ပေါ့ ပြောလိုက်တယ်။

'နဒီ ကိုဒေပြောမယ့်စကားကို အလေးထားပြီး နား ထောင်ပေးပါ'





'ကဲ… နားထောင်မယ်၊ ပြော'

'ကိုဒေ နဒီကို ချစ်တယ်'

'ရှင်…'

မမျှော်လင့်တဲ့ စကားဖြစ်လို့ ကျွန်မ အရမ်းအံ့သြသွား တယ်။ သူချစ်နေတယ်ဆိုတာ ရိပ်စားမိပေမယ့် ဒီလောက်မြန်မြန် ဖွင့်ပြောလိမ့်မယ်လို့ မထင်မိဘူး။

'နဒီ အံ့သြသွားလား'

'အမှန်တကယ် ပြောရမယ်ဆိုရင် ကိုဒေဆီက ဒီစကား မျိုး မျှော်လင့်မထားတာ အမှန်ပဲ'

'အချိန်နဲ့ ဒီရေဟာ လူကိုမစောင့်ဘူးတဲ့၊ ကျွန်တော့်ထင် ဦးသူရှိမှာ အရမ်းစိုးရိမ်မိတယ်၊ ဒါကြောင့် မြန်မြန်ဖွင့် ပြောဖြစ်တာပါ၊ ကျွန်တော့်ကို မငြင်းလိုက်ပါနဲ့နော်'

'ကိုဒေ ကျွန်မတို့ဟာ ရင်းနှီးတဲ့ မိတ်ဆွေတွေပါ၊ ချစ်သူ အဆင့်ဆိုတာက ဘဝတစ်ခုလုံးနဲ့ သက်ဆိုင်တယ်၊ အချိန်ယူပြီး စဉ်းစားမှ ဖြစ်မယ်'

'ကျွန်တော် အခုအချိန်အထိ ဘယ်မိန်းကလေးကိုမှ ချစ် ခဲ့ဖူးဘူး၊ နဒီကို စတွေ့စကလည်း ရင်မခုန်ခဲ့ဘူး ကျွန်တော် ဖျားတဲ့အချိန်မှာ နဒီရဲ့ ယုယကြင်နာတဲ့ အပြု

www.burmeseclassic.com



အမှုဟာ ကျွန်တော့်ရင်မှာ တကယ်ကို ချမ်းမြေ့သွားတယ်၊ ကျွန်တော်လေ နဒီကို မမြင်ရရင်တောင် မနေနိုင်ခဲ့ဘူး၊ လရိပ်ပြာလက်ရမ်းမှာ နဒီနဲ့ စကားပြောရင်တော့ ကျွန်တော့်စိတ်တွေ မတည်မငြိမ်ဖြစ်လာတယ်၊ တကယ် မခံစားနိုင်ဘူး'

'ကျွန်မ ရှင့်ကို ဒီလိုဖြစ်မယ်လို့ မထင်ခဲ့ဘူး'

'တကယ်ပြောတာပါ နဒီ၊ ကျွန်တော်ဟာ ဘယ်သူ့ကိုမှ ဒီလို တောင်းပန်တဲ့စကားမျိုး မပြောခဲ့ဘူး၊ အခုတော့ တကယ်တောင်းပန်ပါတယ်၊ နဒီ ပြန်မချစ်ရင် ကိုဒေ တစ်ခုခုဖြစ်နိုင်တယ်'

'ကိုဒေရယ်··· ဒီလိုမပြောပါနဲ့၊ ကျွန်မက စာပေအနုပညာသမားပါ၊ ကျွန်မရဲ့ချစ်သူဟာ ကျွန်မ တကယ် ရင်ခုန်စွာချစ်ရသူကိုပဲ ရွေးချယ်ချင်တယ်၊ ဒါကြောင့် ကျွန်မကိုယ်ကျွန်မ အကြိမ်ကြိမ်မေးရဦးမယ်'

'ဟုတ်ပါတယ်၊ ကျွန်တော်ဟာ ကိုယ်လိုချင်တာတစ်ခုကို ရှေ့တန်းတင်တဲ့လူမျိုး ဖြစ်နေမလား မသိဘူး'

'စစ်မှန်တဲ့မေတ္တာဟာ အောင်ပွဲအတွက် ပန်းတစ်ပွင့် ဖြစ်မှာပါ'





'ကျွန်တော် မျှော်လင့်နေပါတယ် နဒီ

ကျွန်မတို့ စကားပြောနေစဉ်မှာ ကိုကာဆူကီနဲ့ စားဖွယ်များ ရောက်လာတယ်။

"နဒီ စားပါ'

'ရပါတယ် ကိုဒေ'

ကျွန်မတို့ စားသောက်ရင်း အခြားအကြောင်းတွေ ပြောမိခဲ့ကြတယ်။

'ကဲ··· ကိုဒေ သွားကြစို့'

'နဒီ မြန်မြန်စဉ်းစားပါနော်၊ ကိုယ် မနက်ဖြန်မှာ ပြင်ဦးလွင်ကို ထပ်ပြီးကားရိုက်သွားရမယ်၊ တစ်ပတ်လောက် ကြာမယ်၊ အပြန်ကျရင် အဖြေသိချင်တယ်'

'တစ်ပတ်လောက်နဲ့ နားပူနားဆာ မလုပ်နဲ့နော်'

'ဒါဆို အခုပဲ အဖြေပေးလေ'

'တော်တော်တတ်တယ်နော်'

ကိုဒေက အိမ်အထိ လိုက်ပို့ပေးခဲ့တယ်။ အိမ်ထဲဝင်လိုက်တော့ မေမေက···

'သမီးကို ဘယ်သူလိုက်ပို့တာလဲ'

'မင်းသားဒေဝတာပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဟေ…'

မေမေ တော်တော်အံ့သြသွားတယ်။

'ဒါနဲ့ သမီး ဒီတစ်ခါတော့ မင်းသားနဲ့ အင်တာဗျူးဖြစ်တယ်ထင်တယ်'

'ဟုတ်တယ် မေမေ၊ သူနဲ့ ဒိတ်လုပ်ထားလို့ သူ့အကြောင်း စီဒီခွေ ပေးလိုက်တယ်'

'အေး… ဒါနဲ့ သူက ဘာကြောင့် အိမ်အထိလိုက်ပို့ပေးရတာလဲ'

'လမ်းကြုံလို့ပါ မေမေ'

မေမေကလည်း မင်းသားကိုယ်တိုင် လိုက်ပို့တာမို့ သူ့စိတ်ထဲမှာ ထူးဆန်းနေတယ်။

ဒီနေ့ညမှာ ကျွန်မ ကိုဒေနဲ့ပတ်သက်လို့ စဉ်းစားစရာတွေ တပုံတပင်ရှိလာခဲ့တယ်။ ကိုဒေဟာ ထင်ရှားကျော်ကြားတဲ့ ရုပ်ရှင်မင်းသားတစ်ယောက်။ ရုပ်ရှင်တစ်ကားရိုက်ရုံနဲ့ သိန်းဆယ်ဂဏန်းများစွာ ပိုင်ဆိုင်တဲ့သူ။ အခုလက်ရှိ ကိုယ်ပိုင်တိုက်နဲ့နေပြီး လင့်ခ်ခရူဇာ စီးနေသူ။ လူမှုရေးအဆင့်အတန်းကိုကြည့်ရင် ကိုဒေဟာ အထက်တန်းစားအဆင့်မှာရှိတဲ့ 'ကောင်းကင်ကလူ'

ကောင်းကင်ကလူမျိုး အဆင့်ရှိသူတစ်ယောက်အတွက် ဖူးစာရှင်ဖြစ်ချင်သူတွေ ဝိုင်းဝိုင်းလည်နေတော့ ကျွန်မကို ဘယ်အချိန်မှာ သစ္စာဖောက်ပြီး စွန့်ခွာမလဲဆိုတဲ့ သောကတွေများ ဝေနေရမလား။

တကယ်ပဲ အာဒမ်နဲ့ ဧဝလို သေတစ်ပန် သက်တစ်ဆုံး ရိုးမြေကျ ပေါင်းမယ့်လူလား။ ကျွန်မ စဉ်းစားခန်းဝင်နေမိတယ်။

ဒါပေမဲ့ ကျွန်မရဲ့စိတ်ကို ပြန်မေးကြည့်ဦးမယ်။

သူ့ကို ကျွန်မ ရင်ခုန်နေပြီလားဆိုတာ။

❁ ❁ ❁







www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

'ကလင်…'

'ကလင်…'

အိမ်ရှေ့တံခါးရဲ့ ဘဲ(လ်)သံမြည်လာလို့ တံခါးဖွင့်ကြည့်လိုက်တဲ့အခါ…

'ဟာ… ဆရာဖုန်းပါလား၊ လာပါ… လာပါ'

ဆရာဖုန်းကို အိမ်ထဲဝင်ဖို့ ဖိတ်ခေါ်လိုက်တယ်။ ဆရာဖုန်း ဧည့်ခန်းထဲမှာ ဝင်ထိုင်ခဲ့တယ်။

'ဆရာဖုန်း အအေးသောက်ပါဦး'

'ရပါတယ် နဒီ၊ နဒီအတွက် ကျန်နေသေးတဲ့ ရုပ်ရှင်ကန်တော့ပွဲ ပုံတွေလာပေးတာ'

'ကျေးဇူးတင်လိုက်တာ ဆရာဖုန်းရယ်၊ ဒီပုံတွေက မင်္ဂလာဆောင်အတွက် အရမ်းတန်ဖိုးရှိတဲ့ ပုံတွေပဲ၊ ပျောက်သွားတဲ့ ကင်မရာထဲမှာ အဲဒီပုံတွေ ပါသွားတယ်'





'ဒီပုံတွေကို မနည်းရှာရတယ်'

'ဆရာဖုန်း ဒီနေ့အားလား'

'အားပါတယ်၊ နောက်ဓာတ်ကားအတွက် နောက်ဓာတ်ကားအတွက် ဓာတ်ညှန်းရေးဖို့တော့ ရှိတယ်'

'ဆရာဖုန်းကို ကျွန်မ တစ်ခုခုကျွေးမယ်၊ အပြင်သွားရအောင်'

ကျွန်မ ပျောက်ဆုံးသွားတဲ့ မှတ်တမ်းတင်ဓာတ်ပုံတွေ ပြန်ရလို့ အရမ်းကျေးဇူးတင်တာကြောင့် အပြင်မှာ တစ်ခုခုကျွေးဖို့ 'ရွှေကင်းကြေးအိုးဆိုင်' ကို သွားဖြစ်ခဲ့တယ်။

'ကြေးအိုးနှစ်ပွဲ ကြက်သားနဲ့၊ အရော'

ကြေးအိုးပြုတ်နေတုန်း သူနဲ့ ကျွန်မနဲ့ စကားပြောဖြစ်ခဲ့တယ်။

'မင်းသားနဲ့တွေ့သေးလား နဒီ'

'ပြင်ဦးလွင်သွားနေလို့ သိပ်မတွေ့ဖြစ်ဘူး၊ ဟိုနေ့က ပြန်ရောက်တယ်၊ ခဏတော့တွေ့ဖြစ်တယ်၊ အခု ပြင်ဦးလွင်ကို ထပ်သွားပြန်ပြီ'

'ကျွန်တော် နဒီကိုတွေ့ရင် ပြောမယ် ပြောမယ်လို့ စိတ်ကူးပေမယ့် တကယ်လက်တွေ့မှာတော့ မပြောဖြစ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဘာပြောစရာရှိလို့လဲ ဆရာဖုန်းရယ်'

'ကျွန်တော် နဒီကိုချစ်တယ်'

'ရှင်...'

'နဒီ စိတ်ဆိုးသွားလား'

'စိတ်မဆိုးပါဘူး ဆရာဖုန်းရယ်'

'ကျွန်တော့်ရင်ထဲက စကားကို ပြောချင်ပေမယ့် နဒီ မှာ ကျွန်တော့်ထက် အများကြီးသာတဲ့လူတွေ ဝိုင်းဝိုင်း လည်နေတော့ ကျွန်တော့်ရဲ့စကား တန်ဖိုးမထားမှာစိုး မပြောတော့ဘူးလို့ နေခဲ့တာ၊ နဒီကိုမြင်တော့ မနေနိုင် ဘူး'

'ရင်ထဲကစကားဆိုတာ ဖွင့်မပြောမှပဲ သိမှာပေါ့ ဆရာဖုန်း ရယ်'

'ဖွင့်သာပြောရတာ၊ ရင်ထဲမှာ အားငယ်နေတယ်၊ မဖြစ် နိုင်မှန်း သိနေသလိုပဲ။ ဟိုသီချင်းလိုပေါ့၊ အချစ်ဦး မျက်နှာငယ်လေးနဲ့ ချစ်ရသူဆိုတာမျိုး ဖြစ်နေပြီ'

'ကျွန်မ စဉ်းစားပါမယ် ဆရာဖုန်းရယ်'

ဆရာဖုန်းဟာ အနုပညာရှင်တစ်ဦးဖြစ်ပေမယ့် ငွေကြေး နေ ကြွယ်ဝလှသူမဟုတ်ပါ။ ဒါပေမဲ့ မိန်းမတစ်ယောက်ကို





ဆောင့်အတာန်းမီရုံလောက်တော့ ထားနိုင်သူပါ။

ဆရာဖုန်းဟာ လူကြီးဆန်တယ်၊ စိတ်ရှည်သည်းခံတတ် တယ်။ သူဟာ ကျွန်မကို စိတ်ချမ်းသာမှု ပေးနိုင်မယ့်ပုံရှိတယ်။

စားသောက်ပြီးတော့ ဆရာဖုန်းနဲ့ လမ်းခွဲပြီး အိမ်ကိုပြန် လာခဲ့တယ်။

တိုက်တိုက်ဆိုင်ဆိုင် တစ်ခါဖူးမျှ ရည်းစားစကား အပြော ခံရဖူးတဲ့ ကျွန်မဟာ မင်းသားဒေဝတာနဲ့ ဓာတ်ညွှန်းဖုန်းပြည့် အောင်ဆိုတဲ့ အမျိုးသားနှစ်ဦးရဲ့ ချစ်ခွင့်ပန်ခြင်းကို ခံခဲ့ရတယ်။ ကျွန်မရဲ့အရွယ်ဟာ အိမ်ထောင်ပြုရမယ့်အရွယ်မို့ သူတို့နှစ်ဦးထဲက တစ်ဦးဦးကို အိမ်ထောင်ဖက်အဖြစ် ရွေးရလိမ့်မယ်။

တစ်ရက်၊ နှစ်ရက်၊ သုံးရက်။

သူတို့နှစ်ဦးကို ဘယ်သူ့ကိုရွေးရမယ်ဆိုတာ ဆုံးဖြတ်ရ ခက်နေတယ်။ လရိပ်ပြာတစ်လျှောက်လုံးမှာ သူတို့နှစ်ဦးစလုံးနဲ့ ရင်းရင်းနှီးနှီးနေခဲ့တော့ နှစ်ယောက်စလုံးရဲ့ စိတ်သဘောကို တော် တော်တီးခေါက်မိခဲ့တယ်။

ကိုဒေဝက မဟုတ်မခံ၊ ကျော်စောမှု၊ မာနနဲ့ ဆက်ဆံရေး အဆတ်ဆတ်။ ဆရာဖုန်းကတော့ ကျွန်မတို့ထက် အနည်းဆုံး အသက်ငါးနှစ်ခန့်ကြီးပုံရတယ်။ လူကြီးတစ်ယောက်လို စိတ်ရှည်



www.burmeseclassic.com

www.burmeseclassic.com



ရှည်နဲ့ အရာရာ နိုင်းနိုင်းချိန်ချိန်ရှိသူ။

ဆရာဖုန်းကို ရွေးမယ်ဆုံးဖြတ်တော့ ကျွန်မရဲ့ အသည်း နှလုံးမှာ တဆတ်ဆတ်နာကျင်နေတယ်။ ကိုဒေရဲ့ ယောကျ်ားပီသ တဲ့ မျက်နှာလေးဟာ နှလုံးသားမှာ နေရာယူထားသလိုပဲ။

ဒါပေမဲ့ ကျွန်မ ဆရာဖုန်းရဲ့ ရိုးသားတည်ကြည်တဲ့ အေးချမ်းသောဘာဝမျိုးကို နှစ်သက်တယ်။ နောက် မျှော်လင့်ချက် မရှိပေမယ့် တစ်ဖက်သတ်အချစ်မျိုးနဲ့ ထောင့်တစ်ထောင့်က စော ကြည့်နေတတ်သူမို့ ကျွန်မ သူ့ကို သနားတယ်။

ရွေးချယ်ရန် ခက်ပါဘိ။ တွေးရလွန်းလို့။

ညစဉ် အိပ်ရေးပျက်ခဲ့တယ်။ ကျွန်မရဲ့ လှုပ်ရှားမှုတွေ ဟာ အရင်ကလို ဖျတ်ဖျတ်လတ်လတ်မရှိတော့ဘူး။ အေးစေ စက်နဲ့ ငေးတိငေးမှိုင်ဖြစ်လာတယ်။ မေမေက ကျွန်မအရဲ့ အမူ အကဲကိုကြည့်ပြီး…

‘သမီးကိုကြည့်ရတာ တစ်ခုခုဖြစ်နေသလိုပဲ၊ ဘာဖြစ်နေ လဲ မေမေ့ကိုပြောပါ သမီးရယ်’

မေမေ့ရဲ့ အကြင်နာရိပ်မှာ ကျွန်မ မေးမှိတ်ရင်း ကိုဒေနဲ့ ဆရာဖုန်းတို့အကြောင်း လရိပ်ပြာပေါ်မှာ ရင်းနှီးခဲ့တဲ့အကြောင်းအ မကျန်ပါ အားလုံးရင်ဖွင့်ခဲ့တယ်။





မေမေကလည်း တိုက်တိုက်ဆိုင်ဆိုင် ရောက်လာသူနှစ်ဦး အတွက် ခေါင်းစားခဲ့ရတယ်။ ရက်အတော်ကြာတော့ မေမေဟာ သူ့ရဲ့အမြင်ကို ပြောပြခဲ့တယ်။ မေမေ့ရဲ့ အမြင်ကတော့…

‘သမီးရယ်… ကောင်းကင်ဆန်လွန်းတဲ့သူဟာ သူ့ အသိုင်းအဝိုင်းမှာပဲ တင့်တယ်တယ်၊ အလယ်အလတ်မှာ ရပ်နေတဲ့ သမီးဟာ ဆရာဖုန်းနဲ့ပဲ သင့်တော်တယ်လို့ မေမေ ထင်တယ်’

‘သမီးလည်း စဉ်းစားနေပါတယ် မေမေ’

‘ဖြစ်ချင်တာထက် ဖြစ်သင့်တာကိုပဲ စဉ်းစားပါ၊ မိဘ တိုင်းဟာ ကိုယ့်သားသမီးကို ဆင်စီးပြီး မြင်းရံတာပဲ တွေ့ချင်တာ၊ ဒါဟာ ဘဝတစ်ခုလုံးအတွက်နော်၊ မြင်း ကန်တာကို မတွေ့ချင်ဘူး’

‘ဟုတ်ပါတယ် မေမေ’

● ● ●

‘ဟဲလို…’

‘နဒီလား ကိုဒေပါ’

‘ကိုဒေ ဘယ်တုန်းက ပြန်ရောက်လဲဟင်’



www.burmeseclassic.com

www.burmeseclassic.com



'မနေ့က ပြန်ရောက်တာ'

'ဪ…'

'ပြင်ဦးလွင်ရိုက်ကွင်းမှာ တောင်ကပြုတ်ကျတဲ့ အခန်း ရိုက်ရင်း ခြေထောက်ထိမိသွားလို့ လေယာဉ်နဲ့ ပြန်လာရတယ်'

'ဟောတော့… ဒဏ်ရာက တော်တော်များလားဟင်'

'များတယ်၊ အခုထိတောင် လမ်းမလျှောက်နိုင်သေးဘူး၊ နဒီ အိမ်ကိုလာခဲ့ပါလား'

ကိုဒေအတွက် ကျွန်မ စိုးရိမ်သွားတဲ့အတွက်…

'ဟုတ်ကဲ့ ကျွန်မ လာခဲ့မယ်လေ'

'ဘယ်တော့လာမှာလဲ'

'အခုပဲ'

ကိုဒေရှိရာ ကျောက်ကုန်းဆီသို့ ကျွန်မ သွားခဲ့တယ်။ ကိုဒေဟာ ကျောက်ကုန်းမှာ ဝင်းနဲ့ခြံနဲ့ ကိုယ်ပိုင်ခေတ်မီ တိုက်နဲ့ နေသူ။

အခြွေအရံတွေကလည်း ပေါရဲ့။ ခြံစောင့်မာလီ၊ ထမင်းချက်ဒေါ်သိန်း၊ ဒရိုင်ဘာကိုသန်းအောင်အပြင် ဗာဟီရနှိုင်းဖို့ ခေါ်ထားသူနှစ်ယောက်။





စုစုပေါင်း (၆)ယောက် အတူနေခဲ့ကြတယ်။

ကိုဒေအိမ်မှာ တခြားအိမ်သားတွေပါ ရှိတဲ့အတွက် သူ့အိမ်ကို ကျွန်မ သွားခဲ့တယ်။

'ဟော… နဒီ ရောက်လာပြီ'

ခြေချင်းဝတ်ကို ကျောက်ပတ်တီးကိုင်ထားတဲ့ ကိုဒေကို မြင်တော့ ကျွန်မ စိတ်ပူသွားတယ်။

'ကိုဒေ ခြေထောက်က ဘာဖြစ်တာလဲ'

'အရိုးအက်သွားလို့ ကျောက်ပတ်တီး ကိုင်ထားရတယ်'

'ဒဏ်ရာက တော်တော်များလားဟင်၊ ကိုက်လား'

'သိပ်တော့မများပါဘူး၊ ဒါပေမဲ့ ညညဆိုရင် ကိုက်တယ်'

'ဖြစ်မှဖြစ်ရလေ ကိုဒေရယ်'

'ကိုဒေလည်း ဘယ်ဖြစ်ချင်ပါ့မလဲ၊ ကားရိုက် အားလုံး နားလိုက်ရတယ်'

'ဘယ်တတ်နိုင်မလဲ နဒီရယ်၊ အစက ရန်ကုန်ပြန်ရောက်ရင် နဒီဆီကို ပြေးလာပြီး စားသောက်ဆိုင်မှာ သွားစားမယ်လို့ စိတ်ကူးထားတာ'

'ကိုဒေ စားချင်တာပြောလေ၊ နဒီ ဝယ်ကျွေးမှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'နဒီလာမယ်ဆိုလို့ စားသောက်ဆိုင်က အစားအစာတွေ ကိုဒေ မှာလိုက်ပြီ၊ ရောက်မှ အတူစားမယ်နော်'

'ရပါတယ် ကိုဒေ၊ လူနာမေးတာ အစားစားဖို့လာတာ ကျနေတာပဲ'

'နဒီနဲ့ မျက်နှာချင်းဆိုင် မစားရတာ ကြာပြီလေ'

ကိုဒေနဲ့ စကားပြောနေရင်း သူ့ခြေထောက်ကို လှမ်းကြည့်မိတယ်။ ဘောင်းဘီက သရီးကွာတားဝတ်ထားတော့ ရောင်နေတဲ့ ခြေသလုံးကို လှမ်းတွေ့လိုက်ရတယ်။

'ဟင်… ကိုဒေ့ခြေထောက်တွေ ရောင်နေပါလား'

'ဟုတ်တယ်… ခြေထောက်ချထားလို့ သွေးကျပြီး ရောင်နေတာဖြစ်မယ်'

'ခြေထောက်ကို အပေါ်တင်ထားလေ'

'ကောင်းပါပြီဗျာ'

'နဒီ ရောင်နေတဲ့နေရာကို ပရုပ်ဆီပါးပါးလေး လိမ်းပေးမယ်နော်'

အသင့်ယူလာတဲ့ ပရုတ်ဆီဘူးလေးထဲက ပရုတ်ဆီကို ပါးပါးလေးလိမ်းပေးလိုက်တယ်။ လူနာတစ်ယောက်အနေနဲ့ စိတ်ရင်းဖြင့် ကျွန်မ လိမ်းပေးလိုက်တာပါ။





ဒါပေမဲ့ ကျွန်မရဲ့ သိမ်မွေ့နူးညံ့တဲ့အတွေ့အထိမှာ သူ ထိမ်းမူးခဲ့တယ် ထင်ပါရဲ့။ ကျွန်မရဲ့ လက်ကလေးကို ယုယုယယ ဆိုင်ရင်း…

'အရမ်းချစ်တယ် နဒီရယ်၊ မင်းနဲ့ ချစ်ခွင့်အားလုံးကို ကိုဒေတစ်ယောက်တည်းပဲ ရယူချင်တယ်'

တကယ်တော့ ဂုဏ်တွေ၊ ငွေတွေရှိတာ ဖယ်ထား။ အဘာဝကျကျပြောရရင် ဒီလောက်လှတဲ့ ရွှေမင်းသားလေးကို အနီးကလေးတော်တော်များများဟာ တိမ်းညွှတ်မိမှာ အမှန်ပဲ။

ကျွန်မလည်း သာမန်မိန်းကလေးတစ်ယောက်ဖြစ်လို့ စိတ်မှာ တိမ်းညွှတ်လုလုအချိန်မှာ အချစ်ဦး မျက်နှာငယ်ကလေးရဲ့ ချစ်တယ်ဆိုတဲ့ ဆရာဖုန်းရဲ့ ညှိုးငယ်တဲ့မျက်နှာကလေး ဖျတ်ခနဲ ပေါ်လာတယ်။

ကျွန်မရဲ့လက်ကို အသာပြန်ရုပ်ရင်း…

'ကိုဒေ ကျွန်မက ရှင့်ရဲ့သူငယ်ချင်းပါ'

လို့ ပြောလိုက်တယ်။ ကိုဒေက…

'နဒီ မင်းကိုမချစ်ရရင် တကယ်မနေနိုင်တော့လို့ပါ၊ မင်း မချစ်ရင် ကိုဒေ တကယ်သေသွားနိုင်တယ်၊ ချစ်တယ်လို့ အဖြေပေးပါ နဒီရယ်'



www.burmeseclassic.com

www.burmeseclassic.com



ဟန်ဆောင်ခြင်းကင်းမဲ့တဲ့ ရိုးရှင်းတဲ့ ပကတိမျက် ကလေးကို တွေ့လိုက်ရစဉ်မှာ ကျွန်မရဲ့အသည်းနှလုံးတွေ အ ပျော်သွားခဲ့တယ်။ သူ့ကိုချစ်တဲ့စိတ်ကို ဘယ်လိုမှ ထိန်းချုပ် မရတော့ဘူး။

'ရှင့်ကို ကျွန်မ ချစ်ပါတယ် ကိုဒေရယ်'

ဒီစကားကို အသည်းနှလုံးက နှုတ်ဖျားဆီကို တွန်း လိုက်တယ်။

'ဝမ်းသာလိုက်တာ နဒီရယ်၊ လောကကြီးမှာ ကို လောက် ကံကောင်းတဲ့သူ ရှိမှာမဟုတ်ဘူး'

'သြော်... ကိုဒေရယ်'

'တကယ်တော့ ကိုဒေရဲ့ခြေထောက်ကို ကျေးဇူးတင် မယ်'

'ဘာဆိုင်လို့လဲ ကိုဒေရယ်'

'ဆိုင်တာပေါ့ နဒီရဲ့၊ ဒီခြေထောက်သာ ဒဏ်ရာမရ ကိုဒေကို ဘယ်ချစ်ပါ့မလဲ၊ အခုတော့ သနားစိတ် ချစ်ခွင့်ပေးတာ မဟုတ်လား'

ကျွန်မ မငြင်းနိုင်ပါ။ ခေါင်းကလေးကို အသာညိတ်ပြ ပြုံးပြလိုက်တယ်။





ကျွန်မရဲ့ တွေဝေနေတဲ့စိတ်တွေဟာ အဖြေရရှိသွားတဲ့ တွက် တည်ငြိမ်သွားတယ်။ ဒီအကြောင်းကို မေမေ့ကို အားလုံး ပြောပြလိုက်တယ်။

'ဟင်း...'

မေမေဟာ ပင့်သက်ရှည်ကြီးတစ်ခုကို ချလိုက်ပြီး...

'သမီးရဲ့ ဘဝလမ်းခရီးအတွက် မှန်ကန်တဲ့ဆုံးဖြတ်ချက် ဖြစ်ပါစေ'

လို့ ဆုတောင်းပေးလိုက်တယ်။

ကိုဒေကလည်း ခြေထောက်ဒဏ်ရာမပျောက်သေးလို့ ဆေးရိုက်များနေရတယ်။ ဒါကြောင့် ကျွန်မနဲ့ ညနေတိုင်း တွေ့ဖြစ် တယ်။

ဒရိုင်ဘာ ဦးသန်းအောင်က ကျွန်မတို့သွားချင်တဲ့နေရာ ပို့ပေးခဲ့တယ်။ ချစ်သူတွေရဲ့ ဘဝခရီးဟာ ပျော်ရွှင်ဖွယ်အတိ ပေါ့။

ပြည့်စုံတဲ့လူတစ်ယောက်ရဲ့ ဘဝဟာ ချစ်သူရှိလာတော့ အားလုံးပြည့်စုံသွားခဲ့တယ်။

'နဒီ မောင့်ကို ဘယ်တော့မှ မမုန်းရဘူးနော်'

'မောင်ကရော ကျွန်မကို အမြဲတမ်းချစ်သွားမှာလား'



www.burmeseclassic.com

www.burmeseclassic.com



'သဲသဲယယမရှိပါနဲ့၊ ယုံပါ နဒီရယ်၊ မောင်ဟာ အား
ပြည့်စုံတဲ့အတွက် မောင့်ဘဝမှာ ဘာမှမလိုဘူး၊ အ
တစ်ခုပဲ လိုတယ်၊ အဲဒီအချစ်ဟာ နဒီပဲ'

'ကျွန်မ ယုံလိုက်တော့မယ်'

ကင်မရာကိုင်ပြီး တစ်ချိန်လုံး ပြေးနေခဲ့တဲ့ ကျွန်မဘဝ
ပျော်ရွှင်ဖွယ်ရာဆိုလို့ မရှိခဲ့ဘူး။

စက်ရုပ်တစ်ရုပ်လို ခံစားချက်မဲ့ နှလုံးသားနဲ့ ရုန်းကန်လှုပ်
ရှားနေခဲ့တဲ့သူ။

အခုလို ကျွန်မဘဝထဲကို ကိုဒေ ရောက်လာတဲ့အခါမှာ
တော့ ချစ်ခြင်းရဲ့ အေးချမ်းမှုကို ရရှိခဲ့တယ်။

အချစ်ဆိုတဲ့အရာနဲ့ တွေ့ထိဖူးသူတိုင်းဟာ ချိုမြိန်တဲ့
ချစ်ခြင်းမေတ္တာနဲ့အတူ အကြင်နာတရားရဲ့အရိပ်မှာ ကြည်မွေ့ခဲ့
ကြတယ်။

တစ်ပတ်ကျော်အချိန်အထိ ကျွန်မတို့ ပျော်ရွှင်စွာ အချိန်
ကုန်လွန်ခဲ့တယ်။ ဒီနောက်ပိုင်းမှာတော့ ကားပြန်ရိုက်ခဲ့တဲ့အတွက်
မဆုံနိုင်ခဲ့တော့ဘူး။

ချစ်သက်တမ်းကလေး ခြောက်လကျော်လာခဲ့တယ်။

သက်တမ်းနုနုအချိန်ကလေးမှာ မုန်တိုင်းထန်တဲ့ ကြမ္မာ





ရိုင်းဟာ ကျွန်မတို့နှစ်ယောက်ရဲ့ရင်ကို ပြင်းထန်စွာ တိုးဝင်တိုက်
ခတ်ခဲ့တယ်။

အဲဒါကတော့ ဒီနေ့ မနက်စောစော သတင်းစာတွေ၊
ဂျာနယ်တွေမှာ ကိုဒေအကြောင်း 'စာလုံးမည်းကြီးတွေ'နဲ့ ပါလာ
တယ်။

***ရုပ်ရှင်မင်းသား ဒေဝတာ လူသတ်မှုနဲ့ ဖမ်းဆီးခြင်းခံရ***

*ယမန်နေ့ ည(၁၀)နာရီအချိန်ခန့်က ဗဟန်းမြို့နယ်၌ ဖွင့်လှစ်ထားသော '.......'စားသောက်ဆိုင်အနီးတွင် ဓားမြှောင်ကိုင်ဆောင်ထားသော လူတစ်ဦးကို တွေ့ရသဖြင့် ပြည်သူ့ရဲများက မသင်္ကာ၍ဖမ်းဆီးရာ ထိုသူမှာ ရုပ်ရှင်မင်းသား ဒေဝတာ ဖြစ်နေကြောင်း သိရှိရသည်။ ထိုနေရာ၌ မြတ်နိုးသူ အကခေါင်းဆောင်မင်းသမီး ဝင့်သဉ္ဇာမှာ ဓားဒဏ်ရာဖြင့် သေဆုံးနေသည်ကို တွေ့ရှိရပါသည်။*

*မင်းသားဒေဝတာမှာ '.....'စားသောက်ဆိုင်သို့ လာနေကျဖောက်သည်တစ်ဦးဖြစ်ပြီး မကြာသေးမီ ရက်ပိုင်းက ထိုဆိုင်၌ မြတ်နိုးသူ အကခေါင်းဆောင်မင်းသမီး ဝင့်သဉ္ဇာနှင့် စကားများထားကြောင်း သိရှိရပါသည်။*

*၎င်းတို့နှစ်ဦးသည် လွန်ခဲ့သော ခုနစ်လကျော်အချိန်ခန့်*



www.burmeseclassic.com

www.burmeseclassic.com



တ အပျော်စီးသင်္ဘောကြီး လရိပ်ပြာ၌ ရုပ်ရှင်အတူတကွရိုက်ရင်း ခင်မင်ရင်းနှီးခဲ့ကြောင်းနှင့် ထိုမင်းသမီးနှင့် စကားများပြီး မကြာမီ အခုလို ဝင့်သဇ္ဇာ ကွယ်လွန်ခဲ့ခြင်း ဖြစ်ပါသည်။

ပြည်သူ့ရဲများကလည်း အမှုမှန်ပေါ်ပေါက်ရေးအတွက် လိုအပ်သည့် ဆောင်ရွက်မှုများကို ပြုလုပ်၍ သတင်းထောက်လှမ်း စုံစမ်းလျက်ရှိရာ ရုပ်ရှင်မင်းသား ဒေဝတာကို အချုပ်ဖြင့် စစ်ဆေးလျက်ရှိကြောင်း သိရှိရပါသည်။

ထိုသတင်းနှင့်အတူ ဒေဝတာပုံနှင့် ဝင့်သဇ္ဇာပုံများကို ဝေဝေဆာဆာ ဖော်ပြထားတယ်။

အထက်ပါသတင်းကို ဖတ်ရသောအခါ ကျွန်မရင်တစ်ခုလုံး ကြေကွဲသွားတဲ့အလား ခံစားလိုက်ရတယ်။

'ဖြစ်မှဖြစ်ရလေ ကိုဒေရယ်၊ ကျွန်မ ဘယ်လိုနေရမလဲ'

'ဘာကြောင့် ဝင့်သဇ္ဇာအသတ်ခံရတာလဲ'

'ရှင်နဲ့ ဝင့်သဇ္ဇာ ဘာတွေစကားများခဲ့သလဲ'

ကျွန်မ ဘာမှမသိခဲ့ရဘူး။ နေနိုင်လိုက်တာ ကိုဒေရယ်။

ကျွန်မ အားရပါးရ ငိုချလိုက်တယ်။ ကိုဒေဟာ အမျိုးသမီးတစ်ဦးသတ်တဲ့အထိ ရက်စက်မယ်မထင်မိဘူး။ ဒါပေမဲ့ သူနဲ့ ဝင့်သဇ္ဇာဟာ စကားပြောအဆင်မပြေခဲ့ဘူး။





ဟိုတစ်ခါတွေ့စဉ်က သူတို့နှစ်ယောက် စကားများခဲ့ကြတယ်။

'ရှင့်ရဲ့ မာနတရားဟာ တစ်နေ့ကျရင် ရှင့်ကို ဒုက္ခပေးလိမ့်မယ်၊ အဲဒီအခါမှာ ကျွန်မက ရှင့်ကို ဟားတိုက်ရယ်လိုက်မယ်'

လို့ သူမ ပြောခဲ့တယ်။

မာနတံခွန်ထူနေတဲ့ ကိုဒေနဲ့ ဝင့်သဇ္ဇာဟာ တစ်ကွေ့ကွေ့မှာ တွေ့ကြလိမ့်မယ်လို့ ကျွန်မထင်တယ်။

ကိုဒေရဲ့ ကျဆုံးခန်းကို ဟားတိုက်ရယ်မယ့် ဝင့်သဇ္ဇာတစ်ယောက် အခုတော့ ဟားတိုက်မရယ်နိုင်တော့ဘူး။ တမလွန်ခရီးကို စောစီးစွာ သူထွက်သွားခဲ့တယ်။

သူမ မဆုံးခင်မှာ ကိုဒေနဲ့ '……'စားသောက်ဆိုင်မှာ မကြာခဏ တွေ့တယ်ဆိုတဲ့သတင်းတွေ ကြားရတယ်။

ကိုဒေကို မေးတော့ အလုပ်ကိစ္စပါလို့ သူပြောခဲ့တယ်။

အဲဒီလို ကိုဒေက ပြောပြတုန်းကတည်းက ကိုဒေမှာ အန္တရာယ်တစ်ခုခု ကျရောက်တော့မယ်လို့ ကျွန်မ ထင်ခဲ့တယ်။

ဒါပေမဲ့ ကျွန်မနဲ့ ကိုဒေဟာ ချစ်သူအဆင့်မှာပဲ ရှိသေးတယ်။ နောက်အရွယ်ရောက်ပြီး ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းနိုင်

www.burmeseclassic.com

www.burmeseclassic.com



တဲ့အရွယ်မို့ သူ့အလုပ်ကိစ္စနဲ့ပတ်သက်ပြီး ကျွန်မ ဝင်ရောက်စွက်ဖက်ခြင်းမပြုခဲ့ဘူး။

ဒါပေမဲ့ ဝင့်သဉ္ဇာဟာ ကိုဒေအပေါ်မှာ တစ်ဖက်သတ်စွဲလမ်းစိတ်ရှိသူဆိုတာ မိန်းမချင်းမို့ သိနားလည်ခဲ့တယ်။

အထူးသဖြင့် သူမဟာ ကျွန်မကိုလည်း ကြည်ပုံမပေါ်ဘူး။ ကျွန်မနဲ့စာရင် ကိုယ်လုံးကိုယ်ပေါက်အစက လှပတင့်တယ်မှုရှိတယ်။

ရုပ်ရှင်ရိုက်ဖက်ခြင်းဆိုတော့ သူမနဲ့ ပိုပြီးရင်းနှီးတယ်။

ဒါပေမဲ့ ကိုဒေဟာ သူတို့ထက်စာရင် ကျွန်မကို ဦးစားပေးခဲ့တယ်။ ဒါကို သူ ပိုပြီးမကျေမနပ်ဖြစ်လာတယ်။ ဖြစ်ချင်တော့ ဝင့်သဉ္ဇာဟာ အလုပ်ကိစ္စအကြောင်းပြပြီး ရောက်လာခဲ့တယ်။

ကိုဒေဟာ သူမကို ကျွန်မရှေ့မှာ ခါးခါးသီးသီး ငြင်းလိုက်တဲ့အတွက် သူမ အတော်စိတ်ဆိုးသွားခဲ့တယ်။ အခုလောလောဆယ် ဖြစ်ရပ်ဟာ ဒီကိစ္စတွေနဲ့များ ပတ်သက်နေလေမလား။

ကျွန်မရဲ့စိတ်မှာ စိုးထိတ်လာတယ်။

ဘာပဲဖြစ်ဖြစ် အမှန်တရားကို သိဖို့အတွက် ကိုဒေရဲ့





ချုပ်ထားတဲ့ '…..'အချုပ်ခန်းဆီကို သွားခဲ့တယ်။

ကျွန်မဟာ သတင်းသမားတစ်ယောက်အနေနဲ့ ရဲအရာရှိတွေကို သတင်းယူလိုက်တဲ့အခါမှာ…

'မနေ့ည ဆယ်နာရီလောက်အချိန်မှာ တာဝန်အရ ကျွန်တော် ရောင်လှည့်ခဲ့တယ်၊ '……'စားသောက်ဆိုင်အသွား လမ်းကြားက မီးမရှိလို့ မှောင်နေတယ်၊ ဒါပေမဲ့ ထင်းပေါ်ကမီးရောင်ကြောင့် မသဲမကွဲတော့ မြင်ရတယ်။ အဲဒီနေရာနဲ့ သိပ်မဝေးတဲ့နေရာမှာ ကားတစ်စီးရပ်ထားတယ်၊ လမ်းကြားကို လှမ်းကြည့်လိုက်တော့ လူတစ်ယောက်ရဲ့သဏ္ဌာန်ကို လှမ်းမြင်ရတယ်၊ မသင်္ကာလို့ သွားကြည့်လိုက်တော့ လက်ထဲမှာ ဓားမြှောင်ကိုကိုင်ထားတဲ့ အမျိုးသားကို တွေ့ရတယ်၊ သူ့ရဲ့ဘေးမှာ အမျိုးသမီးတစ်ယောက် ရင်ညွန့်မှာ ဓားဒဏ်ရာနဲ့ သေနေပြီး အဲဒီအမျိုးသားကတော့ ရုပ်ရှင်မင်းသား ဒေဝတာပဲ၊ အမျိုးသမီးကတော့ ဝင့်သဉ္ဇာပါပဲ'

ရဲအရာရှိထံက သတင်းကို ရေးမှတ်ပြီး ထိုအခါမှ ပြန်လာခဲ့တယ်။

သံတိုင်များကြားမှာ ခေါင်းငိုက်စိုက်နဲ့ ထိုင်နေတဲ့ ကိုဒေ



www.burmeseclassic.com

www.burmeseclassic.com



ကိုတွေ့ရတော့ ကျွန်မ အရမ်းဝမ်းနည်းသွားတယ်။

'ကိုဒေ'

ကျွန်မက စိတ်မကောင်းစွာနဲ့ ခေါ်လိုက်တယ်။

'နဒီ ဘာဖြစ်လို့လာတာလဲကွာ'

ကျွန်မအတွက် ကရုဏာသက်စွာနဲ့ ပြောလိုက်တယ်။ သူ့ကိုကြည့်ရင်း ဝမ်းနည်းလွန်းလို့ မျက်ရည်စတွေ ဝေ့ဝဲလာတယ်။

'နဒီ ဘာဖြစ်လို့ ဝမ်းနည်းရတာလဲ၊ မောင် ဘာမှမဖြစ်ဘူး'

'ဒါပေမဲ့ ကိုဒေရယ်'

'မောင် ခံနိုင်ရည်ရှိပါတယ်'

'ကိုဒေကို ဒီလိုအဖြစ်မျိုးနဲ့ ကျွန်မ မမြင်ရက်ဘူး'

'အမှန်တရားဆိုတာဟာ ဖုံးကွယ်လို့မရပါဘူး၊ တစ်နေ့ကျရင် ပေါ်လာမှာပါ၊ ဒါပေမဲ့ အချိန်တစ်ခုတော့ စောင့်ရမယ်'

ကိုဒေက စိတ်ရှည်ရှည်နဲ့ ပြောပေမယ့် ကျွန်မရင်ထဲမှာ တဆစ်ဆစ်နာနေတယ်။ ဘာကြောင့်လဲဆိုတော့ သတင်းသမားတစ်ယောက်အနေနဲ့ ကိုဒေရဲ့ အမှုသွားအမှုလာကို နားထောင်





ကြည့်လိုက်တဲ့အခါ သက်သေခံအားကို ကိုင်ရက်တန်းလန်း [illegible] တယ်ဆိုတော့ အမှုသွား မကောင်းဘူးဖြစ်နေတယ်။

'နဒီ မောင့်အတွက် စိတ်မညစ်နဲ့နော်၊ စိတ်[illegible] ထား'

'ကျွန်မ ဘယ်လိုစိတ်အေးနိုင်မှာလဲ ကိုဒေရယ်'

'မောင့်အတွက် အကျိုးဆောင်ကောင်းကောင်းငှားပြီး ထုချေမှာပါ၊ ကဲ . . . ကဲ . . . ပြန်တော့ နဒီ'

ကျွန်မရဲ့မျက်ဝန်းက မျက်ရည်စတွေကို အနိုင်နိုင်တင်းထားရင်း အဲဒီနေရာက ပြန်ခဲ့ရတယ်။

မဂ္ဂဇင်းတိုက်ရောက်တော့လည်း ဘာမှမလုပ်နိုင်ဘူး။ စိတ်တွေ အရမ်းထွေနေတယ်။ မေမေက ကျွန်မကို နားလည်မှုပေးခဲ့တယ်။

'စိတ်မညစ်ပါနဲ့ သမီးရယ်၊ အမြင့်တက်တဲ့ လူတော်တော်များများဟာ လေကြမ်းတိုက်ခံရတာ မဆန်းပါဘူး ကိုယ်ကမှန်ဖို့ပဲ အရေးကြီးတာ၊ ကိုယ်မှန်ရင် ခေါင်း[illegible] ပါဘူး သမီးရယ်'

'ကိုဒေကိုလူမှ ဖြစ်ရလေတယ် မေမေရယ်၊ သူ့လိုလူ ဒီလိုနေရာမျိုးကို ရောက်သင့်တဲ့သူ မဟုတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ကံကြမ္မာဆိုတာ အနိမ့်အမြင့် မညီညာဘူး သမီး၊ လောကဓံဆိုတာကို သဘောပေါက်မှပေါ့'

'ဟုတ်ကဲ့ပါ မေမေ'

မေမေရဲ့ အားပေးစကားကြောင့် ကျွန်မရဲ့စိတ်ဟာ ပုံမှန်ဖြစ်သွားခဲ့တယ်။

ဘာပဲဖြစ်ဖြစ် ကိုဒေအတွက် ဒီလိုဘဝမျိုးက လွတ်စေချင်ပါဘိတော့။

● ● ●



## အခန်း(၁၀)

'ကလင်...'

'ကလင်...'

အိမ်တံခါးက ဘဲ(လ်)မြည်လာလို့ ဖွင့်ပေးလိုက်တဲ့အခါ...

'ဟာ... ဆရာဖုန်းပါလား၊ လာပါ... လာပါ'

'ကျွန်တော် မင်းသားအကြောင်းကြားလို့ သတင်းမေးရအောင် လာခဲ့တာ'

'အဖြစ်ကတော့ ကျော်မကောင်း ကြားမကောင်းပေါ့ ဆရာရယ်'

'ဟုတ်ပါတယ်၊ သဘ္ဘာအကြောင်းကြားရတာလည်း စိတ်မကောင်းဘူး၊ သူပါတဲ့ကားတောင် ရုံမတင်ရသေးဘူး၊ သူ့ကို ဒီလိုဖြစ်မယ်လို့ မထင်မိဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ် ဆရာရယ်'

'ဒီထက်ဆိုးတာက ဒီအမှုမှာ မင်းသားကိုဒေဟာ ပါဝ
ပတ်သက်နေတယ်၊ အဲဒါကို ပိုပြီးစိတ်မကောင်းဖြစ်
တယ်'

'နဒီက ပိုဆိုးတာပေါ့ ဆရာရယ်'

'ဟုတ်ပါတယ်… ကျွန်တော်ဟာ အဝေးမှာနေပေမယ့်
အနုပညာအသိုင်းအဝိုင်းတစ်ခုထဲမှာဆိုတော့ ကိုဒေနဲ့
အကြောင်းကို ကြားပြီးပါပြီ၊ ဒါကြောင့်လည်း
အတွက် စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ မလာတာ

'အဲဒီလို မဟုတ်ပါဘူး၊ ဆရာ့ကို နဒီ ခင်ပါတယ်
ဆရာအားတဲ့အခါ လာနိုင်ပါတယ်'

'နဒီဟာ ကိုဒေအတွက် စိတ်ညစ်နေတယ်မဟုတ်လား
ကိုဒေဟာ အထဲမှာနေရတဲ့သူဆိုတော့ အပြင်ကလူ
လိုက်လုပ်ပေးမှ သူအဆင်ပြေမှာ'

'ဟုတ်တယ် ဆရာ၊ ဘာပဲဖြစ်ဖြစ် သူ့မှာ အပြစ်မရှိ
အကြောင်းကို ကျွန်မတို့က ရှာဖွေတင်ပြပေးရမယ်'

'နဒီလုပ်မယ့်လုပ်ငန်းအတွက် ကျွန်တော် အတတ်
ဆုံး လိုက်ကူညီပေးမယ်'





'အားနာလိုက်တာ ဆရာဖုန်းရယ်'

'အားနာတယ်လို့ မပြောပါနဲ့၊ ကျွန်တော်လည်း ကိုဒေရဲ့ အပေါင်းအသင်းတစ်ဦးပဲ၊ ကျွန်တော် အကူအညီပေးရမှာပေါ့၊ မငြင်းပါနဲ့ နဒီရယ်'

'ဩော်… ဆရာဖုန်းရယ်'

ဆရာဖုန်းဟာ ယောကျ်ားပီသတဲ့ စိတ်ဓာတ်ရှိသူပဲ။ ပွဲလန့်တုန်းမှာ ဖျာခင်းချင်တဲ့လူမျိုးမဟုတ်ဘူး။ အန္တရာယ်အတွင်းက ကယ်တင်ချင်တဲ့သူမျိုး။'

ကိုဒေနဲ့ ဆရာဖုန်းမှာ ကွဲလွဲတဲ့ယူဆချက်ရှိတယ်။

ကိုဒေက အချစ်တစ်ခုကို ရယူပိုင်ဆိုင်တဲ့လူမျိုး။

ဆရာဖုန်းက သူချစ်တဲ့လူကို စိတ်ချမ်းသာအောင် ထားတဲ့လူမျိုး။

ကိုဒေအတွက် တရားရုံးမှာ ရင်ဆိုင်ဖို့ တရားရုံးချုပ်ရှေ့နေကောင်းတစ်ယောက်ကို ငှားခဲ့တယ်။

ဒီနေ့ ကိုဒေ ရုံးထုတ်တဲ့နေ့။

လက်ထိပ်တန်းလန်းနဲ့ ရဲတွေခေါ်လာတဲ့ ကိုဒေကိုမြင်တော့ ရင်ထဲမှာ မချိအောင်နာတယ်။

ဂျာနယ်သတင်းထောက်တွေကလည်း ဓာတ်ပုံကိုဖျပ်ဖျပ်



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး အိမ်ကထွက်သွားတယ်၊ တစ်ညလုံး ပြန်မရောက်တဲ့အတွက် ကျွန်မ စိတ်ပူပြီးလိုက်ရှာတော့ ကျွန်မသမီးလေးဟာ ဓားဒဏ်ရာနဲ့ သေဆုံးနေကြောင်း သိရပါတယ်၊ မင်းသားဟာ သမီးနားမှာ ဓားကိုင်ထားတာတွေ့ရတယ်လို့ ပြောတဲ့အတွက် ကျွန်မရဲ့သမီးကို သူဟာ အငြိုးနဲ့ သတ်လိုက်တာပါပဲ'

ဝင့်သဇ္ဇာရဲ့အမေ ထွက်ချက်ဟာ ကိုဒေ ပြောပြတဲ့ အကြောင်းနဲ့ဆိုရင် အားလုံးပြောင်းပြန်အနေအထားမှာ ရှိပါတယ်။ သူဟာ ငိုယိုပြီး အစစ်ခံတဲ့အတွက် အမှုလာပြီး နားထောင်သူများဟာ အမှန်တရားလို့ အထင်ရှိပြီး ဝင့်သဇ္ဇာရဲ့အမေကို သနားကြတယ်။

ကိုဒေကိုတော့ မိုက်ရိုင်းကြမ်းကြုတ်တဲ့ လူတစ်ယောက်အဖြစ် ရှုမုန်းကြတယ်။ ကျွန်မတောင်မှ ကိုဒေဟာ ကျွန်မရဲ့နောက်ကွယ်မှာ ဖောက်ပြန်ခဲ့သလားဆိုတဲ့ သံသယတွေရှိလာတယ်။

ကိုဒေရဲ့မျက်နှာဟာ ဘာမှပြောင်းလဲမှုမရှိဘူး။ ဒါပေမဲ့ သူဟာ စိတ်ဓာတ်ကျနေပုံရတယ်။

အမှုစစ်နေစဉ် ဆရာဖုန်း ရောက်လာတယ်။

'ကိုယ် နည်းနည်းနောက်ကျသွားတယ် နဒီ'





'ရပါတယ် ဆရာဖုန်းရယ်၊ အခုလို လာတာပဲ အားရှိလှပါပြီ'

လူအုပ်ကြီးက ကိုဒေကို အထင်သေးမှု၊ ရှုံ့ချမှုတွေနဲ့ ကြည့်နေတော့ ကျွန်မ လွန်စွာအားငယ်ခဲ့ရတယ်။

ဆရာဖုန်းလာမှ ကျွန်မရဲ့ အားငယ်စိတ်တွေ ပျောက်ကုန်တယ်။

'ဆရာဖုန်းရယ်… သဇ္ဇာအမေရဲ့ ထွက်ချက်တွေက ကိုဒေကို လူသတ်သမားလုံးလုံးဖြစ်အောင် ပြောတော့တာပဲ၊ ကိုဒေအတွက် ရင်လေးစရာကြီးပဲ'

'ဟုတ်တယ် နဒီ… သဇ္ဇာအမေပြောပုံက ကိုဒေက တကယ့်လူသတ်သမားပဲ'

'ကိုဒေဟာ သဇ္ဇာကို မသတ်ခဲ့ဘူးဆိုတာ နဒီ စိတ်ထဲက သိနေတယ်'

'ဒါပေမဲ့ သဇ္ဇာအမေရဲ့စိတ်မှာ ကိုဒေသတ်တယ်လို့ စိတ်ထဲမှာအစွဲရှိပုံရတယ်၊ ဒါကြောင့်လည်း လူသတ်ဖို့ ဖြစ်နိုင်ချေရှိတဲ့ အကြောင်းပြချက်အမျိုးမျိုးနဲ့ စွပ်စွဲနေတာပေါ့'

'အင်းလေ… သူ့သမီးဆုံးသွားတော့ ကိုဒေကို သူ့စိတ်ထဲမှာ အရမ်းအငြိုးကြီးနေပုံရတယ်'



www.burmeseclassic.com

www.burmeseclassic.com



မှန်ဖို့ပဲ အရေးကြီးပါတယ်'

'ဟုတ်ပါတယ် မေမေ'

မေမေနဲ့ စကားဖြတ်ပြီး အိပ်ရာဝင်ခဲ့တယ်။

ကျွန်မရဲ့ စိတ်လှုပ်ရှားဖွယ် အတွေးတွေကြောင့် အိပ်ရာပေါ်မှာ တလူးလူးတလိမ့်လိမ့် ဖြစ်ခဲ့တယ်။

အခု ဖြစ်ပွားခဲ့တဲ့ ဖြစ်ရပ်ဟာ ကျွန်မရဲ့ နောက်ကွယ်က ဖြစ်ရပ်တစ်ခု။ ကိုဒေနဲ့ သဉ္ဇာဟာ '.....'စားသောက်ဆိုင်မှာ တကယ်ပဲဆုံတွေ့နေခဲ့ကြတယ်ဆိုတာ ကိုဒေက မငြင်းခဲ့ဘူး။ အလုပ်ကိစ္စလို့ ပြောခဲ့တယ်။

ကိုဒေနဲ့ သဉ္ဇာဟာ တစ်စုံတစ်ခုသော သံယောဇဉ်များ ရှိခဲ့လေသလား။ မပြေလည်တဲ့အကြောင်းတရားတွေကြောင့်များ ကိုဒေဟာ ဒေါသစိတ်နဲ့ သဉ္ဇာကို သတ်ခဲ့လေသလား။

ကျွန်မ အမျိုးမျိုးတွေးရင်း အိပ်မပျော်ခဲ့ပါ။

ညစဉ် အိပ်ရေးပျက်ခဲ့ရတယ်။

အချစ်ရဲ့ ပူလောင်ခြင်းတွေဟာ ကျွန်မရဲ့ဘဝမှာ စတင်လောင်ကျွမ်းခဲ့ပြီ။

သံသယစိတ်တွေပဲ ပွားရမှာလား။

ယုံကြည်မှုနဲ့ပဲ ရှေ့ဆက်ရမလား။





ကျွန်မအတွေးတွေတောင် ဝိရောဓိဖြစ်ခဲ့ရတယ်။

✽ ✽ ✽

ဒုတိယရုံးချိန်းနေ့သို့ ရောက်လာခဲ့ပြန်ပြီ။

ဝင့်သဉ္ဇာဘက်မှာ သက်သေတွေ အများကြီးပြခဲ့တယ်။

အဲဒီထဲမှာ ဝင့်သဉ္ဇာရဲ့ လက်ထောက်ရယ်၊ စားသောက်ဆိုင်ဝန်ထမ်းရယ်၊ ရဲအရာရှိတွေပါ ပါဝင်ခဲ့တယ်။

ဝင့်သဉ္ဇာရဲ့လက်ထောက် အကဆရာမ 'မြသန္တာ'ဟာ လရိပ်ပြာနဲ့ လိုက်ပါခဲ့ဖူးသူဆိုတော့ ကျွန်မ မျက်မှန်းတန်းမိတယ်။

သူမရဲ့ ထွက်ဆိုချက်ကလည်း သဉ္ဇာအမေနည်းတူပါပဲ။

မင်းသားဒေဝတာက သဉ္ဇာကို ချစ်ခင်နှစ်သက်ကြောင်း၊ သဉ္ဇာက မနှစ်သက်လို့ ငြင်းကြောင်းအပါအဝင် ဒေဝတာက ခြိမ်းခြောက်တာ သူကြားတယ်ဆိုတဲ့အကြောင်း၊ ခြိမ်းခြောက်စဉ်မှာ သူမဟာ သဉ္ဇာနဲ့ အဖော်အဖြစ်ရှိနေကြောင်း ထွက်ဆိုသွားတယ်။

ဒီအသံတွေကြားရတာ ကျွန်မ တကယ်ပဲ ရှုးချင်လာတယ်။

ကိုဒေနဲ့ ကျွန်မရဲ့ဘဝအတွက် ဒီအသံတွေဟာ လှိုင်းပုတ်သံတွေပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ရဲအရာရှိက ဒိဋ္ဌမျက်မြင်အခြေအနေကို ထွက်ဆိုသွားတယ်။ ရဲအရာရှိရဲ့ ထွက်ဆိုချက်ဟာ ကိုဒေအတွက် အမှုအင်အား လျော့စေတယ်။

ကိုဒေကို စစ်မေးတဲ့အခါမှာ···

'ကျွန်တော်ဟာ အခင်းဖြစ်ပွားတဲ့ညက (၈)နာရီမှာ '·····'စားသောက်ဆိုင်ကို ရောက်ရှိခဲ့တယ်၊ ညဆယ်နာရီခန့်မှာ စားသောက်ဆိုင်က ကားမောင်းပြီး ပြန်ထွက်လာစမှာပဲ အမျိုးသမီးတစ်ဦးရဲ့ အော်ဟစ်သံကြားလို့ ကားရပ်ပြီး ပြေးဆင်းကြည့်ခဲ့တယ်၊ ရှုန်းရင်းဆန်ခတ်ဖြစ်နေတာ တွေ့ရတယ်၊ အမျိုးသမီးတစ်ယောက်နဲ့ အမျိုးသား သုံးလေးယောက်ခန့်ကို မြင်ရတယ်၊

'ကျွန်တော် အနားရောက်သွားတဲ့အချိန်မှာ အမျိုးသားတွေဟာ အမှောင်ရိပ်ထဲကို ထွက်ပြေးသွားတာ တွေ့ရတယ်၊ အမျိုးသမီးဟာ ဓားဒဏ်ရာနဲ့ လဲကျနေပြီ၊

'ကျွန်တော်ဟာ လဲကျနေတဲ့ အမျိုးသမီးကို ထူလိုက်တော့ ဝင့်သဉ္ဇာမှန်း သိလိုက်ရတယ်၊ ဝင့်သဉ္ဇာရဲ့ရင်ညွန့်မှာ ဓားမြှောင်စိုက်ဝင်နေလို့ ဆွဲအနုတ်မှာ ပတ္တရောင်ရဲများ ရောက်လာပြီး ဖမ်းဆီးခြင်းခံခဲ့ရတယ်'





ကိုဒေဟာ အထက်ပါအတိုင်း ထွက်ဆိုခဲ့တယ်။

ကိုယ့်ဘက်က ခုခံကာကွယ်တဲ့ ထွက်ဆိုချက်ကို ထောက်ခံပေးဖို့ ရုံးတော်က သက်သေတင်ပြဖို့ တောင်းခဲ့တယ်။

ဒါပေမဲ့ ကိုဒေဟာ အဲဒီညက တစ်ယောက်တည်း ကားမောင်းသွားတာရယ်၊ အနီးအနားမှာ မျက်မြင်သက်သေမရှိတာရယ်ကြောင့် သူ့ကို ထောက်ခံပေးမယ့်သက်သေ မတင်ပြနိုင်ခဲ့ဘူး။

ရှေ့နေကြီးဟာ ကျွန်မဆီ ရောက်လာတယ်။

'တရားခံဘက်က သက်သေပြဖို့ လိုအပ်တယ်၊ အခုကေ့(စ်)က အခင်းဖြစ်တဲ့နေရာမှာ အခင်းဖြစ်လူသေစေတဲ့ ဓားမြှောင်ကို တရားခံရဲ့လက်ထဲမှာ လက်ပူးလက်ကြပ်မတယ်ဆိုတော့ မပြေးသော် ကန်ရာရှိဆိုသလို ဖြစ်နေပြီ၊ ဒါကြောင့် တရားခံဟာ သူမသတ်ဘူးဆိုတာကို သက်သေပြကိုပြရမယ်'

'သူတစ်ယောက်တည်း အဲ့ချိန်မတော်မှာ ဖြစ်တဲ့ကိစ္စဆိုတော့ ကိုဒေဘက်မှာ ဘယ်မှာသက်သေရှိပါ့မလဲ'

'ဒါဆိုရင် တရားခံဟာ လက်ပူးလက်ကြပ်မိတဲ့အတွက် ပြစ်မှုထင်ရှားနေတယ်၊ ဒီအမှုက လွတ်နိုင်ဖို့မရှိဘူး'

'ရှေ့နေကြီးရယ်··· ကယ်ပါဦး၊' ကိုဒေဟာ လူတစ်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ကိုဒေကို လှမ်းကြည့်လိုက်တယ်။ ကိုဒေကတော့ တစ်ချက်မှ ဣန္ဒြေမပျက်ဘူး။

ကျွန်မကတော့ သေဒဏ်ဆိုတာကြီးကို သွေးပျက်လှပြီ။

သူက အမှန်တရားကိုပဲ လက်ကိုင်ထားလေသလား။

ဒါမှမဟုတ် သူနဲ့ ဝင့်သဉ္ဇာ ဘာတွေဖြစ်ခဲ့သလဲ။

ကျွန်မ ဆက်ပြီးမတွေးရဲဘူး။

ကံကြမ္မာက ခါးသီးလွန်းတယ်။

● ● ●

## အခန်း(၁၁)

ကျွန်မ စိတ်ညစ်လွန်းနေချိန်မှာ ကျွန်မဆီကို နေခြည်နဲ့ ဆရာဖုန်းတို့နှစ်ယောက် ရောက်လာခဲ့တယ်။

'နဒီ ကိုဒေအခြေအနေ ဘယ်လိုလဲ'

နေခြည်က မေးလိုက်တယ်။

'အမှုကတော့ အခြေအနေမကောင်းဘူး'

'ဟယ်… ဒုက္ခပဲ၊ ငါလည်း မအားလို့မလာနိုင်တာ'

အမှုအခြေအနေ မကောင်းလို့ ပြောလိုက်တဲ့အတွက် နေခြည်မျက်နှာမှာ စိုးရိမ်စိတ်တွေ ပေါ်လာခဲ့တယ်။

ဆရာဖုန်းကလည်း…

'ကျွန်တော်လည်း နယ်ရောက်နေလို့ နဒီဆီ မရောက်ဖြစ်တာ၊ အခုမှ ပြန်ရောက်လာလို့ နဒီဆီလာရင်း နေခြည်နဲ့တွေ့လို့ အတူတူလာခဲ့တာ'

www.burmeseclassic.com

www.burmeseclassic.com



'နဒီကို အခုလိုလာပြီး အားပေးတာ ကျေးဇူးတင်ပါတယ်'

သူတို့နှစ်ဦးရဲ့ မိတ်ဆွေရင်းပီသတဲ့စိတ်ကို သိလိုက်ရတော့ စိတ်ညစ်နေတဲ့ကြားက အားရှိလာခဲ့တယ်။

'တရားသူကြီးက ဘာပြောလဲ'

'နောက်အပတ်မှာ အမိန့်ချတော့မယ်တဲ့'

'ဟောတော့… အခြေအနေက မကောင်းဘူးဆိုတော့ ဒုက္ခပါပဲ'

နေခြည်လည်း စိတ်ပျက်လက်ပျက် ညည်းညူလိုက်တယ်။

ဆရာဖုန်းကလည်း ပျာပျာသလဲဖြစ်သွားပြီး…

'ရှေ့နေကြီးကရော ဘာပြောလဲ'

'ရှေ့နေကြီးကပြောတော့ အမှုကလည်း လက်ပူးလက်ကြပ်မိထားတော့ ပြစ်မှုက ထင်ရှားနေတယ်၊ ကိုယ့်ဘက်က သက်သေထင်ရှားပြစရာမရှိတော့ အားနည်းနေတယ်၊ ဒီအခြေအနေအတိုင်းဆိုရင် ပြစ်ဒဏ်ခံရဖွယ်ရှိတယ်လို့ ပြောတယ်'

'ပြစ်ဒဏ်ဆိုရင် ဘယ်လောက်ကျနိုင်တယ်လို့ ပြောလဲ'





'အနည်းဆုံး ထောင်ဆယ်နှစ်၊ တစ်သက်တစ်ကျွန်း ဒါမှမဟုတ်ရင် သေဒဏ်တဲ့'

'အောင်မယ်လေး… ကြောက်စရာကြီးပါလား'

နေခြည်က အလန့်တကြား ပြောလိုက်ပါတယ်။

ဆရာဖုန်းကတော့ သေသေချာချာ စဉ်းစားနေတယ်။ နောက်တော့ ခပ်ဖြည်းဖြည်းချင်း ပြောတယ်။

'ကျွန်တော်တို့ ကိုဒေအတွက် တစ်ခုခုစဉ်းစားရတော့မယ်'

'ဟုတ်တယ်၊ ဒီအတိုင်းသွားရင် လည်စင်းသလိုဖြစ်သွားမယ်'

နေခြည်ကလည်း ဆရာဖုန်းစကားကို ထောက်ခံပြောလိုက်တယ်။

ကျွန်မကတော့ သူတို့ပြောသမျှကို နားထောင်နေမိတယ်။

နေခြည်က ကျွန်မကို အားမလိုအားမရဖြစ်ပြီး…

'နဒီ ငါမေးတာ နင်မှန်မှန်ဖြေမလား'

'အေးပါ… ငါ မှန်တာဖြေပါ့မယ်'

'ကိုဒေဟာ ငွေသဉ္ဇာကို တကယ်ပဲသတ်ခဲ့သလား၊ ဒါမှမဟုတ် သူ အမှန်တကယ်မသတ်ခဲ့ဘူးလားဆိုတာ နင်

www.burmeseclassic.com

www.burmeseclassic.com



အမှန်အတိုင်းပြော'

'အမှန်အတိုင်းပြောရရင် ဒီကိစ္စကို ငါ တကယ်မသိရိုး

အမှန်ပါ၊ ကိုဒေကတော့ သူမသတ်ဘူးလို့ ပြောတာပဲ'

'အေး… အဲဒီနေရာမှာ အပိုင်းနှစ်ပိုင်းရှိတယ်'

'ဘယ်လိုအပိုင်းနှစ်ပိုင်း ရှိတာလဲ နေခြည်'

'တစ်ပိုင်းက ကိုဒေဘက်က၊ တစ်ပိုင်းက ဝင့်သဉ္ဇာဘက်

က၊ ယထာဘူတကျကျ စဉ်းစားရတော့မယ်'

'ကဲ… ပြောပါဦး နေခြည်'

'ကိုဒေဘက်က စဉ်းစားရင် သူမသတ်ဘဲနဲ့ ပြစ်ဒဏ်ခံ

မယ်ဆိုရင် ကိုဒေဘက်က မတရားဘူး'

'အေး… ဟုတ်တယ်'

'ဒီလိုပဲ ဝင့်သဉ္ဇာဘက်ကို စဉ်းစားရင် သူဟာ သေသွား

ပြီဆိုတော့ အသတ်ခံရတာ သေချာနေပြီ၊ ဒါကြောင့်

ဝင့်သဉ္ဇာဟာ မတရားခံရတာ၊ ကိုဒေသတ်တယ်ဆိုရင်

ကိုဒေဟာ ဒီမတရားမှုအတွက် ပေးဆပ်ရမယ်၊ တကယ်

လို့ ကိုဒေ မသတ်ဘူးဆိုရင် ကိုဒေ လွတ်မြောက်ရမယ်

တကယ်သတ်တဲ့လူဟာ သူကျူးလွန်တဲ့ပြစ်ဒဏ်ကိုခံရမ

တယ်'



'ဟုတ်တယ်၊ နေခြည်ပြောတာ မှန်တယ်'

ဆရာဖုန်းက နေခြည့်စကားကို ထောက်ခံလိုက်တယ်။

'ဒါကြောင့် ကျွန်မတို့ဟာ ဒီအမှုရဲ့ အမှန်တရားကို

ရှာဖွေရမယ်'

'မှန်တယ်… မှန်တယ်၊ အမှုမှန်ပေါ်အောင်လုပ်ခြင်းသာ

အမှန်တရားကို ရှာဖွေခြင်းပဲ'

ဆရာဖုန်းက ပြောလိုက်တယ်။

'ဒီတော့ ဒီအမှုမှန်ပေါ်ပေါက်ရေးအတွက် ကျွန်မတို့

စုံစမ်းထောက်လှမ်းရမယ်'

နေခြည်က စိတ်အားတက်ကြွစွာ ပြောလိုက်တယ်။

'ဟုတ်တယ် နေခြည်၊ စုံစမ်းထောက်လှမ်းတဲ့နေရာမှာ

နေခြည်နဲ့ နဒီက အမျိုးသမီးတွေဖြစ်လေတော့ တတ်နိုင်

သမျှပဲ စုံစမ်းပါ၊ ကျွန်တော်က ဒီအသိုင်းအဝိုင်းနဲ့ နီးစပ်

တော့ ကျွန်တော်ဟာ အမှုမှန်သိဖို့ လှုပ်ရှားမယ်'

'ဆရာဖုန်းက အလုပ်တွေများတော့ ဖြစ်ပါ့မလား'

'အလုပ်ဆိုတာ မသေမချင်း လုပ်ရတာပါ၊ အရေးကိစ္စ

ကြုံလာတော့ ကျွန်တော့်လက်ထောက် ကိုဦးနဲ့ ထွဲပေး

လိုက်မယ်၊ ဒီကေ့(စ်)ရဲ့ အမှန်တရားကို ဖော်ထုတ်



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ဒါမှ ကိုဒေအတွက်ရော သဥ္ဇာအတွက်ပါ တရားမျှတမယ်'

'ဟုတ်တယ် ဆရာဖုန်း'

ဆရာဖုန်းစကားကို ကျွန်မတို့နှစ်ယောက်စလုံး လက်ခံခဲ့ကြတယ်။

✽ ✽ ✽

ကျွန်မတို့နှစ်ယောက်ဟာ စတင်လှုပ်ရှားခဲ့ကြတယ်။

ပထမဦးစွာ စုံစမ်းရေးအစီအစဉ်အဖြစ် ဝင့်သဥ္ဇာရဲ့လက်ထောက် မြသန္တာဆီကို သွားခဲ့တယ်။

မြသန္တာဟာ လရိပ်ပြာမှာ အတူလိုက်ခဲ့သူမို့ ကျွန်မတို့ကို ကောင်းမွန်စွာဧည့်ခံခဲ့ကြတယ်။

'မသဥ္ဇာနဲ့ မင်းသားဟာ လျှို့ဝှက်တဲ့ကိစ္စတစ်ခု ရှိပုံရတယ်၊ ကျွန်မဟာ သူတို့နဲ့အတူ လိုက်တဲ့အခါတုန်းက သူတို့ မပြေမလည်ဖြစ်နေပုံရတယ်၊ မင်းသားက ဒေါသတကြီးနဲ့ပြောတာ တွေ့ရတယ်၊ မပြေလည်တဲ့အကြောင်းကြောင့်များ မင်းသားက မသဥ္ဇာကို သတ်လိုက်တာနေမှာ'





ဒါက မြသန္တာရဲ့ ထင်မြင်ယူဆချက်။

ဒီနောက်မှာတော့ အခင်းဖြစ်ပွားရာအနီးမှာရှိတဲ့ '.....' စားသောက်ဆိုင်က မန်နေဂျာဆီ ရောက်ခဲ့တယ်။

'မင်းသားဟာ အရင်ကတည်းက ကျွန်တော်တို့ဆိုင်မှာ စားနေကျ ဖောက်သည်တစ်ဦးပါ၊ ဒီဆိုင်မှာ အထာခေါင်း ဆောင်မင်းသမီး ဝင့်သဥ္ဇာနဲ့ နှစ်ခါ သုံးခါလောက်လာ စားတယ်၊ မင်းသားနဲ့ အဲဒီအမျိုးသမီးဟာ သိပ်ပြီး အစေးကပ်ပုံမရဘူး၊ ကြည့်ရတာ အချစ်ကြီးတော့ အမျက်ကြီးပုံရတယ်၊ ဒေါသအလျောက် သတ်လိုက်တယ်နဲ့တူပါတယ်၊ ဖမ်းမိချိန်မှာ လက်ထဲမှာ ဓားမြှောင်ထားတယ်တဲ့'

ကျွန်မတို့ရဲ့ ကြိုးစားမှုဟာ အချည်းနှီးဖြစ်ခဲ့တယ်။ ကိုဒေကို ကယ်တင်နိုင်မယ့်အကြောင်းအရာ တစ်ခုတလေမှ မရရှိခဲ့ဘူး။

ဆရာဖုန်းလည်း သူ့နည်းသူ့ဟန်နဲ့ စုံစမ်းနေပုံရတယ်၊ အကြောင်းမထူးသေးဘူး ထင်ပါရဲ့။ ဘာမှဆက်သွယ်ခြင်း မလုပ်ခဲ့ဘူး။

တစ်ပတ်ဆိုတဲ့အချိန်ဟာ တရွေ့ရွေ့ကုန်လွန်ခဲ့ဘယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုဒေအတွက် ကျွန်မ ရင်တုန်စွာ ခံစားနေရတယ်။

ဒီနေ့ ကိုဒေအတွက် စီရင်ချက်ချမယ့်နေ့။

ကိုဒေရဲ့ ကံကြမ္မာအဆုံးအဖြတ်ပေးမယ့်နေ့မို့ လွန်စွာ စိတ်တုန်လှုပ်ချောက်ချားနေမိတယ်။ တရားသူကြီးက ကိုဒေရဲ့ အမှုဖြစ်စဉ်အကျဉ်းကို ဖတ်ပြနေတယ်။

တရားခံဒေဝတာဟာ ဝင့်သဉ္ဇာနဲ့ ခင်မင်ရင်းနှီးသူဖြစ်ပြီး မကြာခဏ '.....' စားသောက်ဆိုင်မှာ စားသောက်ခဲ့ကြတယ်။

အခင်းဖြစ်ညက ပတ္တရောင်လှည့်စဉ် မသင်္ကာဖွယ်ရာ လူတစ်ယောက်ကို တွေ့ရှိခဲ့တဲ့အတွက် သွားရောက်ကြည့်ရာ ဓားမြှောင်ကို ကိုင်ထားသော တရားခံဒေဝတာကို တွေ့ရှိပြီး အနီးတွင် ဓားဒဏ်ရာနဲ့ သေဆုံးနေသည့် မဝင့်သဉ္ဇာကို တွေ့ရှိကြကြောင်း ရဲအရာရှိ ဦးအေးကျော်က ထွက်ဆိုသွားပေးသည်။

သက်သေများ ထွက်ချက်အရ တရားခံဟာ ဒေဝတာဟာ ဝင့်သဉ္ဇာနဲ့တွေ့ဆုံစဉ်မှာ ဒေါသတကြီးနဲ့ ဟိန်းဟောက်နေကြောင်း ထွက်ဆိုထားပါတယ်။

တရားခံဒေဝတာ၏ ထွက်ချက်အရ ၎င်းသည် မဝင့်သဉ္ဇာအား သတ်ခြင်းမပြုပါဟု ထွက်ဆိုသော်လည်း လုံလောက်သည့်သက်သေ မပြနိုင်။





တရားသူကြီး ဖတ်ပြသော အမှုဖြစ်စဉ်ကို ရင်တုန်စွာနဲ့ နားထောင်နေမိတယ်။

မကြာမီ အမိန့်ချမှတ်တော့မှာဖြစ်လို့ တစ်ကိုယ်လုံး တုန်ယင်နေတယ်။

အဲဒီအခါမှာ တရားသူကြီးက…

'အမိန့်'

လို့ ပြောလိုက်တဲ့အတွက် အမှုသည်အားလုံး မတ်တတ်ရပ်လိုက်ကြတယ်။

ကျွန်မမျက်လုံးတွေ ပြာဝေသွားတယ်။ ရင်ထဲမှာလည်း တဒိန်းဒိန်းခုန်နေတယ်။

အဲဒီအချိန်မှာ လူတစ်ယောက်နဲ့အတူ ဆရာမှန်း ရောက်ရှိလာတယ်။

ရှေ့နေကြီးကို ဘာတွေပြောလိုက်သလဲ မသိဘူး။ ရှေ့နေကြီးက…

'တရားသူကြီးခင်ဗျား… ဝင့်သဉ္ဇာအမှုနဲ့ပတ်သက်ပြီး အမှုမှန် ပေါ်ပေါက်ရေးအတွက် အရေးကြီးတဲ့ သက်သေ ရောက်ရှိလာတဲ့အတွက် စီရင်ချက်ချမှတ်ရေးကို ခေတ္တ ရပ်တန့်ပေးစေလိုပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေကြီးက ဒီလို လျှောက်လဲခဲ့တဲ့အတွက် ပရိသတ်ကြီးဟာ ဟင်ခနဲ ဟာခနဲ ဖြစ်သွားကြတယ်။

တရားသူကြီးက အရေးကြီးတဲ့ သက်သေကို လက်ခံလိုက်တဲ့အတွက် ထိုသူဟာ တရားသူကြီးရဲ့ ရှေ့မှောက်ကို ရောက်ပြီး သူသိသမျှ ထွက်ဆိုခဲ့ပါတယ်။

● ● ●

ဦးဘသိုက်။

ဒီပုဂ္ဂိုလ်ဟာ အပြင်ပန်းအားဖြင့် ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက်လို့ ထင်ရပေမယ့် ငွေရဖို့အတွက် ဘာမဆိုလုပ်တဲ့သူ။

တစ်နေ့မှာ သူနဲ့ ဒေဝတာ ငြိခဲ့တယ်။

ငြိပုံကလေးက သိမ်မွေ့လှပ်းတယ်။

ဦးဘသိုက်ဟာ အထူးသဖြင့် မူးယစ်ဆေးဝါး ရောင်းဝယ်ရေးကို အဓိကထားပြီး လုပ်ကိုင်သူတစ်ယောက်။

တပည့်တပန်းတွေကလည်း ဦးဘသိုက်ရဲ့ အမိန့်ကို အလွန်ကြောက်ရတယ်။ သူခိုင်းတာကို ဖီဆန်တဲ့သူဟာ နောက်တစ်နေ့မှာ လက်သည်မပေါ်ဘဲ သေဆုံးနေတာ တွေ့ရတယ်။





ဒါကြောင့် ဦးဘသိုက်ကို သူ့တပည့်တွေက 'သေမင်းတမန်'လို့ ခေါ်ခဲ့ကြတယ်။

တစ်နေ့ မြင်ဦးလွင်က ရုပ်ရှင်ရိုက်ပြီးအပြန် နှစ်ဆယ့်တစ်မိုင်စခန်းအနီးမှာ မင်းသားဒေဝတာရဲ့ကားကို ဦးဘသိုက်တပည့်တွေရဲ့ကားဟာ ကျော်တက်ရင်း အနည်းငယ်တိုက်မိသွားတယ်။

'မင်းတို့ကားဟာ ဒီလောက် လမ်းကျဉ်းမှာ ဘာကြောင့် ကျော်တက်ရသလဲ'

မင်းသားဒေဝတာက မေးလိုက်တယ်။

'ခင်ဗျားတို့က လိပ်ကားနှုန်းနဲ့ ရှေ့ကသွားနေတော့ ကျော်မတက်လို့မဖြစ်ဘူး'

တစ်ဖက်လူတွေက မခန့်လေးစားနဲ့ ပြန်ပြောလိုက်တယ်။

'အေး ... မင်းတို့ကျော်တက်တော့ ငါ့ကားကို ခြစ်မိသွားပြီ'

'ခြစ်မိတာပဲ ဆေးပြန်မှုတ်လိုက်ပေါ့'

'ဒါတော့ မင်းပြောမှလား၊ မင်းတို့ကြောင့် ဖြစ်ရတာ မင်းတို့ ပြန်လုပ်ပေးပေါ့'

ဒီလိုပြောရင်း ဒေဝတာက ကားပေါ်မှဆင်းလာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဘသိုက်ရဲ့ တပည့်တွေဟာ ဒေဝတာအနားလာပြီး…

'ရပါတယ်… ဘယ်လောက်ကျလဲ'

ပြောပြောဆိုဆို ဒေဝတာကို လက်သီးနဲ့ထိုးလိုက်တယ်။ မင်းသားဒေဝတာဟာ ဓာတ်ကြမ်းရိုက်တဲ့သူမို့ ဂျူဒို ကရာတေးကို ကျွမ်းကျင်စွာတတ်မြောက်တဲ့အတွက် သူတို့တို ပညာပေးလိုက်တယ်။ အလဲလဲအကွဲကွဲပဲ။

ဦးဘသိုက်ရဲ့ တပည့်တွေ ရေရေလည်လည် ခံလိုက်ရတယ်။ အဲဒီမှာ ပြည်သူ့ရဲတွေ ရောက်လာပြီး ကားထဲမှာရှာလိုက်တော့ သူတို့သယ်လာတဲ့ မူးယစ်ဆေးဝါးတွေ အကုန်မိသွားတယ်။ ဦးဘသိုက်ရဲ့ တပည့်တွေလည်း ထောင်ကျသွားခဲ့တယ်။

ဦးဘသိုက်ကတော့ အပွဲပွဲနွှဲလာသမျှ အခုလို လက်မှုးလက်ကြပ်မိပြီး ပစ္စည်းလည်းဆုံး၊ တပည့်တွေလည်း ထောင်ကျတဲ့အတွက် ယမ်းပုံမီးကျ ဖြစ်ခဲ့ရတယ်။

ဖြစ်နိုင်ရင် ဒေဝတာဆိုတဲ့လူကို အစိမ်းလိုက်တောင် ဝါးစားချင်ခဲ့တယ်။ နောက် ပရိဂ္ဂျူဆာတစ်ယောက်ရဲ့ အကူအညီနဲ့ ရုပ်ရှင်ရိုက်ဖို့ ငှားရမ်းခဲ့တယ်။ သူ့ရဲ့အစီအစဉ်ကတော့ ရိုက်ကွင်းမှာ ဒေဝတာကို ဒုက္ခပေးဖို့ ကြံရွယ်ခဲ့တယ်။ ဒါကို ဒေဝတာကသိပြီး သူ့ရဲ့ကမ်းလှမ်းမှုကို လက်မခံခဲ့ဘူး။





တစ်နေ့မှာ ဝင့်သဉ္ဇာနဲ့ ဦးဘသိုက်တို့ တွေ့ဆုံခဲ့တယ်။ ဝင့်သဉ္ဇာဟာ ဒေဝတာကို တစ်ဖက်သတ် နှစ်သက်ပေမယ့် ဒေဝတာက သူ့ကို မနှစ်သက်ခဲ့ဘူး။ နဂိုတည်းက ဒေဝတာဟာ မာနရှိသူတစ်ယောက်ဆိုတော့ ဝင့်သဉ္ဇာနဲ့ စကားပြောတာကအစ အဆင်မပြေခဲ့ဘူး။ ဒါကြောင့် ဝင့်သဉ္ဇာကလည်း ဒေဝတာကို မုန်းခဲ့တယ်။ ဒေဝတာကို ဘယ်လိုဒုက္ခပေးရမလဲဆိုတာ အမြဲစဉ်းစားနေခဲ့တယ်။ သူတို့နှစ်ဦး တွေ့ဆုံတဲ့အခါမှာတော့ ဒေဝတာကို ဘယ်လိုဖျက်ဆီးရမလဲဆိုတာ ပူးပေါင်းကြံစည်ခဲ့တယ်။

ဦးဘသိုက်ဟာ တပည့်တချို့ ထောင်ကျသွားတဲ့အတွက် နောက်ထပ် တပည့်သုံးယောက် ထပ်ခေါ်ခဲ့တယ်။ အဲဒီတပည့်ထဲမှာ အောင်ကျော်ဆိုတာ တစ်ယောက်အပါအဝင်ပေါ့။

ဒီအောင်ကျော်ဆိုတာက ဦးဘသိုက်ဆီကို အကြံနဲ့ဝင်လာတဲ့သူ။

သူက ရန်ကုန်သားမဟုတ်ဘူး။ နယ်က။

သူဟာ ရန်ကုန်ကို လာချင်လို့လာတာ မဟုတ်ဘူး။

ဂီတဝါသနာပါတဲ့ ညီမလေးဟာ ရန်ကုန်ကိုရောက်လာပြီး စားသောက်ဆိုင်တစ်ခုမှာ သီချင်းဆိုတယ်။

အဲဒီဆိုင်ဟာ ဦးဘသိုက်တို့အုပ်စု စတည်းချနေကြ။

www.burmeseclassic.com

www.burmeseclassic.com



အသံကောင်းပြီး ရုပ်ချောတယ်။ ငယ်ငယ်ရွယ်ရွယ် လှသွေးကြွယ်နေတဲ့ 'သန်းသန်းမာ'ကို စားနေကျကြောင်ဖားကြီး ဦးဘသိုက်က ဝါးမျိုလိုက်တယ်။ မကြာခင်မှာ ကိုယ်ဝန်ရှိလာတော့ သန်းသန်းဟာ ရှက်တဲ့စိတ်နဲ့ သူ့ကိုယ်သူ အဆုံးစီရင်သွားတယ်။

ဒါကို အစ်ကိုဖြစ်သူ အောင်ကျော်က အခဲမကျေဖြစ်ပြီး ဦးဘသိုက်ကို ဒုက္ခပေးဖို့ သူ့ဆီမှာ ခိုလှုံခဲ့တယ်။ ဒါကို ဦးဘသိုက်က မသိခဲ့ဘူး။

ဒါကြောင့် ဦးဘသိုက်နဲ့ ဝင့်သဉ္ဇာတို့ ဆွေးနွေးတာကို အားလုံးသိခဲ့တယ်။ ဝင့်သဉ္ဇာဟာ ဦးဘသိုက်ရဲ့ စည်းရုံးမှုကြောင့် မူးယစ်ဆေးဝါးတွေကို သယ်ယူပို့ဆောင်ပေးတဲ့ ဒုစရိုက်သားကောင် ဖြစ်ခဲ့တယ်။ သူကိုယ်တိုင်လည်း သုံးစွဲလာခဲ့တယ်။

သူတို့ရေးဆွဲထားတဲ့ အစီအစဉ်အတိုင်း ဝင့်သဉ္ဇာဟာ ဒေဝတာကို ရုပ်ရှင်ရိုက်ဖို့ကမ်းလှမ်းခဲ့တယ်။ ဒါကြောင့် ဒေဝတာ ရှိမယ့် စားသောက်နဆိုင်မှာ ရုပ်ရှင်ရိုက်ဖို့ ဆွေးနွေးခဲ့တာဖြစ်တယ်။

ပထမတော့ ဝင့်သဉ္ဇာကို ကောင်းကောင်းမွန်မွန် ဆက်ဆံခဲ့တယ်။ တကယ်တော့ ဒေဝတာက သူတို့အကြံကို မသိခဲ့ဘူး။





ဝင့်သဉ္ဇာနဲ့ တွဲပြီးမရိုက်လိုတာကြောင့် မရိုက်ဘူးလို့ ငြင်းပယ်ခဲ့တယ်။

ဒါကို ဝင့်သဉ္ဇာက အတင်းအကျပ် တွယ်ကပ်နေတဲ့ အတွက် ဒေါသတကြီး မောင်းထုတ်ပစ်တယ်။ ဝင့်သဉ္ဇာကလည်း စိတ်ဆိုးပြီး မလာတော့ဘူး။

ဒါပေမဲ့ ဝင့်သဉ္ဇာ တစ်ကွက်မှားတာရှိတယ်။ မူးယစ်ဆေးဝါးတွေကို ရောင်းပေးရင်း အဲဒီငွေတွေကိုမြင်တော့ လောဘ ရမ္မက်တက်လာတယ်။ ရောင်းရငွေရော အကျိုးအမြတ်ငွေတွေကို ပါ ပြန်မပေးတော့ဘဲ ဝင့်သဉ္ဇာဟာ ကိုယ်ယောင်ဖျောက်ခဲ့တယ်။

ခေါင်းတုံးပေါ် ထိပ်ကွက်ခံရမှန်း သိတဲ့အခါ ဦးဘသိုက် တစ်ယောက် ယမ်းပုံမီးကျ ဖြစ်ခဲ့တယ်။

သင်း ဘယ်ပြေးမလဲ ဝင့်သဉ္ဇာရယ်။

ဦးဘသိုက်ဟာ ခြေရာလည်းနောက် လူလည်းပျောက် သွားတဲ့ ဝင့်သဉ္ဇာကို နေရာအနှံ့အပြား လိုက်ရှာခဲ့တယ်။

ဝင့်သဉ္ဇာကပဲ ကံဆိုးလေသလား။

ဦးဘသိုက်ကပဲ ကံကောင်းလေသလား မပြောတတ်ပါ။

မမျှော်လင့်တဲ့အချိန် မမျှော်လင့်တဲ့နေရာဖြစ်တဲ့ ··· စားသောက်ဆိုင်အနားမှာ ဖျတ်ခနဲ တွေ့လိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဘသိုက်တို့လူစု ဝင့်သဉ္ဇာနောက်ကို အပြေးလိုက်ခဲ့တယ်။ ပြေးပြီ။ ဝင့်သဉ္ဇာ ပြေးပြီ။

ကြောင်တစ်အုပ်နဲ့ ကြွက်တစ်ကောင်ရဲ့ အခြေအနေ။

ဖမ်းမိသွားပြီ။

ဝင့်သဉ္ဇာကို သူတို့ ဖမ်းမိသွားခဲ့ပြီ။

အဲဒီနေရာက မီးရောင်ပျပျကလေး အလင်းလောက်သာ ရှိတဲ့ မမှောင်တမှောင် လမ်းကြား။

ဝင့်သဉ္ဇာကို အတင်းဖမ်းဆီးတဲ့အတွက် အသက်ဘေးက လွတ်အောင် အကြောက်အကန်ရုန်းကန်ခဲ့တယ်။

'ဒီလောက်တောင် ဒုက္ခပေးတဲ့မိန်းမ၊ ကဲကွာ...ကဲကွာ'

ဒေါသခိုးတွေ ဆူဝေနေတဲ့ ဦးဘသိုက်ဆိုတဲ့ ကျားနာဟာ ဝင့်သဉ္ဇာရဲ့ ကြောက်လန့်တကြား ရုန်းကန်မှုတွေကြောင့် ဘယ်လိုမှ စိတ်မထိန်းနိုင်တော့ဘဲ အသင့်ပါလာတဲ့ ဓားမြှောင်နဲ့ ထပ်ဆင့်ထပ်ဆင့်ထိုးရင်း နှုတ်ပိတ်လိုက်တယ်။

ဝင့်သဉ္ဇာဟာ နာလွန်းတာကတစ်ကြောင်း၊ လွတ်မြောက်ရန် မျှော်လင့်တာကတစ်ကြောင်းတို့ကြောင့် အော်ဟစ်လိုက်တယ်။

'ကယ်ကြပါဦးရှင်'

အကြောင်းတိုက်ဆိုင်ချင်တော့ ဒေဝတာဟာ '....'



စားသောက်ဆိုင်ကအပြန်မှာ အမျိုးသမီးတစ်ယောက်ရဲ့ နာကျင်ပြင်းပြတဲ့အော်သံကို ကြားလိုက်ရတယ်။

'ဟာ... ရုပ်ရှင်မင်းသား ဒေဝတာပါလား'

ဦးဘသိုက်ကို လှမ်းပြောလိုက်တယ်။

'ဒါဆို အတော်ပဲ၊ ဓားတန်းလန်းနဲ့သာထားခဲ့၊ ပြေးကြစို့'

ဦးဘသိုက်တို့လူစုဟာ အမှောင်ရိပ်အတွင်းသို့ ပြေးပုန်းရင်း ဒေဝတာရဲ့ အခြေအနေကို လှမ်းကြည့်နေကြတယ်။

အဲဒီအချိန်မှာ ဝင့်သဉ္ဇာဟာ အသက်ယဲ့ယဲ့ကလေး ရှူနေတယ်။

'ဟင်... ဝင့်သဉ္ဇာပါလား'

ဒေဝတာ အံ့အားသင့်သွားတယ်။

'ကိုဒေလားဟင်၊ ကိုဒေလား'

'ဟုတ်တယ် ဝင့်သဉ္ဇာ'

'သဉ္ဇာ မနေရတော့ဘူး ကိုဒေ'

'စိတ်တင်းထားပါ သဉ္ဇာ၊ ကိုဒေ ဆေးရုံကိုပို့ပေးမယ်'

'ဒီဓားကြီးက အခံရသိပ်ခက်တယ်၊ ဓားကို ဆွဲနုတ်ပေးပါလား ကိုဒေ'

'ဖြစ်ပါ့မလား သဉ္ဇာ'



www.burmeseclassic.com

www.burmeseclassic.com



'ဖြစ်ပါတယ်'

ဒေဝတာဟာ ဝင့်သဉ္ဇာဆီက ဓားကိုဆွဲအနုတ်မှာ သူမဟာ ငြိမ်သက်သွားတယ်။

အဲဒီအချိန်မှာ ပဗ္ဗာရောင်ရဲ့တွေရောက်လာပြီး ဖမ်းဆီးလိုက်တယ်။

အဲဒီအခါမှာ အမှောင်ရိပ်ထဲမှာပုန်းကြည့်နေတဲ့ ဦးဘသိုက်က…

'ကုသိုလ်ကံများ ကောင်းချင်တော့ ကျည်တစ်တောင်နဲ့ ငှက်နှစ်ကောင်ကို တစ်ပြိုင်နက်တည်း ပစ်လိုက်သလိုပဲ၊ ဒေဝတာဆိုတဲ့အကောင်ကို ဒုက္ခပေးချင်လွန်းလို့ ကြံစည်လိုက်ရတာ၊ အခုတော့ သေတဲ့လူကသေ၊ အဖမ်းခံရတဲ့သူက ဖမ်းခံရနဲ့ ကောင်းလိုက်တဲ့အကွက်ပဲ'

မှောင်ရိပ်ထဲက ဒုစရိုက်ခေါင်းဆောင် ဦးဘသိုက်ဟာ ဒီလို ကြိမ်းဝါးလိုက်တယ်။ အမှောင်ရိပ်ထဲမှ ဖြစ်ရပ်မှန်အားလုံးကို မျက်မြင်သက်သေအဖြစ် အောင်ကျော်က ထွက်ဆိုသွားခဲ့တယ်။

မျက်မြင်သက်သေ အောင်ကျော်ရဲ့ စစ်ချက်အရ ဒီကိစ္စနဲ့ပတ်သက်ပြီး ဒုစရိုက်ခေါင်းဆောင် ဦးဘသိုက်အပါအဝင်





လူဆိုးများကို ပြည်သူ့ရဲများက ဖမ်းဆီးစစ်ဆေးတဲ့အခါ အမှုမှန်ပေါ်ပေါက်ခဲ့တယ်။

ဒါကြောင့် ကိုဒေဟာ ဒီအမှုမှာ ကွင်းလုံးကျွတ် လွတ်မြောက်ခဲ့တယ်။ အမှုဖြစ်စက အထင်အမြင်သေးတဲ့ လူတွေဟာ အခုတော့ အမှန်တရားကို မြင်လာခဲ့ပြီ။

ဘဝမှန်တိုင်းရဲ့ မြင်းထန်တဲ့ရိုက်ချက်ကို အလူးလူးအလဲလဲ ခံစားပြီးချိန်မှာတော့ အေးမြလှတဲ့ လေညင်းကလေး တိုက်ခတ်ခဲ့ပြီ။

ကိုဒေရဲ့ လွတ်မြောက်မှုဟာ ကျွန်မရဲ့ အနိုင်းမဲ့ပျော်ရွှင်ခြင်းတွေ ဖြစ်တယ်။ ကျွန်မရဲ့ အပျော်ဆုံးနေ့တစ်နေ့လို့ ပြောရမှာပဲ။

ကိုဒေဟာ ချုပ်နှောင်ခြင်းအုတ်တံတိုင်းက လွတ်မြောက်ခဲ့ပြီ။

သတင်းကူနယ်များက သတင်းထောက်များဟာ ဓာတ်ပုံတဖျတ်ဖျတ်ရိုက်ပြီး ဝမ်းပန်းတသာ ကြိုဆိုခဲ့တယ်။

ကျွန်မ နေခြည်နဲ့ ဆရာဖုန်းဟာ ကိုဒေကို ပျော်ရွှင်တဲ့အပြုံးများနဲ့ ကြိုဆိုခဲ့တယ်။

ကိုဒေဟာ လွန်စွာပျော်ရွှင်တဲ့ အပြုံးကလေးနဲ့ ဆရာဖုန်း



www.burmeseclassic.com

www.burmeseclassic.com



ကို လက်ဆွဲနှုတ်ဆက်လိုက်တယ်။

'ဆရာရဲ့ ကြိုးစားမှုကြောင့် အခုလိုလွတ်မြောက်ရတဲ့အတွက် ဆရာဖုန်းကို အထူးပဲကျေးဇူးတင်ပါတယ်'

'ရပါတယ် ကိုဒေ၊ မိတ်ဆွေရင်းတစ်ယောက်အနေနဲ့ ဒုက္ခရောက်နေတဲ့ ကိုယ့်မိတ်ဆွေကို အစွမ်းကုန် ကူညီရမှာ ကျွန်တော်တို့ရဲ့ ဝတ္တရားပါ'

တကယ်တော့ ကိုဒေလွတ်မြောက်ဖို့ အမှန်တကယ် ကြိုးပမ်းသူဟာ ဆရာဖုန်းပါပဲ။

ဆရာဖုန်းဟာ စာပေသမားတစ်ယောက်လည်းဖြစ်ပြီး အပေါင်းအသင်းပေါများသူ။ ဆရာဖုန်းက ဝင့်သဉ္ဇာသေဆုံးမှုနဲ့ ပတ်သက်ပြီး စုံစမ်းတဲ့အခါ အောင်ကျော်နဲ့ တွေ့ဆုံခဲ့တယ်။

အောင်ကျော်ရဲ့ ပြောပြချက်အရ ဝင့်သဉ္ဇာကို တကယ် သတ်သူဟာ ဦးဘသိုက်မှန်း သိခဲ့ရတယ်။ ဒါကြောင့် ကိုဒေကို အမိန့်မချခင်မှာ အောင်ကျော်ကို တရားရုံးဆီကို အပါခေါ်နိုင်ခဲ့ပြီး အမှုမှန်ကို ထွက်ဆိုစေနိုင်ခဲ့တယ်။

ကျွန်မတို့အုပ်စုဟာ ကိုဒေကို သူ့အိမ်အရောက် ပို့ဆောင်ပေးခဲ့တယ်။

ကျွန်မတို့ရဲ့ စစ်မှန်တဲ့ စေတနာတရားရယ်။





ကိုဒေရဲ့ သူတစ်ပါးကို ကူညီချင်တဲ့စိတ်ရယ်။

အားလုံးပေါင်းလိုက်တဲ့အခါ ကောင်းမြတ်တဲ့ ကံကြမ္မာ အလှည့်ကို ရောက်လာခဲ့တယ်။

အများရဲ့အမြင်မှာ အထင်သေးခံခဲ့ရတဲ့ ကိုဒေဟာ အခုတော့ လူမှန်နေရာမှန် ပြန်ရောက်ခဲ့ပြီ။

✿ ✿ ✿

'နဒီ'

'ပြောပါ မောင်'

'မောင်တို့နှစ်ယောက်ရဲ့ ချစ်လမ်းခရီးဟာ ချောမွေ့မလို လိုနဲ့ ကြမ်းတမ်းခဲ့တယ်နော်'

'ဟုတ်ပါတယ် မောင်'

'ဝင့်သဉ္ဇာဟာ အလုပ်အကြောင်းပြပြီး မောင့်ဆီလာတာကို နဒီသိတော့ စိတ်မကောင်းဖြစ်ရတယ်နော်၊ နောက်ပြီး မောင် အမှုအခင်းဖြစ်တော့လည်း နဒီ စိတ်ဆင်းရဲရတယ်'

'ရပါတယ်၊ နဒီ ခံနိုင်ရည်ရှိပါတယ်'

'ဒါပေမဲ့ စိတ်ဆင်းရဲခဲ့ရတဲ့ နဒီကို မောင် စိတ်ချမ်းချမ်း သာသာ ထားချင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'မောင်နဲ့ အခုလို တွေ့နေရတာကိုပဲ နဒီ စိတ်ချမ်းသာနေပါပြီ'

'ဒီလိုမဟုတ်ဘူး နဒီ'

'ဒါဆို ဘယ်လိုထားမှာလဲ'

'နဒီကို တစ်သက်လုံး မောင့်ရင်ခွင်မှာထားပြီး စိတ်ချမ်းသာအောင် ပြုစုမယ်၊ ပင်ပန်းခဲ့သမျှ အကိုးချဉ်းချစ်လေး အေးချမ်းအောင် ထားပါ့မယ်'

'သြော်... မောင်ရယ်'

'မောင် တကယ်ပြောတာပါ၊ အခုလို ကားရိုက်နားနေတဲ့အချိန်မှာ မောင် နဒီကို လက်ထပ်မယ်၊ ပြီးရင် ဟန်းနီးမွန်းထွက်မယ်'

'မောင်ရယ်... အချိန်စောပါသေးတယ်'

'စောပါသေးတယ် မလုပ်နဲ့၊ မသေလို့တွေ့ရတာ ကံကောင်းတယ်မှတ်'

'ဖွ... ဖွ... လွဲပါစေ၊ ဖယ်ပါစေ၊ မောင်က ဘာတွေလျှောက်ပြောမှန်းမသိဘူး'

'မောင် တကယ်ပြောတာပါ၊ တကယ်လို့ မောင်သာ သေမိန့်ကျခဲ့ရင် နဒီနဲ့ တစ်သက်လုံးဝေးပြီ'





'မောင်ပြောတာလည်း ဟုတ်ပါတယ်'

ကျွန်မက မောင့်ပခုံးလေးကိုမှီရင်း ပြောလိုက်တယ်။

'မောင်ရယ်... ကျွန်မလည်း ရှင့်ရဲ့ နွေးထွေးတဲ့ရင်ခွင်မှာ ထာဝရနားခိုချင်တာပေါ့၊ ဒါပေမဲ့...'

'ဒါပေမဲ့တွေ ဘာတွေ လုပ်မနေနဲ့တော့ နဒီ၊ မောင်တို့ အတူတူနေရအောင်ကွာ'

'ဒါဆိုရင် မေမေ့ကို လာပြောပေါ့'

'ဘာလဲ နဒီ၊ 'ကျွန်မကိုချစ်ရင် အမေ့ကို ပြောပါရှင်' ဆိုတဲ့ သီချင်းလိုပဲလား'

'မှန်တာပေါ့ မောင်၊ ကျွန်မဟာ အုပ်ထိန်းသူ အမေရှိတဲ့ မြန်မာအမျိုးသမီးလေ၊ မိန်းကလေးရှင်ကို တင်ပြတောင်းခံရမှာ အမျိုးသားရဲ့တာဝန်ပဲ'

'ကောင်းပါပြီဗျာ... မောင် နဒီ မေမေ့ဆီကို လူကြီးစုံရာနဲ့လာပြီး တောင်းရမ်းပါ့မယ်'

'ကောင်းပါပြီ'

'နဒီ မေမေ့ကို ကြိုပြီးပြောပြထားပေးနော်'

'ကောင်းပါပြီတဲ့ရှင်'

'ဒါဆို မောင် ပြန်ဦးမယ်'



www.burmeseclassic.com

www.burmeseclassic.com



ကိုဒေက ကျွန်မကိုနှုတ်ဆက်ပြီး ပြန်သွားခဲ့တယ်။

မျှားမကြာမီမှာ ကိုဒေနဲ့ ကျွန်မ စေ့စပ်ကြောင်းလမ်းဖြစ်ခဲ့တယ်။

စေ့စပ်ကြောင်းလမ်းခြင်း အခမ်းအနားမှာ နေခြည်အပါအဝင် ဒေါက်တာကြီးဇော်မောင်နဲ့ ဆရာဖုန်းတို့ တက်ရောက်ခဲ့ကြတယ်။

နေခြည်က ကျွန်မကိုယ်ကလေးကို ဖက်ပြီး···

'သူငယ်ချင်းရယ်··· ငါ အရမ်းဝမ်းသာတာပဲ၊ တကယ်ကို အရမ်းဝမ်းသာတယ်'

'ကျေးဇူးတင်ပါတယ် နေခြည်ရယ်'

ကျွန်မကလည်း သူ့ကိုပြန်ဖက်ရင်း ပြောလိုက်တယ်။

ဒီအခမ်းအနားမှာ ဒေါက်တာ ဦးမုတ်သုန်က စေ့စပ်ကြောင်းလမ်းခြင်း မင်္ဂလာပွဲကို ဦးဆောင်ပြီး ပြီးမြောက်အောင်ဆောင်ရွက်ပေးခဲ့တယ်။

ရင်ထဲ အသည်းထဲက လှိုက်လှိုက်လှဲလှဲ အားပေးသူများကတော့ နေခြည်နဲ့ ဆရာဖုန်းတို့ပါပဲ။

ကျွန်မတို့နှစ်ယောက်ရဲ့ အကောင်းဆုံးမိတ်ဆွေတွေပါပဲ။

မျှားမကြာမီမှာ ရုပ်ရှင်မင်းသား ဒေဝတာနဲ့ ကျွန်မ ယှဉ်း





နဒီတို့ရဲ့ မင်္ဂလာပွဲကြီး ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့ကြတယ်။

ကျင်းပတဲ့နေရာကတော့ ကျွန်မတို့နှစ်ဦး စတင်ခင်မင်ရင်းနှီးခဲ့ကြတဲ့ 'လရိပ်ပြာကြီး'ပေါ်မှာ။

ဒီလရိပ်ပြာသင်္ဘောကြီးပေါ်မှာ မင်္ဂလာပွဲကို ဆင်နွှဲနိုင်ဖို့ နေခြည်က လက်ဖွဲ့ခဲ့တယ်။

လရိပ်ပြာကြီးဟာ နဂိုထက်ပိုပြီး လှပနေတယ်။

အခမ်းအနားမှာ လှပတဲ့ ဖဲကြိုးရောင်စုံရယ်၊ ပန်းပွင့်ပန်းခက်တွေနဲ့ တန်ဆာဆင်ထားတယ်။ အလွန်လှပတဲ့ အခန်းအဖြစ် နေခြည်က မွမ်းမံပေးထားတယ်။ ကျွန်မတို့ဟာ အရင်က လရိပ်ပြာမှာ ဆုံခဲ့ဖူးသူအားလုံးကို ဖိတ်ကြားခဲ့တယ်။

ညှို့သည်တော်တွေဟာ အနုပညာစာပေရပ်ဝန်းက အဖွဲ့တွေရယ်၊ ရုပ်ရှင်က အဖွဲ့သားတွေ စုံစုံညီညီနဲ့။

ဒန်ဆာအဖွဲ့က အဖွဲ့သူကလေးတွေနဲ့ လရိပ်ပြာမှာ ဆုံခဲ့ဖူးတဲ့သူအားလုံးပါ တက်ရောက်ကြတယ်။ စည်ကားလှတဲ့ မင်္ဂလာပွဲပါပဲ။ ကျွန်မတို့ရဲ့ မင်္ဂလာပွဲဟာ မြန်မာဆန်ဆန်ပွဲကလေးတစ်ပွဲဖြစ်တယ်။

'ဒေဝတာနဲ့ ယှဉ်းနဒီဟာ နေနဲ့လ ရွှေနဲ့မြလို အတွဲညီလှပေတယ်'



www.burmeseclassic.com

www.burmeseclassic.com



ကြွရောက်လာတဲ့ ပရိသတ်ရဲ့ တီးတိုးသံတွေကို ကြားနေရတယ်။ မင်္ဂလာစင်မြင့်ပေါ်က တေးသံကလေးကို ကြားလိုက်ရတယ်။

'အခါတော် ××× ပေးတာက ××× နှတ်ရေးငယ်ရှေ့စာ

ကျွန်မ ကိုဒေရဲ့ လက်ကလေးကိုချိတ်ပြီး ဖြည်းညင်းတဲ့ ခြေလှမ်းလှမ်းရင်း မင်္ဂလာစင်မြင့်ဆီသို့ တရွေ့ရွေ့လှမ်းလာခဲ့တယ်။

ကျွန်မသိပ်ချစ်ရတဲ့သူနဲ့ လက်ထပ်တဲ့လူဟာ တစ်ယောက်တည်းဖြစ်နေတဲ့အတွက် ကျွန်မ ဒီနေ့ အရမ်းပျော်ခဲ့တယ်။

မင်္ဂလာစင်မြင့်ပေါ်မှာ မင်္ဂလာသြဘာစာ ဖတ်ကြားပြီး မင်္ဂလာအခမ်းအနားကို ဖွင့်လှစ်ခဲ့တယ်။

ပရိသတ်အများစုက ကျွန်မကို 'ကံကောင်းတဲ့သူ' တဲ့။

ကိုဒေကလည်း ကျွန်မကိုပြောတယ်။

'ဒီလေးဟာ အရမ်းကံကောင်းတဲ့သူပဲ၊ အဲဒါ ဒီလေးရဲ့ စစ်မှန်တဲ့စေတနာကြောင့်ပဲ၊ နောက်ပြီး မောင်က ဒီလေးကို အရမ်းချစ်တယ်'

ပြောပြောဆိုဆို ကိုဒေက ကျွန်မကို ရေခဲမုန့်ခွံ့ကျွေးရင်း ပြောလိုက်တယ်။





ပရိသတ်တွေရဲ့အကြားမှာ ဒါရိုက်တာကြီးတို့ ဖနီးမောင်နှံ နေခြည်နဲ့ သူငယ်ချင်းအုပ်စုရယ်၊ စားပွဲတစ်ခုမှာ သီးခြားထိုင်နေတဲ့ ဆရာဖုန်း စတဲ့ မိတ်ဆွေကောင်းတွေဟာ ကျွန်မတို့ကို ကြည့်နေကြတယ်။

ကျွန်မက ကိုဒေကို ရေခဲမုန့်ပြန်ခွံ့ကျွေးချိန်မှာ သူတို့ဟာ ဖာတ်တိုက်ထားသလို လက်ခုပ်တီးပြီး ကျွန်မတို့ရဲ့ ကြည်နူးမှုကို အသိအမှတ်ပြုခဲ့ကြတယ်။

ဆရာဖုန်းကို ကျွန်မ လှမ်းကြည့်လိုက်တဲ့အခါ သူက အပြုံးကလေးနဲ့ ခေါင်းညိတ်ပြလိုက်တယ်။ သူ့ရဲ့အပြုံးကို ကျွန်မ ကောင်းစွာနားလည်လိုက်တယ်။ သူဟာ ကျွန်မနဲ့ ကိုဒေတို့ရဲ့ အချစ်ပန်းကလေး အခုလို လန်းဆန်းစေဖို့ အပင်ပန်းခံ၊ အနစ်နာခံပြီး ရေလောင်းပေါင်းသင်ခဲ့တဲ့ ဥယျာဉ်မှူးလိုဘဝမျိုးကို ခံယူထားသူ။

ကိုယ်ချစ်တဲ့သူတစ်ယောက် ဝမ်းသာကြည်နူးမှုအတွက် စွန့်လွှတ်စွန့်စားပြီး ကူညီခဲ့သူ။

အသည်းကွဲခံပြီး ချစ်သူကို ပြုံးရယ်အောင် ပြုစုစေခဲ့တဲ့သူ။ ပုစဉ်းရင်ကွဲတစ်ကောင်လို အဖြစ်မျိုးနဲ့ ကျန်ရစ်ခဲ့တဲ့သူ။ အားလုံးသိနေတော့ ကျွန်မ စိတ်မကောင်းဖြစ်ခဲ့တယ်။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမတတ်နိုင်တဲ့ဘဝမှာ။

မကြာခင်မှာ ကျွန်မတို့ရဲ့ မင်္ဂလာပွဲ ပြီးဆုံးသွားခဲ့တယ်။

ကျွန်မနှစ်ဦးသားဟာ မင်္ဂလာတိုက်သစ်ကလေးဆီကို သွားရောက်ခဲ့တယ်။ လရိပ်ပြာကြီးမှာ စတင်ခင်မင်ရင်းနှီးခဲ့တဲ့ ကောင်းကင်ဆန်တဲ့ လူတစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာတွေ။

ကြင်နာခြင်း အနမ်းမိုးတွေနဲ့အတူ ရွှေရောင်အနာဂတ် ခရီးဆီသို့ ချမ်းမြေ့စွာ လျှောက်လှမ်းခဲ့ပါတော့တယ်။

***စာဖတ်သူများ ကြည်နူးချမ်းမြေ့နိုင်ပါစေ***

မြမှူးခင်ခင်



# ဂမ္ဘီရစာရေးဆရာမကြီး ရီရီဌေး

**ဆက်လက်လုံးချင်းဝတ္ထုများ**

၁။ ရေခဲတောင်ဝန်းကျင်နှင့် လူစွန့်စားရဲ့ခေါင်
စာမူခွင့်ပြုချက်အမှတ် - ၅၀၁၄၀၄၁၁၀၇

၂။ ပန်းဒါရူ၏ချစ်သူ
စာမူခွင့်ပြုချက်အမှတ် - ၅၀၀၅၂၀၁၁၀၇

၃။ လူးရတနာသိုက်
စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၇၈၁၁၀၇

၄။ မြေမြှုပ်နန်းရှင်သခင်မ
စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၂၈၁၁၀၇

* ***မကြာမီ ထွက်ရှိမည်။***



www.burmeseclassic.com